# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ ဒုတိယဝါဆိုလပြည့်ကျော် (၂)ရက် ၊ သောကြာနေ့ ၊ (31-7-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၉၂)


ဒို့တာဝန်အရေးသုံးပါး

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် တိုကျိုမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုးပီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. Daba Debele Hunde လာရောက်ဂါရဝပြု တွေ့ဆုံစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ တိုကျိုမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုးပီးယားနိုင်ငံ သံအမတ်ကြီးက လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် တိုကျိုမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုးပီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Daba Debele Hunde ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ဧည့်ခန်းမ၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူတို့တက်ရောက်ကြပြီး တိုကျိုမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုးပီးယားနိုင်ငံ သံအမတ်ကြီးနှင့်အတူ သံအမတ်ကြီး၏ဇနီး အီသီယိုးပီးယားနိုင်ငံ၏ အောက်လွှတ်တော်အမတ်နှင့်

စာမျက်နှာ ၁၀ ကော်လံ ၁

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ ပြည့် နိုင်ငံတော်အခြေပြ မိန့်ခွန်းပြောကြားမည်

နေပြည်တော် ဇူလိုင် ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်မှ ၂၀၂၆ ခုနှစ် ဇူလိုင် ၃၁ ရက်တွင်ကျင်းပမည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့အစီအစဉ်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား တက်ရောက်မိန့်ခွန်းပြောကြားပေးနိုင်ရန်အတွက် သဝဏ်လွှာပေးပို့ဖိတ်ကြားမှုအရ နိုင်ငံတော်သမ္မတသည် အဆိုပါပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ပြီး နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်းပြောကြားမည်ဖြစ်ပါသည်။

အဆိုပါနိုင်ငံတော်သမ္မတ၏ နိုင်ငံတော်အစိုးရ ရက် ၁၀၀ ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်းပြောကြားမှုကို တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယနေ့ပုံမှန်အစည်းအဝေးကျင်းပမည့် ဇူလိုင် ၃၁ ရက် နံနက် ၁၀ နာရီမှစတင်ပြီး MRTV – HD၊ MRTV – News၊ MRTV – Parliament၊ MRTV–Farmers'၊ MWD – HD၊ MWD–Variety ရုပ်သံလိုင်းများနှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM ရေဒီယိုတို့တွင် တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းနှင့်ပြန်ကြားရေးဇုန်ရုံး
နိုင်ငံတော်သမ္မတရုံး

## ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ၂၅ နှစ်မြောက်ငွေရတု အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

စာမျက်နှာ – ၁၉

## မိမိပိုင်ယာဉ်နံပါတ်ဖြင့် အခြားသူများက မသမာသောနည်းလမ်းအသုံးပြု၍ စက်သုံးဆီဝယ်ယူခြင်းခံရသည့် ယာဉ်ပိုင်ရှင်များအတွက် စက်သုံးဆီဝယ်ယူခွင့် QR Code အသစ်ထုတ်ပေးရေး ဆောင်ရွက်မည့်လုပ်ငန်းစဉ် အသိပေးထုတ်ပြန်ခြင်း


၁။ မိမိပိုင်ယာဉ်နံပါတ်ဖြင့် အခြားသူများက မသမာသော နည်းလမ်းအသုံးပြု၍ စက်သုံးဆီဝယ်ယူခြင်းခံရသည့် ယာဉ်ပိုင်ရှင်များအနေဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများသို့ စက်သုံးဆီဝယ်ယူခွင့် QR Code အသစ်ထုတ်ပေးနိုင်ရေး အောက်ဖော်ပြပါအထောက်အထားများနှင့်အတူ လျှောက်ထားရမည်ဖြစ်ပါသည်–

(က) မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်အစစ်အမှန်ဖြစ်ကြောင်း သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ထောက်ခံချက်မူရင်း၊

( ခ ) မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်မိတ္တူ(Colour)၊

စာမျက်နှာ ၂၆ ကော်လံ ၄

## တိုင်းဒေသကြီး၊ ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန WRF မော်ဒယ်လ်၏ဇူလိုင်၂၉ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲ အချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၃ ရက်ထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ။

နေပြည်တော် ဇူလိုင် ၃၀

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊

စာမျက်နှာ ၁၀ ကော်လံ ၁

ရတနာပုံ
၂၀၂၆ ခုနှစ် ဇူလိုင် ၁၁ ရက်

အယ်ဒီတာ့အာဘော်

# ခရီးသွားပြည်သူများအားထားရာ မြန်မာ့မီးရထား

မီးရထားသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ပြည်သူများ ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းပိုင်းများကို တိုးချဲ့ဆောင်ရွက်ထားသဖြင့် ရထားစီးခရီးသွားများ ကုန်ကျစရိတ်သက်သာပြီး စိတ်ချမ်းသာမှုကို ဖြစ်စေသောကြောင့် ခရီးသွားပြည်သူအများအပြားစီးနင်းလာကြသည်ကို တွေ့ရပေသည်။

နိုင်ငံတော်အစိုးရက ပြည်သူများခရီးသွားဝန်ဆောင်မှုအတွက် အားထားနိုင်ရေး မြန်မာ့မီးရထားကို အဓိကရထားလမ်းပိုင်းများ အဆင့်ဆင့်မြှင့်တင်ခြင်း၊ လူစီးတွဲများကို အစားထိုးခုတ်မောင်းပြေးဆွဲပေးခြင်း၊ ရထားများ အချိန်မှန်ပြေးဆွဲခြင်းတို့ကို ဆောင်ရွက်ပေးထားသည်။ ထို့ကြောင့် ကုန်စည်များပို့ဆောင်ရာတွင် အလွယ်တကူသယ်ယူပို့ဆောင်နိုင်ခြင်း၊ လုံခြုံစိတ်ချရခြင်း၊ အချိန်မီရောက်ရှိခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း စသည်တို့ကြောင့် ပြည်သူများသည် ခရီးသွားဝန်ဆောင်မှုများအတွက် မြန်မာ့မီးရထားကို အားထားနေရခြင်းဖြစ်သည်။

**"ရထားပို့ဆောင်ရေးသည် လူအများအပြားအသုံးပြုကြသည်ဖြစ်သဖြင့် ထွက်ခွာချိန်၊ ဆိုက်ရောက်ချိန်များတိကျမှန်ကန်မှုရှိစေရေး စနစ်တကျဆောင်ရွက်သွားကြရန်လိုကြောင်း၊ လူစီးရထားတွဲများကို အမြဲသန့်ရှင်းသပ်ရပ်မှုရှိနေစေရေးနှင့် ခရီးသည်များ စည်းကမ်းရှိရှိစီးနင်းလိုက်ပါနိုင်ရေး၊ အဆင့်မီမီ သက်သောင့်သက်သာစီးနင်းအသုံးပြုနိုင်ရေး ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း"** ဇူလိုင် ၂၈ ရက်တွင် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားဒီဇယ်စက်ခေါင်းရုံ(မလွှကုန်း)သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သွားရောက်ကြည့်ရှုစစ်ဆေးစဉ် မှာကြားခဲ့သည်။

ရထားပို့ဆောင်ရေးလုပ်ငန်းသည် ခရီးသည်များစွာကို အစုအပြုံလိုက်တစ်နေရာမှ တစ်နေရာသို့ ပို့ဆောင်နိုင်စွမ်းရှိသော သယ်ယူပို့ဆောင်ရေးနည်းလမ်းဖြစ်သည်။ ရထားပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံအတွင်း ဒေသအသီးသီးကို လွှမ်းခြုံဆောင်ရွက်နိုင်ခြင်း၊ ခရီးဝေးပို့ဆောင်မှုများအတွက် စျေးသက်သာခြင်း၊ အလွန်များပြားသောကုန်စည်များကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းပို့ဆောင်ရန် အသင့်လျော်ဆုံးသောလုပ်ငန်းဖြစ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုသက်သာခြင်း စသည်တို့ကြောင့် အခြားသောပို့ဆောင်မှုနည်းလမ်းများထက် ပိုမိုလုံခြုံမှုရှိသောပို့ဆောင်ရေးနည်းလမ်းတစ်ခုဖြစ်သည်။

ထို့ပြင် ရထားပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံအတွက် အရေးကြီးသောလုပ်ငန်းဖြစ်ခြင်း၊ လောင်စာဆီသုံးစွဲနှုန်းသက်သာသဖြင့် လေထုညစ်ညမ်းမှုနှင့်သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို လျော့ပါးစေခြင်း၊ ခရီးသည်အမြောက်အမြားသယ်ယူပို့ဆောင်နိုင်သဖြင့် ယာဉ်ကြောကျပ်တည်းမှုဖြစ်ပေါ်နေသော မြို့ကြီးများအတွက် မဖြစ်မနေအသုံးပြုသင့်သော ပို့ဆောင်ရေးစနစ်တစ်ခုဖြစ်ပေသည်။

မြန်မာ့မီးရထားအနေဖြင့် ရထားခရီးစဉ်များကို တိုးချဲ့ပြေးဆွဲပေးနေသကဲ့သို့ ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းများဖြင့် ပြေးဆွဲပေးနေသည့်အပြင် ရထားအမြန်နှုန်းကိုပါ မြှင့်တင်ထားသောကြောင့် ကြာချိန်လျော့နည်းသွားပြီး ရထားစီးခရီးသည်များ လိုရာခရီးကိုအနှောင့်အယှက်ကင်း စိတ်ချမ်းမြေ့စွာဖြင့် သွားလာရောက်ရှိနိုင်သည်ဖြစ်ပေရာ ခရီးသွားပြည်သူများအားထားရသည့် မြန်မာ့မီးရထားပို့ဆောင်ရေးစနစ်တစ်ခုပင်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၇၇၈၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**တန့်ဆည် ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၇၇၈၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၇၁၅၇ ဧက၊ ဖူးစားပြောင်း ၁၀၁၆ ဧက စုစုပေါင်း ၈၁၇၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၅၈၆၅ ဧကနှင့် ဖူးစားပြောင်း ၁၉၂၃ ဧက စုစုပေါင်း ၇၇၈၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ ပြောင်းဧက ၈၀၀၀ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၇၇၈၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက် ပေးနေပါတယ်။ ပြောင်းတွေဖြစ်ထွန်းအောင်မြင်ဖို့ အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက်ခရမ်းသီးများ အရောင်းအဝယ် ကောင်းမွန်နေ



**ကျောင်းကုန်း ဇူလိုင် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက်ခရမ်းသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေအောင်က ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက်ခရမ်းသီးများ ယခုနှစ် ဇူလိုင်လ ဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသည့် ခရမ်းသီးများ တစ်ရက်လျှင် အလုံးရေ ၄၀၀၀၀ မှ ၅၅၀၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ်ကနေ ထွက်ရှိတဲ့ခရမ်းသီးတွေကို အခြားဒေသ ကုန်စိမ်းစျေးကွက် ဝယ်လက်တွေက အဝယ်များနေပါတယ်။ ကျောင်းကုန်းမြို့နယ်ကနေ ခရမ်းသီးတွေ တစ်ရက်ကို အလုံးရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနေရပါတယ်။ ဒေသထွက် ခရမ်းသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်တာ တွေ့ရပါတယ်။ လက်ရှိ ခရမ်းအဝိုင်းသီးကော အရှည်သီးပါ နှစ်မျိုးစလုံး အရောင်းအဝယ် ကောင်းမွန်နေပါတယ်"ဟု ကျောင်းကုန်းမြို့နယ် ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေအောင်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် အရောင်းအဝယ် ကောင်းမွန်နေသည့် ခရမ်းသီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၃၀၀၀ ထိ ပေါက်စျေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စဉ့်ကိုင်မြို့နယ် ပေါက်ရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကိုင် ဇူလိုင် ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်ရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ပေါက်ရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ပေါက်ရွာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၂၄ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ် ၈ ဒသမ ၆၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၂ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၁ ဦးကို ရန်ပုံငွေကျပ် ၃၄ ဒသမ ၉၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# သာစည်မြို့နယ် လှိုင်းတက်ကျေးရွာ၌ ခေတ်မီစံပြကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**သာစည် ဇူလိုင် ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခေတ်မီစံပြကျေးရွာစီမံကိန်း (Smart Village) အကောင်အထည်ဖော်ဆောင်ရွက်မည့် လှိုင်းတက်ကျေးရွာအုပ်စု လှိုင်းတက်ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ခေတ်မီစံပြကျေးရွာစီမံကိန်း (Smart Village) ၏ရည်ရွယ်ချက်များ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ် အဆင့်ဆင့်ကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အကြောင်းအရာများ၊ နှစ်အလိုက် ဦးစားပေးလုပ်ငန်းများ၊ ရွေးချယ်နိုင်ရန် ဆွေးနွေးခြင်းများကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်က စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့် အချက်များ၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များ ရပိုင်ခွင့်များကို ဆွေးနွေးပြောကြားကာ အစည်းအဝေး တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် ၁၁ ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

လှိုင်းတက်ကျေးရွာ၌ ခေတ်မီစံပြကျေးရွာစီမံကိန်း (Smart Village)ဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ပြောပြ၍ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် အမရပူရမြို့ လေးစုရပ်နေ ဦးဉာဏ်စိုး ဒေါ် ဦးဇော်ဇော်ဦး-ဒေါ်မြင့်မြင့်ရီမိသားစုက မိဘများဖြစ်ကြသော ဦးမြင့်သိန်း-ဒေါ်အမာတင်တို့အားရည်စူး၍ ငွေကျပ် ၁၂ သိန်း လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ပွင့်ဖြူမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**ပွင့်ဖြူ ဇူလိုင် ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးကေ ၁၂၂၀၀ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ဇွန်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ တစ်ကေလျှင် ၁၀၄ ဒသမ ၀၆ တင်း ထွက်ရှိကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ် နွေသီးနှံစိုက်ပျိုးရာသီမှာ စပါး ၁၂၂၀၀ ကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးစိုက်ခင်းတွေ လက်ရှိမှာ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးတဲ့ အချိန်မှာလဲ တောင်သူတွေ အခက်အခဲမရှိ အဆင်ပြေစွာ စိုက်ပျိုးနိုင်အောင်၊ အထွက်နှုန်းတွေ ကောင်းမွန်အောင် လိုအပ်တဲ့စိုက်ပျိုးရေးနည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေနဲ့ သွင်းအားစုတွေကို ပံ့ပိုးဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် စပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စပါးအရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်စေရေးအတွက် စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး အသိပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# အမရပူရမြို့နယ် ရတနာပုံတက္ကသိုလ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲကျင်းပ

**အမရပူရ ဇူလိုင် ၃၀**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာ ဦးစီးဌာနက ရတနာပုံတက္ကသိုလ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို ဇူလိုင်၂၉ ရက်က အဆိုပါတက္ကသိုလ်ရှိပြည်ထောင်စုခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဒုတိယပါမောက္ခချုပ်များ၊ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ မန္တလေးတိုင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့စု(မန္တလေး)မှတပ်ဖွဲ့စုမှူး ရဲမှူးသူဇာလွင်နှင့် အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မော်မော်စိုးက အမှာစကားနှင့် ဟောပြောပွဲ ကျင်းပပြုလုပ်ရသည့် ရည်ရွယ်ချက်တို့ကို ပြောကြားပြီး မန္တလေးတိုင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့စု(မန္တလေး)မှ တပ်ဖွဲ့စုမှူး ရဲမှူး သူဇာလွင်က လူကုန်ကူးခံရသူများ၊ အမျိုးသမီးများ၊ ကလေးသူငယ်နှင့်လူငယ်များကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် အကူအညီပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊ ပြစ်မှု၊ ပြစ်ဒဏ်များကို ဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ရဲမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာဝင်းနိုင်က ဟောပြောဆွေးနွေးပေးသည့် ရဲမှူးကို ဂုဏ်ပြုအမှတ်တရ လက်ဆောင် ပေးအပ်ခဲ့ကြောင်း သိရသည်။

လွှဲလွှဲခိုင်

# ကျောက်ပန်းတောင်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၄၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျောက်ပန်းတောင်း ဇူလိုင် ၃၀**

ရောဝတီတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၄၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောက်ပန်းတောင်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုချိုလင်းက ပြောပြ၍ သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်ပဲများ တင်ပို့ရောင်းချလျက်ရှိရာ မေလအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၄၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကျောက်ပန်းတောင်းမြို့နယ်ကနေ ပြီးခဲ့တဲ့လအတွင်း ရန်ကုန်ဈေးကွက်ကို မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၄၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ မတ်ပဲတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ မတ်ပဲတွေကို ပြည်ပဈေးကွက်က ဝယ်ယူအား ကောင်းလာတာကြောင့် ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းလာတာပါ။ မတ်ပဲနဲ့ ပဲတီစိမ်းတွေကို ပြည်ပဈေးကွက်အနေနဲ့ တရုတ်နိုင်ငံဘက်ကို အများဆုံးတင်ပို့ရောင်းချတာဖြစ်ပါတယ်။ အခုလို မတ်ပဲတွေအရောင်းအဝယ်ဖြစ်နေတော့ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တွေ အဆင်ပြေနေပါတယ်"ဟု ကျောက်ပန်းတောင်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုချိုလင်းက ပြောပြသည်။

ကျောက်ပန်းတောင်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချခဲ့သည့် မတ်ပဲ ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါ မတ်ပဲများ အရောင်းအဝယ်ကောင်းလာသည့်အတွက် မတ်ပဲစိုက်တောင်သူများ၊ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း ကျောက်ပန်းတောင်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုချိုလင်းက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



# စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများ ဖွင့်လှစ်သင်ကြားလာခဲ့သည်မှာ အရှိန်ပင် ရနေကြလေပြီ။ မိုးဆမ်းပန်းများအလား တက်ကြွလန်းဆန်းနေသော သူတို့ကလေးများကို ကြည့်ပြီး ပီတိဖြာနေကြရသည်။

မြို့နယ်အနှံ့တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မြို့နယ်စာရေးဆရာအသင်း၊ စာပေချစ်သူများအဖွဲ့ စသည်တို့နှင့်ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုများ၊ လူငယ်စာပေစကားဝိုင်းများ၊ စာပေပြိုင်ပွဲများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ ကျင်းပနေကြလေသည်။

နိုင်ငံတော်အနှံ့အပြားတွင် "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများ"ကို တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြရာတွင် ကျောင်းစာကြည့်တိုက်များလည်း အပါအဝင်ဖြစ်သည်။

ကျောင်းစာကြည့်တိုက်များဆိုရာတွင် အခြေခံပညာကျောင်းများဖြစ်ကြသော အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများနှင့် ကိုယ်ပိုင်ပညာသင်ကျောင်းများ ပါဝင်ကြသည်။ တက္ကသိုလ်၊ ကောလိပ်များတွင်လည်း ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားများ ကျင်းပနေကြသည်။ သည်နေရာတွင် တစ်ချိန်က အရှိန်အဟုန်ဖြင့်ဆောင်ရွက်ခဲ့ကြသော "စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာတတ်သူတိုင်းစာဖတ်ရေး" လှုပ်ရှားမှုများကို ပြန်လည်သတိရနေမိသည်။ ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပဗဟုသုတများ ရှာမှီးကြရေးအတွက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးကြစေရေးကို လှုံ့ဆော်ခဲ့ခြင်းဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း(MLF)နှင့် မြန်မာနိုင်ငံစာကြည့်တိုက်အသင်း(MLA)တို့ ပူးပေါင်းကျင်းပခဲ့ကြသည့် တတိယအကြိမ် မြန်မာနိုင်ငံစာကြည့်တိုက်မှူးများ ညီလာခံကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်မှ ၂၈ ရက်ထိ နှစ်ရက်တိတိအချိန်ပြည့် ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး (UMFCCI) ၌ ကျင်းပခဲ့သည်။

ထိုညီလာခံသို့ တစ်နိုင်ငံလုံးရှိ မြို့နယ်များနှင့် ကျေးရွာများမှ ရဟန်းရှင်လူ၊ စာကြည့်တိုက်မှူး ညီလာခံကိုယ်စားလှယ်များ၊ စာကြည့်တိုက်ဥက္ကဋ္ဌ ပရဟိတစေတနာရှင်များ၊ အသင်းကိုယ်စားလှယ်များ၊ ပြည်ပနိုင်ငံများမှ စာကြည့်တိုက်ဘွဲ့ရ၊ ဘွဲ့လွန်သမ္မာရင့် ကျွမ်းကျင်သူပညာရှင်များ၊ လေ့လာသူများ အင်အား ၃၀၀ ကျော် တက်ရောက်ဆွေးနွေးအကြံပေးခဲ့ကြသည်။

ပထမအကြိမ်ညီလာခံနှင့် ဒုတိယအကြိမ်ညီလာခံ၏ အတွေ့အကြုံများကို အခြေခံပြီး တတိယအကြိမ်ညီလာခံတွင် ဖတ်ကြားဆွေးနွေးတင်ပြသင့်သည့် စာတမ်းခုနစ်စောင်ကိုလည်း အလေးထားကာ ကြိုတင်ပြုစု ရေးသားခဲ့ကြသည်။ နယ်ပယ်အလွှာမျိုးစုံမှ ကျွမ်းကျင်ကြသူပညာရှင်များ ပါဝင်လာကြသည့်နှယ် လေ့လာစူးစမ်းမေးမြန်းဆွေးနွေးကြမည့် ပရဟိတစာကြည့်တိုက်မှူး ကြီးငယ်ရွယ်လတ်၊ရဟန်းရှင်လူများလည်း ပါဝင်တက်ရောက်လာခဲ့ကြသည် ဖြစ်ရာ ညီလာခံကျင်းပရေး ကော်မတီအနေဖြင့် မဆုတ်မနစ်သော ဖွဲ့ဝီရိယဖြင့် အစစအရာရာလိုလေသေးမရှိအောင် စွမ်းဆောင်ကြိုးပမ်းခဲ့ကြသည်။

စာကြည့်တိုက်ပညာရှင် ကိုးဦးက စာတမ်းတင်ဆွေးနွေးခဲ့ကြရာတွင် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)နှင့် ဒေါ်ချိုချိုတင်(ဆရာမ မစန္ဒာ)တို့က "စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက်များအခန်းကဏ္ဍ" စာတမ်း၊ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအမှုဆောင်ကော်မတီဝင် ဘာသာရေးဘွဲ့တံဆိပ်ရ၊ စီးပွားရေး စွမ်းဆောင်ရှင်၊ ပရဟိတစေတနာရှင် ဒေါ်အိကေသွယ်မင်းနှင့် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်နှင့် သုတပညာဌာနမှ ကထိက ဦးထွန်းအောင်ကျော်တို့က "ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ"စာတမ်းများကို တင်ပြဆွေးနွေးခဲ့ကြသည်။ ဗြိတိသျှကောင်စီစာကြည့်တိုက်မှ စာကြည့်တိုက်တာဝန်ခံ (စာကြည့်တိုက် ပညာကျွမ်းကျင်သူ) ဒေါ်မိုးမိုးစိုးက "စာကြည့်တိုက်နှင့် ပြည်သူလူထုအခန်းကဏ္ဍ"စာတမ်းများကို ဖတ်ကြားတင်သွင်းခဲ့ကြသည်။

**❖ မြို့နယ်အနှံ့တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မြို့နယ်စာရေးဆရာအသင်း၊ စာပေချစ်သူများအဖွဲ့ စသည်တို့နှင့် ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများ၊ လူငယ်စာပေစကားဝိုင်းများ၊ စာပေပြိုင်ပွဲများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ ကျင်းပနေကြလေသည်။ နိုင်ငံတော်အနှံ့အပြားတွင် "စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများ"ကို တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြရာတွင် ကျောင်းစာကြည့်တိုက်များလည်း အပါအဝင်ဖြစ်သည်။ ❖**

စာတမ်းတစ်စောင်ဖတ်ကြား ရှင်းလင်းတင်ပြပြီးတိုင်း တက်ရောက်လာကြသူများထဲမှ သုံးဦးစီ မေးမြန်းဆွေးနွေးခွင့်ပြုခဲ့သည်။ စာတမ်းအားလုံး ဖတ်ကြားရှင်းလင်းတင်ပြပြီးသောအခါ အစုအဖွဲ့ ခုနစ်ဖွဲ့ ဖွဲ့စည်းကာ တစ်ဖွဲ့ချင်းအလိုက် စာတမ်းခုနစ်စောင်၏အားသာချက်၊ အားနည်းချက်နှင့် အကြံပြုချက်များကို ကြီးကြပ်သူများ၏ရှေ့မှောက်တွင် ပွင့်လင်းရင်းနှီးစွာ၊ ဓမ္မဓိဋ္ဌာန်ကျကျ၊ ဝေဖန်ဆွေးနွေးအကြံပေးခဲ့ကြရသည်။ ထို့နောက် အဖွဲ့ခုနစ်ဖွဲ့၏ ဝေဖန်ဆွေးနွေးအကြံပေးချက်များကို ညီလာခံကိုယ်စားလှယ်အားလုံး၏ရှေ့မှောက်တွင် အဖွဲ့ခုနစ်ဖွဲ့၏ ကိုယ်စားလှယ်များက တက်ရောက်ဆွေးနွေးတင်ပြကြရသည်။ သူတို့ဝေဖန်ဆွေးနွေးအကြံပေး တင်ပြချက်များကို ကျွမ်းကျင်သူပညာရှင်များနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားမှုနှင့်အတူ မူဘောင်အတွင်းမှ ဆက်လက်ကြိုးပမ်းကြရမည့်လုပ်ငန်းစဉ်များကို နားလည်လက်ခံလာအောင် ရှင်းလင်းပေးခဲ့ကြရသည်။

"တတိယအကြိမ် မြန်မာနိုင်ငံစာကြည့်တိုက်မှူးများညီလာခံ"၏ ဂုဏ်ကျေးဇူးအထူးထူးအနက်၊ ရှေ့တန်းထွက်လာပြီး ထက်မြက်စူးရှစွာ၊ ဝေဖန်ဆွေးနွေး အကြံပေးတင်ပြမှု၊ အများဆုံးခံယူခဲ့ကြရသည့်စာတမ်းမှာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအခန်းကဏ္ဍပင်ဖြစ်သည်။

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်မှု အားနည်းနေခြင်းနှင့်ပတ်သက်၍-

(၁) စာကြည့်တိုက်အတွက်၊ ဘဏ္ဍာငွေ နည်းပါးခြင်း၊

(၂) ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီး အပါအဝင် ဆရာ၊ ဆရာမများ၏ စာကြည့်တိုက်ဗဟုသုတ နည်းပါးခြင်း၊

(၃) စာမေးပွဲဖြေဆိုနိုင်ရေးကို ဦးစားပေးနေကြသဖြင့် စာကြည့်တိုက်အသုံးပြုရန် အချိန်မပေးနိုင်ခြင်း၊

(၄) ကျူရှင်မျိုးစုံကို တက်နေကြရသဖြင့် စာကြည့်တိုက်ဘက်သို့ မရောက်နိုင်ကြခြင်း၊

(၅) စာကြည့်တိုက်ဆိုင်ရာ လက်စွဲစာအုပ်များ မရှိခြင်းဟူသော ဝေဖန်သုံးသပ်ချက်များ ထွက်ပေါ်လာခဲ့ကြသည်။

ထို့ပြင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက်-

(၁) ဘဏ္ဍာငွေ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ဝန်ကြီးဌာနနှင့် အလှူရှင်များထံမှ ရယူရန်၊

(၂) ကျွမ်းကျင်စာကြည့်တိုက်မှူးများ ထားရှိရန်၊ (ဆရာ၊ ဆရာမများကို စာကြည့်တိုက်မှူး သင်တန်းပေးရေး)

(၃) စာကြည့်တိုက်ဘာသာရပ်ကို တက္ကသိုလ်၊ ကောလိပ်များတွင် ပြဋ္ဌာန်းရန်၊

(၄) ကျောင်းစာသင်ချိန် အချိန်စာရင်းတွင် ကိုယ်လက်လှုပ်ရှားမှု (PT) ချိန် ကဲ့သို့ စာကြည့်တိုက်အသုံးပြုခွင့် အချိန်ပေးရန်၊

(၅) ကျောင်းသင်ခန်းစာများ ပို့ချကြရာတွင် သင်ကြားသည့် အကြောင်းအရာနှင့် ဆက်စပ်နေသည့် စာအုပ်များကို စာကြည့်တိုက်သို့ စေလွှတ်ဖတ်ကြားကြစေရန် (ဥပမာ- စာစီစာကုံးရေးသားရန်အတွက် ပြင်ပဗဟုသုတရစေမည့် စာအုပ်များကို ဖတ်ရှုလေ့လာစေရေးအတွက် လမ်းညွှန်ရန်)များ ဖြစ်သည်။

ထိုသို့ ဝေဖန်ဆွေးနွေးအကြံပေးတင်ပြချက်များ၏အနှစ်ချုပ်မှာ-

(၁) သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးအချို့၏ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းစာကြည့်တိုက်များအပေါ်ထားရှိကြသည့် စေတနာတရားခေါင်းပါးမှု နှင့် တာဝန်ယူလိုစိတ်ကင်းမဲ့မှု၊

(၂) ပညာရေးစနစ်၏သားကောင်များဖြစ်နေကြရှာသော ကျောင်းသား၊ ကျောင်းသူများမှာလည်း ပြင်ပဗဟုသုတစာပေများထက် ကျောင်းပြဋ္ဌာန်း သင်ခန်းစာများကိုသာ နေ့မအား ညမအား ကြက်တူရွေးစကားအတတ်သင်နေသကဲ့သို့ နှုတ်တိုက်ရွတ်ဆိုပြီး ဦးခေါင်းထဲ ဖွတ်သွတ်သွင်းနေကြရမှု၊

(၃) ကျန်းမာရေးလှုပ်ရှားမှု လုံးဝပြုလုပ်ချိန်မရကြဘဲ ကျောင်းနှင့်ကျူရှင် လွန်းပြန်ပြေးလွှားနေကြရသောကြောင့် စက်ရုပ်များသဖွယ်ဖြစ်နေမှု စသည့် ချို့ယွင်းအားနည်းချက်များကို ထောက်ပြကြပြီး အဓိကအားနည်းချက်မှာ ပညာရေးစီမံခန့်ခွဲမှုသာဖြစ်ကြောင်း မီးမောင်းထိုးပြသွားကြသည်။

စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းနှင့် အခြေခံပညာဦးစီးဌာနတို့ပူးတွဲပြီး ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ စာအုပ်ဖတ်ရှုလေ့လာမှုပြိုင်ပွဲ၊ ကျောင်းတွင်းစာပေဟောပြောပွဲ၊ စာအုပ်စာစောင်များ လှူဒါန်းပွဲ၊ ထူးချွန်ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပွဲ စသည့်လှုပ်ရှားမှုများကို အနယ်နယ်အရပ်ရပ်တွင် ၂၀၁၂ ခုနှစ်မှစ၍ ကျင်းပခဲ့သည်။

ထို့ပြင် ပြည်နယ်နှင့်တိုင်းအလိုက်၊ ခရိုင်နှင့်မြို့နယ်အလိုက် စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပွဲတော်များကို ဆက်လက်ကျင်းပခဲ့ကြသည်။ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း(MLA)ကလည်း ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်မှူးသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ စံမီကျောင်းစာကြည့်တိုက်များ တိုးပွားအောင်လူအား၊ အတတ်ပညာကျွမ်းကျင်မှုအား၊ ပစ္စည်းကိရိယာအင်အား၊ အကြံဉာဏ်အားတို့ဖြင့် ပံ့ပိုးကူညီခြင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လိုအပ်သည်များကို အထွေထွေကူညီခြင်း စသည်ဖြင့် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကူညီခဲ့ကြသည်။


ယခုအခါ ပညာရေးဝန်ကြီးဌာနကလည်း စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပံ့ပိုးလှုံ့ဆော်ပေးနေရာ သက်ဆိုင်ရာ တာဝန်ရှိသူများက စိတ်ပါဝင်စားစွာ လိုက်နာအကောင်အထည်ဖော်ပေးသင့်ကြသည်။

ဤနေရာတွင် ကွယ်လွန်သွားရှာသူ စာရေးဆရာဦးအောင်သင်း၏ ဟောပြောရေးသားမှုကို သတိရသွားပါသည်။ ဆရာဦးအောင်သင်းက "စာအုပ်တွေ စုတ်ပြဲပျောက်ဆုံးသွားမှာထက် အနာဂတ်မျိုးဆက်သစ် လူငယ်တွေရဲ့စိတ်ဓာတ် စုတ်ပြတ်သွားမှာကို မစိုးရိမ်ကြဘူးလား"ဟူ၍ပင်တည်း။

နိုင်ငံ့ခေါင်းဆောင်များနှင့် တာဝန်ရှိသူများက နိုင်ငံနှင့်လူမျိုးအတွက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး အလေးထားတွန်းအားပေး ဆောင်ရွက်နေချိန်တွင် မိဘ၊ ဆရာ၊ ကျောင်းသား၊ ကျောင်းသူများက တက်တက်ကြွကြွ ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

အချုပ်ဆိုရလျှင် နိုင်ငံ၏ အနာဂတ်သားကောင်းရတနာများ တိုးပွားထွန်းကားလာနိုင်ကြစေရေးအတွက် ရေရှည်အရေးကို မျှော်တွေးကြကာ ဆရာဇော်ဂျီ၏ "ပညာရှာသူ တို့ဝိုင်းကူ"ဟူသော ဆောင်ပုဒ်နှင့်အညီ တာဝန်ရှိကြသူများအနေဖြင့် စေတနာကိုယ်စီထားကြကာ ဝိုင်းဝန်းကူညီကြစေချင်ပါသည်။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၂၄၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၂၄၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၉၆၉၈ ကေစိုက်ပျိုးရန် လျာထားပြီး ယခုနှစ်မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ကေ ၁၅၈၀၊ ကနီမြို့နယ်တွင် ၃၉၉၁ ကေ၊ ဆားလင်းကြီးမြို့နယ်တွင် ကေ ၇၂၀ နှင့်ပုလဲမြို့နယ်တွင် ကေ ၉၅၀ စုစုပေါင်း ၇၂၄၁ ကေတို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ဟင်းသီးဟင်းရွက်ကေ ၁၉၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့မှာ ကေ ၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥစတဲ့ သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကိုGAPစနစ်နဲ့ စိုက်ပျိုးနိုင်အောင်ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေပေးနေပါတယ်" ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာမိုးက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၆၀၂၇ ကေ၊ ကနီမြို့နယ်တွင် ကေ ၆၅၅၀၊ ဆားလင်းကြီးမြို့နယ်တွင် ၅၅၆၇ ကေနှင့် ပုလဲမြို့နယ်တွင် ၁၅၅၄ ကေ စုစုပေါင်း ၁၉၆၉၈ ကေတို့ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့်ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာမိုးက ပြောပြ၍ သိရသည်။ (၂၀၆)

# ဥတ္တရသီရိမြို့နယ် ပန်းတင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဇူလိုင် ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုးစွေ ကျေးရွာအုပ်စု ပန်းတင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၅၁၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက်မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ပန်းတင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၆၇ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၂၃၂ ဒသမ ၅ သိန်းနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကိုငွေကျပ်၂၁၆ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၄ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၅၁၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဝင်းထံမှ သိရသည်။

**အောင်ရဲကျော်**

## ပရဟိတလူသား

- လူ့ဘုံဘဝ ကြုံရသူငါ
ရှေးကရေစက် ပေါင်းဖက်ဆုံတွေ့လာ
ချစ်ခြင်းမေတ္တာ ကြင်နာရောယှက်
သွေးစည်းညီညာ ကရုဏာ
သစ္စာရင်၌ဖက်သည်နှင့်လေး။

- စားဝတ်နေခက် ဖြစ်ပျက်ကြုံစဉ်
မီးဘေးလေဘေး ရေဘေးအစုံလင်
စိတ်ထားဖြူစင် ပူပင်ကင်းရေး
တတ်စွမ်းနိုင်ရာ ပံ့ပိုးရှာ
ထမ်းကာဆောင်ရွက်ပေးသည်နှင့်လေး။

- ဆန်ဆီဆားဆေး ဝတ်ရေးရယ်စုံ
သွားလာကူပေး ငွေကြေးအခက်ကြုံ
လိုအပ်ဖုံဖုံ ပြည့်စုံစေမှု
မှတ်တမ်းထွေထွေ တိကျပေ
မင်းဝေသန်ထုံးရှုသည်နှင့်လေး။

- ရပ်ရွာသာမှု နာမှုမကျန်အောင်
သူငါအကြိုက် ဘက်လိုက်မှုကိုရှောင်
ပူးပေါင်းကြံဆောင် လျော်အောင်ပြုကြ
စည်းကမ်းညီစွာ နည်းလမ်းသာ
စာနာစိတ်ထားလှသည်နှင့်လေး။

- ပရဟိတ မြတ်လှပါပေ ဆောင်စို့အတည်။
- အတ္တဟိတ မှတ်ကြမသွေ အောင်ဖို့ရည်။ ။

**စန်းထက်(ဖန်ခါးမြေ)**

# မင်းဘူးမြို့နယ် ပိုက်သင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မင်းဘူး ဇူလိုင် ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပိုက်သင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ပိုက်သင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး မြင့်မိုရ်စံထား ကုမ္ပဏီတာဝန်ခံက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြမှုအပေါ် မြို့နယ်ဦးစီးမှူးက သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီစေရေး ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

မင်းဘူးမြို့နယ် ပိုက်သင်ကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင် ရေစင်တည်ဆောက်ခြင်းနှင့် အရှည်ပေ ၉၉၈၀ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၉၅ ဒသမ ၇ သန်းဖြင့် မြင့်မိုရ်စံထားကုမ္ပဏီက ယခုနှစ် ဇွန်လ ၂၉ ရက်မှ စတင်၍ တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၈ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဇင်မာ**

## နိုင်ငံတကာ သတင်းများ

# တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ မျက်နှာစုံညီအစည်းအဝေး ယခုနှစ် အောက်တိုဘာလတွင် ကျင်းပမည်

**ပေကျင်း ဇူလိုင် ၃၀**

တရုတ် ကွန်မြူနစ်ပါတီသည် ဗဟိုကော်မတီ၏ မျက်နှာစုံညီ အစည်းအဝေးကို ယခုနှစ် အောက်တိုဘာလအတွင်း ကျင်းပရန်စီစဉ်ထားကြောင်း ယနေ့ သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ မျက်နှာစုံညီအစည်းအဝေးတွင် ပါတီတွင်းစီမံအုပ်ချုပ်ရေးကိစ္စများကို ဆွေးနွေးမည်ဖြစ်ကြောင်း Xinhua သတင်းဌာနက ရေးသားတင်ပြထားသည်။



တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ မျက်နှာစုံညီအစည်းအဝေးတွင် လက်ရှိ ပါတီဗဟိုကော်မတီ၏ တင်းပြည့်အဖွဲ့ဝင်နှင့် အရန်အဖွဲ့ဝင်ဦးရေ ၃၀၀ ကျော်တို့ ပါဝင်တက်ရောက်ကြမည်ဖြစ်သည်။

ယခုနှစ် အောက်တိုဘာလ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ မျက်နှာစုံညီအစည်းအဝေးသည် လက်ရှိဗဟိုကော်မတီကို စတင်ဖွဲ့စည်းခဲ့သော ၂၀၂၂ ခုနှစ်နောက်ပိုင်း ပဉ္စမအကြိမ်မြောက် ပါတီဗဟိုကော်မတီအစည်းအဝေး ဖြစ်သည်။

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီသည် ပါတီ၏ဆုံးဖြတ်ချက်ချမှတ်ရေး အဖွဲ့အစည်းများနှင့် အကြီးမားဆုံး အဖွဲ့အစည်း ဖြစ်သည်။

တရုတ် ကွန်မြူနစ်ပါတီသည် ငါးနှစ်တစ်ကြိမ် ကျင်းပမြဲ ပါတီညီလာခံများတစ်ခုနှင့် တစ်ခုကြားတွင် ပါတီဗဟိုကော်မတီအစည်းအဝေးများကို ပုံမှန်အားဖြင့် ခုနစ်ကြိမ်ထိ ကျင်းပလေ့ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# သမ္မတရာထူးသက်တမ်းကို တစ်နှစ်ထပ်တိုးရေး ဖွဲ့စည်းပုံပြင်ဆင်ချက် နီကာရာဂွာ အစိုးရတင်သွင်း

**မာနာဂွာ ဇူလိုင် ၃၀**

နီကာရာဂွာသမ္မတ ဒန်နီယယ် အော်တေဂါသည် ၎င်း၏ သမ္မတရာထူးသက်တမ်းကို လက်ရှိ ခြောက်နှစ်မှ ခုနစ်နှစ်ထိ ထပ်တိုးရန် ရည်ရွယ်ထားကြောင်း ဇူလိုင် ၂၉ ရက်သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သမ္မတရာထူး သက်တမ်းကို လက်ရှိ ခြောက်နှစ်မှ ခုနစ်ထိ ထပ်တိုးရန် အဆိုပြုထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်မူကြမ်းကို နီကာရာဂွာအစိုးရက ကွန်ဂရက်လွှတ်တော်ကို ဇူလိုင် ၂၈ ရက်တွင် တင်သွင်းထားကြောင်း သိရသည်။

နီကာရာဂွာ ကွန်ဂရက်လွှတ်တော်သည် ပြီးခဲ့သည့်နှစ်ကလည်း သမ္မတများ၏ ရာထူးသက်တမ်းကို တစ်နှစ်ထပ်တိုး၍ ငါးနှစ်မှ ခြောက်နှစ်ထိ ပြင်ဆင်ပြဋ္ဌာန်းပေးခဲ့ပြီး ရွေးကောက်ပွဲကျင်းပမည့်ကာလကို ၂၀၂၇ ခုနှစ်သို့ ရွှေ့ဆိုင်းထားသည်။

နိုင်ငံရေး အတိုက်အခံများကို တားဆီးရန် ကြိုးပမ်းသည့်အနေဖြင့် ရွေးကောက်ပွဲကျင်းပမည့် အစီအစဉ်ကို ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း သမ္မတ အော်တေဂါက ပြောကြားထားပြီးနောက် သမ္မတရာထူးသက်တမ်း တစ်နှစ်ထပ်တိုးရေး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်ကို နီကာရာဂွာအစိုးရက ကွန်ဂရက်လွှတ်တော်ထံ တင်သွင်းထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ပင်လယ်နီဒေသရေလမ်းကြောင်းများကို ကာကွယ်ရေးအတွက် နိုင်ငံတကာညွန့်ပေါင်းအုပ်စုဖွဲ့စည်းရန် ဆော်ဒီအာရေဗျ ကြိုးပမ်းနေ

**ရီယာ့ဒ် ဇူလိုင် ၃၀**

ပင်လယ်နီဒေသ ရေလမ်းကြောင်းများကို ဟူသီလက်နက်ကိုင်အဖွဲ့ တိုက်ခိုက်မှုများမှ ကာကွယ်ရေးအတွက် နိုင်ငံတကာ ညွန့်ပေါင်းအုပ်စု တည်ဆောက်ရန် ဆော်ဒီအာရေဗျနိုင်ငံက ကြိုးပမ်းနေကြောင်း ဆော်ဒီအာရေဗျ အစိုးရ သတင်းအရင်းအမြစ်များက ဇူလိုင် ၂၉ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပင်လယ်နီဒေသ ရေလမ်းကြောင်းများကာကွယ်ရေး ညွန့်ပေါင်းအုပ်စုဖွဲ့စည်းရေး အစီအစဉ်နှင့်ပတ်သက်၍ ဆော်ဒီအာရေဗျနိုင်ငံက ကမ္ဘာ့နိုင်ငံအများအပြားနှင့် ဆွေးနွေးနေကြောင်း သတင်းအရင်းအမြစ်များ၏ အဆိုအရ သိရသည်။

ပင်လယ်နီဒေသ ရေလမ်းကြောင်းကာကွယ်ရေး နိုင်ငံတကာ ညွန့်ပေါင်းအုပ်စုဖွဲ့စည်းရေး အစီအစဉ် သတင်းနှင့်ပတ်သက်၍ ဆော်ဒီအာရေဗျ အစိုးရအဖွဲ့က တစ်စုံတစ်ရာ သတင်းထုတ်ပြန်ထားခြင်းမရှိကြောင်း သိရသည်။

ပင်လယ်နီဒေသ၌ ဆော်ဒီအာရေဗျနိုင်ငံကို ရေကြောင်းပိတ်ဆို့မှုပြုလုပ်မည် ဖြစ်ကြောင်း ယီမင်နိုင်ငံအခြေစိုက် ဟူသီလက်နက်ကိုင်အဖွဲ့က ကြေညာထားသည်။

ထိုသို့ ကြေညာခဲ့ပြီးနောက်ပိုင်း ဟူသီလက်နက်ကိုင်အဖွဲ့သည် ပင်လယ်နီဒေသ၌ ဆော်ဒီအာရေဗျရေနံတင်သင်္ဘောများကို စတင်တိုက်ခိုက်ခဲ့သည်။

ဟူသီ လက်နက်ကိုင်အဖွဲ့၏ တိုက်ခိုက်မှုများကို တုံ့ပြန်သည့်အနေဖြင့် ဆော်ဒီအာရေဗျနိုင်ငံက ယီမင်နိုင်ငံ ဟိုဒိုင်ဒါဆိပ်ကမ်းနယ်မြေကို လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ယူကရိန်းစစ်လက်နက်တင်သင်္ဘောများကို ပင်လယ်နက်၌ ရုရှားတပ်များ တိုက်ခိုက်

**မော်စကို ဇူလိုင် ၃၀**

ယူကရိန်းအတွက် စစ်လက်နက်ပစ္စည်းများ သယ်ဆောင်ထားသော သင်္ဘောနှစ်စီးကို အိုဒက်ဆာဆိပ်ကမ်းမြို့အနီး၌ တိုက်ခိုက်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဇူလိုင် ၂၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဇူလိုင် ၂၉ ရက်တွင် ရုရှားတပ်များအနေဖြင့် အိုဒက်ဆာဆိပ်ကမ်းရှိ လောင်စာဆီသိုလှောင်ရေးစခန်းတစ်ခုကိုတိုက်ခိုက်ခဲ့ပြီး အိုဒက်ဆာဆိပ်ကမ်းမြို့အနီး ပစ်ဗ်ဒန်ညီဆိပ်ကမ်းရှိ သင်္ဘောနှစ်စီးကိုလည်းတိုက်ခိုက်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနကြေညာချက်တွင် ဖော်ပြထားသည်။

ထို့ပြင် ပင်လယ်နက်ဒေသကျွန်းတစ်ကျွန်းအနီးတွင်လည်း အခြားရေယာဉ်တစ်စီးကို တိုက်ခိုက်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ သင်္ဘောများသည် ယူကရိန်းနိုင်ငံအတွက် စစ်လက်နက်ပစ္စည်းများ သယ်ဆောင်ရာတွင်အသုံးပြုနေသည့် သင်္ဘောများဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သည် ပင်လယ်နက်နှင့် အဇော့ဗ်ပင်လယ်ဒေသတို့ အတွင်းရှိ ရေကြောင်းလမ်းများကို မကြာသေးမီရက်များအတွင်း တိုက်ခိုက်မှုများမြင့်တင်ခဲ့သည်။

အကျိုးဆက်အားဖြင့် နိုင်ငံတကာဈေးကွက်၌ ဂျုံဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO



# တရုတ်နှင့် ရုရှားရေတပ် စစ်သင်္ဘောများ၏ ပူးတွဲရေကြောင်းကင်းလှည့်မှုများပြီးဆုံး

**ပေကျင်း ဇူလိုင် ၃၀**

တရုတ်နှင့် ရုရှားရေတပ် စစ်သင်္ဘောများသည် ရက်သတ္တနှစ်ပတ်ကြာ ပူးတွဲရေကြောင်း ကင်းလှည့်မှုများ ပြီးဆုံးပြီးနောက် ရုရှားနိုင်ငံအရှေ့ဖျား ဗလာဒီဗော့စတော့ခ်ဆိပ်ကမ်းသို့ ဇူလိုင် ၂၉ ရက်တွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း တရုတ်အစိုးရ မီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ပူးတွဲရေကြောင်း ကင်းလှည့်မှုသည် တရုတ်နှင့် ရုရှားနိုင်ငံတို့ကြား နှစ်စဉ် ပူးတွဲစစ်ရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၏ အစိတ်အပိုင်းဖြစ်ပြီး လက်ရှိ ပေါ်ပေါက်နေသော နိုင်ငံတကာ၊ ဒေသတွင်း အခြေအနေများနှင့် သက်ဆိုင်မှုမရှိကြောင်း Xinhua သတင်းဌာနက သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



အဆိုပါ ပူးတွဲရေကြောင်း ကင်းလှည့်မှုတွင်ပါဝင်သော တရုတ်နှင့် ရုရှားစစ်သင်္ဘောများသည် တရုတ်နိုင်ငံအရှေ့ပိုင်း ချင့်တောင်ဆိပ်ကမ်းမှ စတင်ထွက်ခွာခဲ့ပြီး အဓိကအရှေ့မြောက် အာရှရေလမ်းကြောင်းများ ဖြစ်ကြသည့် မီယာကိုရေလက်ကြား၊ ဗရီးစ်ရေလက်ကြား၊ လာပါးရော့စ်ရေလက်ကြားတို့ကို ဖြတ်သန်းခဲ့သည်။

ထို့နောက် အနောက်ပစိဖိတ်ဒေသ၊ အိုခေါ့ခ်ပင်လယ်ဒေသ၊ ဂျပန်ပင်လယ်ရေပြင်တို့ထဲဝင်ရောက်၍ ပူးတွဲရေကြောင်း ကင်းလှည့်မှုများ ပြုလုပ်ခဲ့ကြောင်း Xinhua သတင်းဌာန၏ အဆိုအရ သိရသည်။

အဆိုပါ ပူးတွဲရေကြောင်း ကင်းလှည့်မှုတွင် တရုတ်ရေတပ်မှ ပဲ့ထိန်းဒုံးကျည်တင်သင်္ဘောနှစ်စီး၊ ထောက်ပို့သင်္ဘောတစ်စီး၊ ရုရှားရေတပ်မှ ဖရီဂိတ်စစ်သင်္ဘောတစ်စီးတို့ပါဝင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ


အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပစဉ်။

နေပြည်တော် ဇူလိုင် ၃၀

အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်တွေတပ်နယ်ရှိ ဓမ္မာရုံ၌ပြုလုပ်ရာ စစ်တွေမြို့ နန္ဒာရာမ ပရိယတ္တိစာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနန္ဒာသီရိ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇေဝနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စေတနာရှင် အလှူရှင်များနှင့်ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက နန္ဒာရာမပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက စစ်တွေမြို့ ရွှေစေတီကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တအရိယဝံသထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များအား နေ့ဆွမ်းများနှင့်ဖိတ်ကြားထားသူများတက်ရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇူလိုင် ၃၀

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များဖြင့် ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက်သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။


သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို မြစ်ကြီးနားတပ်နယ်မှတာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အံတော်ရှင်တောင်တန်းသာသနာပြု(ဗဟို) ကျောင်းတိုက်၌အခြေပြု၍ မြို့ပေါ်ရှိ သံဃာတော်အပါး၃၀ တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များကို မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## ၃၀-၇-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၃ ~ ၃၆၆၃.၆ | ၅၅၇ ~ ၅၅၈.၂ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၄,၃၇၁,၇၂၃.၉၀ | ၅,၉၆၉,၄၂၃.၇၄ | ၃,၆၈၁,၀၄၇.၇၉ | - |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဓာတ်မြေသြဇာ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်သည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁ သန်းကို CMP ကဏ္ဍသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၀ သန်းကို LNG ကဏ္ဍသို့လည်းကောင်း ရောင်းချပေးခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)

INTERNATIONAL YOUTH DAY
2026 DIFFERENT CONTEXTS, COMMON ASPIRATIONS

" Different Contexts, Common Aspirations "

" နောက်ခံမတူပြား၊ ရည်မှန်းတူထား၊ လူငယ်အား "

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထူးကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ၂၀၂၆ ခုနှစ် ဇူလိုင် ၃၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၅၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

### စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၇၂၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇူလိုင် ၃၀

စားသုံးသူပြည်သူများစားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၆ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၂၂၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန် ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov. mm၊Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

# အာဆီယံထုတ်ပြန်ချက် ငါးရပ်နှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်အပေါ် ပြည်သူများ၏သဘောထားအမြင်

လတ်တလော လူမှုကွန်ရက် စာမျက်နှာအသီးသီးမှာ ပြည်သူလူထု စိတ်ဝင်စားမှုမြင့်တက်နေတဲ့ သတင်းကတော့ ဇူလိုင် ၂၃ ရက်မှာ နိုင်ငံခြားရေးဝန်ကြီးဌာနကထုတ်ပြန်ခဲ့တဲ့ အာဆီယံတူညီဆန္ဒ ငါးရပ်ဟူသော အာဆီယံထုတ်ပြန်ချက် ငါးရပ်နှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်ပဲဖြစ်ပါတယ်။

**ဒီသတင်းထုတ်ပြန်ချက်ဟာ အာဆီယံအဖွဲ့ကို တိုက်ရိုက်ရည်ရွယ်ခဲ့ပြီး ရိုးရှင်းတဲ့ သံတမန်ရေးဆိုင်ရာ တုံ့ပြန်မှုတစ်ခု သက်သက်သာမဟုတ်ဘဲ ၂၀၂၆ ခုနှစ် မြန်မာ့နိုင်ငံရေး အခင်းအကျင်းသစ်မှာ ရွေးကောက်ခံအစိုးရသစ်ရဲ့ နိုင်ငံခြားရေး မူဝါဒအရ ကိုယ့်နိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ အမျိုးသားအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ဖို့အတွက် ဒေသတွင်းအဖွဲ့အစည်းတစ်ခုကို ခပ်တင်းတင်း တုံ့ပြန်ဆောင်ရွက်ချက်အဖြစ် ပြည်သူများက ရှုမြင်သုံးသပ်ကြပါတယ်။ တစ်နည်းအားဖြင့် အာဆီယံထဲက တချို့ အဖွဲ့ဝင်နိုင်ငံတွေက အာဆီယံအဖွဲ့ရဲ့ ပဋိညာဉ်ကို ချိုးဖောက်ပြီး တစ်ဖက်သတ် ခွဲခြားဆက်ဆံနေတာကို အဖွဲ့ဝင်နိုင်ငံ တစ်ခုက လက်မခံနိုင်ကြောင်းပြတ်သားတဲ့ သဘောထားရပ်တည်ချက်နဲ့ တုံ့ပြန်ထားခြင်းဖြစ်တယ်လို့လည်း ဆိုနိုင်ပါတယ်။**

အထူးသဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံတချို့က တူညီဆန္ဒ (Consensus) မဟုတ်တဲ့ ထုတ်ပြန်ချက်(Statement)ကို ကိုင်စွဲပြီး နိုင်ငံရေးအရ ဖိအားပေးနေခြင်းဟာ အာဆီယံပဋိညာဉ်ထဲမှာပါတဲ့ အဖွဲ့ဝင်နိုင်ငံတိုင်းရဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနဲ့ တန်းတူရည်တူရှိမှုကိုလေးစားလိုက်နာခြင်း၊ ပြည်တွင်းရေးဝင်ရောက်မစွက်ဖက်ခြင်းဆိုတဲ့ အချက်များကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေခြင်းဖြစ်ပါတယ်။

ဒါ့ကြောင့်လည်း အာဆီယံတူညီဆန္ဒ ငါးရပ်ဆိုတဲ့ ထုတ်ပြန်ချက်ကို တူညီဆန္ဒ (ASEAN Consensus) အဖြစ် လက်မခံဘဲ ထုတ်ပြန်ချက် (ASEAN Statement) အဖြစ်သာသဘောထားကြောင်း အာဆီယံအဖွဲ့ကို ပြတ်ပြတ်သားသား အသိပေးခြင်းဖြစ်ပါတယ်။ အဲ့ဒီ အာဆီယံတူညီဆန္ဒ ငါးရပ် (Five Point ASEAN Consensus) ဆိုတဲ့ ထုတ်ပြန်ချက်ကို လက်မခံသော်လည်း အာဆီယံမိသားစု စိတ်ဓာတ်နဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံများရဲ့ အပြုသဘောဆောင်တဲ့ အကြံပြုချက်အဖြစ် မှတ်သားထားပြီး မိမိနိုင်ငံရဲ့ ပြည်တွင်းရေးအခြေအနေပေါ်မူတည်ပြီး ထည့်သွင်းစဉ်းစားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ရပ်တည်ချက်ကို ပြည်သူများကလည်း အားပေးထောက်ခံကြပါတယ်။

ခိုင်မာအားကောင်းတဲ့ အာဆီယံ အသိုက်အဝန်း ဖြစ်ပေါ်လာစေရေး အာဆီယံရဲ့ မျှော်မှန်းချက်အောင်မြင်ဖို့အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံတိုင်းဟာ အာဆီယံရဲ့ပဋိညာဉ်ကို တိကျစွာ လိုက်နာဆောင်ရွက်ဖို့လိုသလို အာဆီယံရဲ့ အစဉ်အလာ လုပ်ထုံးလုပ်နည်းများကိုလည်း လေးစားလိုက်နာကြရမှာဖြစ်ပါတယ်။

အာဆီယံရဲ့ လုပ်ထုံးလုပ်နည်းအရ ဘယ်အကြောင်းအရာမဆို ဆုံးဖြတ်ချက်ချမှတ်ရာမှာ တူညီဆန္ဒ (Consensus) ရရှိဖို့အတွက် အဖွဲ့ဝင်နိုင်ငံတိုင်းက ပါဝင်တိုင်ပင်ဆွေးနွေးပြီးမှ အဖွဲ့ဝင်အားလုံးရဲ့ သဘောတူညီချက် ရယူကြပါတယ်။ ဆွေးနွေးချက်များကို ထုတ်ပြန်ချက်အဖြစ် မထုတ်ပြန်ခင် မူကြမ်းချပြအသိပေးညှိနှိုင်းပြီးမှသာ Consensus အစစ်အမှန် ရရှိမှာဖြစ်ပါတယ်။အခုမြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ ထုတ်ပြန်ချက် ငါးရပ်မှာ အဲ့ဒီလုပ်ထုံးလုပ်နည်းကိုမလုပ်ဆောင်ဘဲ အစည်းအဝေးအပြီးမှာ အဲ့ဒီအချိန်က အာဆီယံ အလှည့်ကျဥက္ကဋ္ဌရဲ့ နောက်ဆက်တွဲ ထုတ်ပြန်ချက်အဖြစ် ထုတ်ပြန်ခဲ့လို့ အဖွဲ့ဝင်နိုင်ငံအားလုံးရဲ့ တူညီဆန္ဒ (Consensus) ဖြင့် ထုတ်ပြန်ခဲ့ခြင်း မဟုတ်တာ ထင်ရှားလှပါတယ်။ဒါ့ကြောင့်လည်း အဲ့ဒီအာဆီယံတူညီဆန္ဒ ငါးရပ်ဆိုတဲ့ ထုတ်ပြန်ချက်အပေါ်မြန်မာနိုင်ငံရဲ့ ရပ်တည်ချက်ကို ၂၀၂၂ ခုနှစ် ဧပြီ ၂၇ ရက်က နိုင်ငံပိုင်သတင်းစာများမှာ ရှင်းလင်းစွာတုံ့ပြန်ခဲ့ပြီးဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အာဆီယံ ပဋိညာဉ်ကို လေးစားလိုက်နာဆောင်ရွက်လျက်ရှိသလို တာဝန်သိအာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေနဲ့ အခြားအာဆီယံ နိုင်ငံတိုင်းရဲ့ အချုပ်အခြာအာဏာကို လေးစား အသိအမှတ်ပြုလျက်ရှိပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများရဲ့ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ဘဲ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးရပ်ကို ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်နည်းလမ်းနဲ့ ခိုင်မာစွာ ရပ်တည်လျက်ရှိပါတယ်။ အလားတူ ကိုယ့်နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိပါးလာမယ့် ဖိအားပေးမှုများကိုလည်း လက်ခံမှာမဟုတ်သလို ဘယ်နိုင်ငံ၊ ဘယ်အဖွဲ့အစည်းကမှ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ပြီး သူတို့ပုံဖော်ချင်တဲ့ လမ်းကြောင်းကို လိုက်ပါလုပ်ဆောင်မှာ မဟုတ်ကြောင်း ရှင်းရှင်းလင်းလင်း သိစေအပ်ပါတယ်။ ဒီအချက်ဟာ အမျိုးသားရေးဂုဏ်သိက္ခာ အတွက် မြန်မာပြည်သူများအားလုံးရဲ့ ရပ်တည်ချက် သဘောထားအမြင်ပဲဖြစ်ပါတယ်။

မြန်မာပြည်သူများရဲ့ သဘောထားအမြင်ကို ပြည်သူများရွေးကောက်တင်မြှောက်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ် လွှတ်တော်အမတ်များက အာဆီယံထုတ်ပြန်ချက်နဲ့ပတ်သက်ပြီး ပြည်ထောင်စုလွှတ်တော်မှာ အရေးကြီးအဆိုတင်သွင်း ဝိုင်းဝန်းဆွေးနွေး ဆုံးဖြတ်ချက်ချမှတ်ထားတာကိုလည်း မြင်တွေ့ကြားသိကြပြီးဖြစ်ပါတယ်။

လက်ရှိအစိုးရဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ဖြစ်ပေါ်လာတဲ့ ရွေးကောက်ခံအစိုးရဖြစ်လို့ ပြည်သူ့ကိုယ်စားလှယ် လွှတ်တော်အမတ်များရဲ့ အဆိုပြုချက်၊ ဆုံးဖြတ်ချက်များကို လေးစားပြီး သင့်လျော်သလို လုပ်ဆောင်ပေးရန်တာဝန်ရှိပါတယ်။ ဒါဟာ မြန်မာနိုင်ငံရဲ့ ပကတိနိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုဖြစ်ပြီး ဒီမိုကရေစီကျင့်စဉ်အရ ဥပဒေပြုရေးမဏ္ဍိုင်လွှတ်တော်ရဲ့ထိန်းကျောင်းမှုကို အုပ်ချုပ်ရေးမဏ္ဍိုင်အစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပြန်အလှန်လေးစား အသိအမှတ်ပြု အကောင်အထည်ဖော်ပေးရမှာဖြစ်ပါတယ်။

လွှတ်တော်အမတ်များရဲ့ တင်ပြဆွေးနွေးချက်များဟာ လက်ရှိပကတိနိုင်ငံရေးအခြေအနေများနဲ့ ကိုက်ညီပြီး ကျိုးကြောင်းဆီလျော်တဲ့ထောက်ပြဝေဖန်မှုများအဖြစ် ကြားသိခဲ့ရပါတယ်၊ အဖွဲ့ဝင်နိုင်ငံတိုင်း ရရှိသင့်တဲ့ တရားမျှတမှုနဲ့ တန်းတူညီမျှအခွင့်အရေး မရရှိခြင်း၊ ထုတ်ပြန်ချက်မှာ မပါရှိတဲ့တောင်းဆိုချက်များကို ဖိအားပေးပြောဆိုနေခြင်း၊ တာဝန်သိစိတ်နဲ့ လိုက်ပါဆောင်ရွက်နေတဲ့ လုပ်ဆောင်ချက်များကို အသိအမှတ်မပြုခြင်းများကြောင့် အာဆီယံအဖွဲ့ထဲကနေ ထွက်ဖို့ထိ တိုက်တွန်းတောင်းဆိုချက် တွေရှိနေပါတယ်။

ပြည်သူ့ကိုယ်စားလှယ် လွှတ်တော် အမတ်များ အထူးပြုထောက်ပြခဲ့တဲ့အချက်ကတော့ လက်ရှိအစိုးရဟာ ၂၀၁၀ ပြည့်နှစ် ပထမဒီမိုကရေစီအစိုးရ (ကြံ့ခိုင်ရေးပါတီ)၊ ၂၀၁၅ ခုနှစ် ဒုတိယ ဒီမိုကရေစီအစိုးရ (NLD ပါတီ)တွေလိုပဲ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပေးထားချက်အတိုင်း မဲပေးပိုင်ခွင့်ရှိသူ ပြည်သူအများစုရဲ့ ဆန္ဒမဲနဲ့ဖြစ်ပေါ်လာတဲ့ အစိုးရဖြစ်လို့ အာဆီယံအနေနဲ့ ရွေးကောက်ခံအစိုးရကို တန်းတူရည်တူ အသိအမှတ်ပြုဖို့ ပြည်သူများက တောင်းဆိုတိုက်တွန်းနေခြင်းဖြစ်ပါတယ်။

လက်ရှိရွေးကောက်ခံအစိုးရအနေဖြင့် လွှတ်တော်ရဲ့ အရေးကြီးအဆိုကို သင့်လျော်တဲ့ ဆောင်ရွက်ချက်များ လုပ်ဆောင်ရမှာ တာဝန်ရှိတဲ့အတွက် နိုင်ငံခြားရေးဝန်ကြီးက အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးမှာ အစိုးရရဲ့သဘောထားကို ရှင်းလင်းပြောကြားခဲ့ပြီး ပိုမိုရှင်းလင်းပြတ်သားတဲ့ရပ်တည်ချက်နဲ့ ရှေ့ဆက်ဆောင်ရွက်မယ့်လုပ်ငန်းစဉ်ကို ဇူလိုင် ၂၃ ရက်က သတင်းထုတ်ပြန်ချက်ဖြင့် နိုင်ငံတကာကို အသိပေးခဲ့ခြင်းဖြစ်ပါတယ်။

ဒီသတင်း ထုတ်ပြန်ချက်ဟာ လွှတ်တော်ရဲ့ အရေးကြီးအဆိုပြုချက်အပေါ် အစိုးရအနေဖြင့် သင့်လျော်သလို အကောင်အထည်ဖော်ခြင်း ဖြစ်သလို ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို တန်းတူ မဆက်ဆံဘဲ တစ်ဖက်သတ်ဖိအားပေးမှုများကို မာမာထန်ထန် ရပ်တည်တုံ့ပြန်ထားခြင်းဖြစ်လို့ ပြည်သူတစ်ရပ်လုံးက ထောက်ခံကြိုဆိုနေကြကြောင်း မြင်တွေ့ကြားသိနေရပါတယ်။

လက်ရှိရွေးကောက်ခံအစိုးရအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ နိုင်ငံခြားရေးမူဝါဒနဲ့အညီ အိမ်နီးချင်းနိုင်ငံများအပါအဝင် မိတ်ဆွေနိုင်ငံများနှင့် သံတမန်ရေးဆိုင်ရာ တိုးမြှင့်ဆောင်ရွက်နေသလို အာဆီယံအဖွဲ့ဝင်နိုင်ငံများနဲ့လည်း တစ်နိုင်ငံချင်းအလိုက် မိတ်ဝတ်မပျက် အပြန်အလှန်အကျိုးစီးပွားဖြစ်ထွန်းစေရေး ဆက်လက်ထိန်းသိမ်းပူးပေါင်းဆောင်ရွက်လျက် ရှိနေပါတယ်။

## အာဆီယံပဋိညာဉ် ဖော်ပြချက်

အာဆီယံနှင့် ယင်း၏ အဖွဲ့ဝင်နိုင်ငံများသည် အောက်ဖော်ပြပါ အခြေခံမူများနှင့်အညီ ဆောင်ရွက်ရမည် -

(က) အာဆီယံ အဖွဲ့ဝင်နိုင်ငံအားလုံး၏ လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တန်းတူရည်တူရှိမှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အမျိုးသားရေးလက္ခဏာများကို လေးစားလိုက်နာခြင်း၊

(ခ) ဒေသဆိုင်ရာ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် သာယာဝပြောရေးကို တိုးတက်စေရန် အတူတကွ သန္နိဋ္ဌာန်ချမှတ် ဆောင်ရွက်ခြင်းနှင့် စုပေါင်းတာဝန်ယူမှုရှိခြင်း၊

(ဂ) ကျူးကျော်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အင်အားသုံးရန် ခြိမ်းခြောက်ခြင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ကိုက်ညီမှု မရှိသည့် အခြားလုပ်ဆောင်မှု မှန်သမျှကို စွန့်လွှတ်ခြင်း၊

(ဃ) အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ အဖြေရှာသည့် နည်းလမ်းအပေါ် အားထားခြင်း၊

(င) အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှု မရှိခြင်း၊

(စ) ပြင်ပမှ ဝင်ရောက်စွက်ဖက်မှု၊ ဖျက်လိုဖျက်ဆီးပြုမှုနှင့် ဖိအားပေးမှုများ ကင်းရှင်းစွာဖြင့် အမျိုးသားရေး တည်ရှိမှုဆိုင်ရာ အဖွဲ့ဝင် နိုင်ငံတိုင်း၏ အခွင့်အရေးကို လေးစားခြင်း၊

(ဆ) အာဆီယံ၏ ဘုံအကျိုးစီးပွားကို ပြင်းထန်စွာ ထိခိုက်စေသည့် ကိစ္စရပ်များအပေါ် တိုင်ပင်ဆွေးနွေးမှုများကို ပိုမိုပြုလုပ်ခြင်း၊

(ဇ) တရားဥပဒေ စိုးမိုးရေး၊ စီမံအုပ်ချုပ်မှု ကောင်းမွန်ရေး၊ ဒီမိုကရေစီ အခြေခံမူများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် အစိုးရရှိမှုဟူသည့် အခြေခံ သဘောတရားများကို လိုက်နာခြင်း၊

ဒီသတင်းထုတ်ပြန်ချက်ဟာ အာဆီယံအဖွဲ့ကို တိုက်ရိုက်ရည်ရွယ်ခဲ့ပြီး ရိုးရှင်းတဲ့ သံတမန်ရေးဆိုင်ရာ တုံ့ပြန်မှုတစ်ခုသက်သက်သာမဟုတ်ဘဲ ၂၀၂၆ ခုနှစ် မြန်မာ့နိုင်ငံရေး အခင်းအကျင်းသစ်မှာ ရွေးကောက်ခံအစိုးရသစ်ရဲ့ နိုင်ငံခြားရေးမူဝါဒအရ ကိုယ့်နိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ အမျိုးသားအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ဖို့အတွက် ဒေသတွင်းအဖွဲ့အစည်းတစ်ခုကို ခပ်တင်းတင်းတုံ့ပြန်ဆောင်ရွက်ချက်အဖြစ် ပြည်သူများက ရှုမြင်သုံးသပ်ကြပါတယ်။ တစ်နည်းအားဖြင့် အာဆီယံထဲက တချို့အဖွဲ့ဝင်နိုင်ငံတွေက အာဆီယံအဖွဲ့ရဲ့ ပဋိညာဉ်ကို ချိုးဖောက်ပြီး တစ်ဖက်သတ် ခွဲခြားဆက်ဆံနေတာကို အဖွဲ့ဝင်နိုင်ငံ တစ်ခုက လက်မခံနိုင်ကြောင်း ပြတ်သားတဲ့ သဘောထားရပ်တည်ချက်နဲ့ တုံ့ပြန်ထားခြင်းဖြစ်တယ်လို့လည်း ဆိုနိုင်ပါတယ် . . .

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှအဆက်

အဆိုးဆုံးအခြေအနေကို မြော်တွေးထားပြီး အကောင်းဆုံးဖြစ်စေရေးအတွက် အာဆီယံနဲ့ ပုံမှန်ဆက်ဆံရေး ပြန်လည်ရရှိအောင် စိတ်ရှည်သည်းခံစွာ သံတမန်ရေးဆိုင်ရာ ကြိုးပမ်းမှုများကို လုပ်ဆောင်လျက်ရှိတာ မြင်တွေ့နေရပါတယ်။

အာဆီယံဟာ အစိုးရများကြားမှာ ပူးပေါင်းဆောင်ရွက်ကြတဲ့ အဖွဲ့အစည်း (Inter- governmental Organization) ပဲဖြစ်ပါတယ်။ ဒါကြောင့် အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ အာဆီယံအသိုက်အဝန်းမှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ဖိအားပေးလို့မရဘဲ တန်းတူရည်တူ ပူးပေါင်းဆောင်ရွက်ဖို့ပဲ လိုပါတယ်။ အာဆီယံကို စတင်ဖွဲ့စည်းကတည်းက နိုင်ငံရေးနဲ့ ဥပဒေဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့အစည်းအဖြစ် ဖွဲ့စည်းခဲ့တာမဟုတ်ပါဘူး။ လူမှုရေးနဲ့ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်းသာဖြစ်ပါတယ်။ ဒါကြောင့် အာဆီယံအနေနဲ့ ဒေသဆိုင်ရာလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အာရုံမစိုက်ဘဲ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံရဲ့ နိုင်ငံရေးနဲ့ ဆက်နွှယ်နေတဲ့ပြည်တွင်းအရေးကိစ္စကိုပဲ ဖိအားပေးနေတာဟာ အဖွဲ့အစည်းရဲ့

**မြန်မာနိုင်ငံအနေနဲ့ အာဆီယံပဋိညာဉ်ကို လေးစားလိုက်နာဆောင်ရွက်လျက်ရှိသလို တာဝန်သိအာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအနေနဲ့ အခြားအာဆီယံနိုင်ငံတိုင်းရဲ့ အချုပ်အခြာအာဏာကို လေးစားအသိအမှတ်ပြုလျက်ရှိပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများရဲ့ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ဘဲ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး ငါးရပ်ကို ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်နည်းလမ်းနဲ့ ခိုင်မာစွာရပ်တည်လျက်ရှိပါတယ်။ အလားတူ ကိုယ့်နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိပါးလာမယ့် ဖိအားပေးမှုများကိုလည်း လက်ခံမှာမဟုတ်သလို ဘယ်နိုင်ငံ၊ ဘယ်အဖွဲ့အစည်းကမှ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ပြီး သူတို့ပုံဖော်ချင်တဲ့ လမ်းကြောင်းကိုလိုက်ပါလုပ်ဆောင်မှာမဟုတ်ကြောင်း ရှင်းရှင်းလင်းလင်း သိစေအပ်ပါတယ်။ ဒီအချက်ဟာ အမျိုးသားရေးဂုဏ်သိက္ခာအတွက် မြန်မာပြည်သူများအားလုံးရဲ့ ရပ်တည်ချက် သဘောထားအမြင်ပဲဖြစ်ပါတယ် . . .**

မူလရည်ရွယ်ချက်များနဲ့ တန်ဖိုးများကို ထိခိုက်စေပါတယ်။

အမှန်စင်စစ် အာဆီယံထုတ်ပြန်ချက် ငါးရပ်နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံရဲ့ ရပ်တည်ချက်ဟာ အာဆီယံအသိုက်အဝန်း ခိုင်မာ အားကောင်းစေရေးအတွက် အာဆီယံစိတ်ဓာတ် (ASEAN Spirit)၊ အာဆီယံနည်းလမ်း (The ASEAN Way)၊ အာဆီယံပဋိညာဉ် (ASEAN Charter) ရဲ့ တန်ဖိုးကိုမထိခိုက်စေရန် ထိန်းသိမ်းစောင့်ရှောက်နေခြင်းဖြစ်ပါတယ်။ အဲဒီလို ပဋိညာဉ်ကို ထိန်းသိမ်းကာကွယ်နေတဲ့ မြန်မာနိုင်ငံရပ်တည်ချက်ကို အာဆီယံနိုင်ငံအများစုကလည်း နားလည်မှုရှိရှိ ထောက်ခံရပ်တည်လျက်ရှိနေကြပါတယ်။ တချို့သော အာဆီယံနိုင်ငံများကသာ သူတို့ကိုယ်ကျိုးစီးပွားအတွက် တူညီဆန္ဒ (Consensus)ကို လိုရာဆွဲ အသုံးချပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေကြခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံသား တစ်ဦးအနေနဲ့ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေခြင်းအပေါ် လက်ခံစရာအကြောင်းမရှိသလို ကိုယ့်နိုင်ငံပါဝင်ထားတဲ့ အဖွဲ့အစည်းတစ်ခုက ပဋိညာဉ်နဲ့ မူဘောင်ချိုးဖျက်နေတာကို လက်မခံကြောင်းနဲ့ အာဆီယံနဲ့ ပုံမှန်ဆက်ဆံရေး ပြန်လည်ရရှိအောင် နိုင်ငံတော်အစိုးရအနေဖြင့် အဖြစ်နိုင်ဆုံး ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ထောက်ခံလျက်ရှိပါကြောင်း ပြည်သူများရဲ့ သဘောထားအမြင်ကို ရေးသားတင်ပြလိုက်ပါတယ်။

**မင်းခန့်**

## လေပြင်းဘေး ကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံအရပ်ရပ်တွင် နွေဦးရာသီနှင့် နွေရာသီကာလများတွင် နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပျံတက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိပါသည်။ အဆိုပါ ရာသီဥတုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ လွန်ခဲ့သော (၁၁) နှစ်တာ ကာလအတွင်း လေပြင်းတိုက်ခတ်မှုများကြောင့် စုစုပေါင်းနေအိမ် ၂၅၄၁၀၀ ကျော် ပျက်စီးခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးမှုအများဆုံးဖြစ်ခဲ့ပြီး လူသေဆုံးမှု ထိခိုက်၊ ဒဏ်ရာရရှိမှုများလည်း ရှိခဲ့ပါသည်။

၃။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် လေပြင်းတိုက်ခတ်ပါက အမိုးလန်ခြင်း၊ ယိုင်လဲပျက်စီးခြင်းများ ဖြစ်ပေါ်နိုင်သော ခိုင်ခံ့မှုအားနည်းသည့် နေအိမ်များကို ဦးစားပေးရွေးချယ်ကာ လေပြင်းဒဏ်ပိုမိုခံနိုင်ရည်ရှိသော အိုးအိမ်များဖြစ်စေရေး အားဖြည့်၊ မွမ်းမံ၊ ပြင်ဆင်ခြင်းကို ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၄။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄- ၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ (၈)နှစ်တာကာလအတွင်း နေအိမ်ပေါင်း ၈၆၀၀၀ ကျော်ကို လေပြင်းဒဏ်ခံနိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ နှစ်စဉ်လေပြင်းဘေး ကျရောက်နိုင်သော ဆောင်းအကုန်နွေအကူးကာလမှစ၍ မုတ်သုံမတိုင်မီကာလတွင် နေအိမ်များ လေပြင်းဒဏ်ခံနိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် လေပြင်းဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၅။ ပြည်သူများအနေဖြင့်လည်း အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဆောက်လုပ်ထားပြီးသောနေအိမ်များအတွက်**

(၁) မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။

(၂) လေပြင်းဒဏ်ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

(၃) သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/ သက်ငယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာအုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။

(၄) အိမ်အကာအရံများ၊ တံခါးများ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။ အနီးရှိကျိုးကျနိုင်သော သစ်ပင်/ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

**(ခ) အသစ်တည်ဆောက်မည့် အိမ်များဖြစ်ပါက**

(၁) အိမ်တိုင်များကို မြေဝင်အနည်းဆုံး နှစ်ပေခွဲ (လက်မောင်းတစ်ဆုံး)အထိ တူးစိုက်ပါ။

(၂) အိမ်တိုင်စိုက်ပြီးပါက တွင်းကို သဲ သို့မဟုတ် သဲပါသော မြေကြီးထည့်၍ ကျပ်ပါ။

(၃) အိမ်တိုင်အလွယ်တကူ ကျွတ်ထွက်မသွားနိုင်ရန် အိမ်တိုင်အောက်ခြေ မြေဝင်ပိုင်းတွင် စို့သံကြီးကြီးနှင့်ဖြစ်စေ၊ ကန့်လန့်သစ်သားတန်း သို့မဟုတ် သပ်ချောင်းနှင့်ဖြစ်စေ ရိုက်ပြီးမှ တိုင်စိုက်ပါ။

(၄) အုတ်ဖိနပ်အသုံးပြုပါက မြေကြီးထဲသို့ အုတ်ဖိနပ်အမြင့်၏ ၃ ပုံ ၂ ပုံထိ မြှုပ်၍ တည်ဆောက်ပါ။ မြေဝင်နက်နက်နှင့် ခိုင်မြဲစွာစိုက်ထူရန် အိမ်တိုင်နှင့် အုတ်ဖိနပ်အား ဇာဝီနှင့် မူလီအသုံးပြု၍ စနစ်တကျ တပ်ဆင်ပါ။

(၅) လေဒဏ်ခံရမှုမှ သက်သာစေရန် မိမိအိမ်၏တိုသောမျက်နှာစာကို လေပြင်းလာတတ်သည့်ဘက်သို့ မျက်နှာမူ၍ ဆောက်လုပ်ပါ။

(၆) လေဒဏ်ကြောင့် အိမ်ခေါင်မိုးပြုတ်မထွက်စေရန်နှင့် အမိုးလွင့်စဉ်ခြင်းမှ ကာကွယ်နိုင်ရန် ခေါင်မိုးများ၏ အမိုးစောင်းများကို ၃၀ ဒီဂရီ သို့မဟုတ် လက်သမားအခေါ် လက်မအချိုးအနည်းဆုံးထားပါ။ တံစက်မြိတ်၏ အစွန်းများကိုလည်း ၁၈ လက်မ (တစ်တောင်)ထက် ပိုမထွက်အောင် ဆောက်လုပ်ပါ။

(၇) သွပ်ပြားမိုးရာတွင် လေဒဏ်ကြောင့် လွင့်စဉ်ခြင်း၊ မိုးရေယိုစိမ့်ခြင်းမှ ကာကွယ်ရန် သွပ်သံကို အပေါ် ဘက်ခုံးနေသောနေရာတွင် တစ်ခုံးကျော် ရိုက်ပါ။

(၈) သက်ငယ်မိုးရာတွင် တစ်ချပ်နှင့်တစ်ချပ် ၄ လက်မခန့်ခြား၍ နှီးဖြင့်ခိုင်ခိုင်တုပ်ပြီး ထူထူမိုးပါ။

(၉) အိမ်ခေါင်မိုး၊ ကိုယ်ထည်၊ ကြမ်းပြင်၊ အိမ်တိုင်များကို မြေကြီးအထိ တစ်ခုနှင့်တစ်ခု တစ်ဆက်တစ်စပ်တည်း စနစ်တကျ ချိတ်ဆက်ထားပါ။ နေအိမ်ရဲ့တိုင်၊ ရက်မနှင့် ဆင့်များအား မူလီဖြင့် သေချာစွာ တွဲဆက်ထားပါ။

(၁၀) အိမ်နံရံများတွင် ခိုင်ခံ့သော ထောက်တန်းများ ထည့်၍ အိမ်ကိုယ်ထည် မစောင်း၊ မရွေ့၊ လည်မထွက်သွားစေရန် ဆောက်လုပ်ပါ။

၆။ လေပြင်းတိုက်ခတ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

(က) လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်အတူ လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။

(ခ) တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းပေါက်များအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

(ဂ) လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့) ခိုင်ခံ့သော အရာဝတ္ထုတစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။

(ဃ) အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

၇။ လေပြင်းတိုက်ခတ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

(က) ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။

(ခ) ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများနှင့် ဝေးရာတွင်နေထိုင်ပါ။

(ဂ) ထိခိုက်ဒဏ်ရာရရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုခံယူပါ။

(ဃ) ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများစသည့် အကူအညီလိုအပ်သူများကို တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။

၈။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် တိုကျိုမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုးပီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Daba Debele Hunde တို့ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

⚐ ရှေ့ဖုံးမှအဆက်

ယဉ်ကျေးမှုနှင့် အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဟောင်းဖြစ်သူ H.E. Mrs. Worknesh Biru နှင့် သံရုံးမှ တာဝန်ရှိသူတို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့အကြား သံတမန်ဆက်ဆံမှုများ တိုးတက်ကောင်းမွန်အောင် မြှင့်တင်ဆောင်ရွက်နိုင်ခဲ့မှု၊ မြန်မာနိုင်ငံတွင် လွတ်လပ်ပြီးတရားမျှတသည့်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ပြည်သူများက ရွေးချယ်တင်မြှောက်သည့်အစိုးရအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်း၍ နိုင်ငံတော်တာဝန်များ ထမ်းဆောင်လျက်ရှိသကဲ့သို့ အီသီယိုးပီးယားနိုင်ငံတွင်လည်း မေလအတွင်း ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပခဲ့ပြီး အစိုးရသစ်က နိုင်ငံ့တာဝန်များထမ်းဆောင်နေမှု၊ နှစ်နိုင်ငံအကြား အဆင့်မြင့်အရာရှိကြီးများ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားလာ၍ ဆက်ဆံမှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေ၊ ပြည်တွင်းပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် ငြိမ်းချမ်းရေးဆောင်ရွက်မှုနှင့် သက်ဆိုင်သည့်အတွေ့အကြုံများ နှစ်နိုင်ငံအကြား အပြန်အလှန်ဖလှယ်နိုင်ရေး၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့များကို လေ့လာရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်စေလွှတ်သွားမည့်အခြေအနေ၊ လွှတ်တော်များအချင်းချင်း ဆက်ဆံရေးနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေ၊ နယ်စပ်ဒေသများတွင် တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး နိုင်ငံ့ပုံရိပ်နှင့် နိုင်ငံတည်ဆောက်ရေးနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဟန့်အတားများ ဖြစ်ပေါ်လျက်ရှိမှု၊ နယ်စပ်ပြဿနာများကို အကောင်းဆုံးကိုင်တွယ်ဖြေရှင်းရန်လိုအပ်မှုနှင့် နိုင်ငံအတွင်းသို့ နယ်စပ်ဒေသများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျပြည်နှင့် လွှဲပြောင်းပေးလျက်ရှိမှု၊ နှစ်နိုင်ငံအကြား စိုက်ပျိုးရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍနှင့် ခရီးသွားကဏ္ဍများ အပါအဝင် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ရေး၊ နှစ်နိုင်ငံ ပြည်သူများအချင်းချင်း အပြန်အလှန်ကူးလူးဆက်ဆံမှုများ တိုးမြှင့်နိုင်ရေး ဆောင်ရွက်သွားနိုင်သည့်အခြေအနေ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် တိုကျိုမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုးပီးယားနိုင်ငံ သံအမတ်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

---

**❑ နေရာကွက်၍ မိုးကြီးနိုင်မှ**

ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ ထိတိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။

---

# မော်တော်ယာဉ်ပိုင်ရှင် အမည်ပြောင်းဆောင်ရွက်မှုအပေါ် အခွန်စိစစ်ခြင်းနှင့် ကျသင့်ငွေများ Digital Payment ဖြင့် ငွေပေးချေခြင်းကို Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ အခွန်ထမ်းပြည်သူများအနေဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီးဖြစ်သော မော်တော်ယာဉ်များအား လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အမည်ပြောင်းမှတ်ပုံတင်နိုင်ရန် အခွန်စိစစ်သည့်ကိစ္စရပ်များကို ၂၀၂၆ ခုနှစ် ဇူလိုင် ၁၆ ရက်မှစ၍ Vehicle Automatic Valuation System (VAVS)ဖြင့် ပြောင်းလဲကျင့်သုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ အခွန်ထမ်းပြည်သူများအနေဖြင့် https://vavs.ird.gov.mm ၌ မိမိ၏ ဖုန်းနံပါတ်ကိုအသုံးပြု၍ စနစ်အတွင်းသို့ဝင်ရောက်ပြီး မော်တော်ယာဉ်အမှတ်နှင့်လိုအပ်သောအချက်အလက်များကို ဖြည့်သွင်းပေးခြင်းဖြင့် စနစ်မှ အလိုအလျောက်တန်ဖိုးစိစစ်၍ အခွန်တွက်ချက်ပေးမည်ဖြစ်ပြီး Online Payment ဖြင့် ကျသင့်အခွန်ကို ပေးဆောင်နိုင်မည်ဖြစ်ပါသည်။

၃။ အခွန်ပေးဆောင်ခြင်းကို VAVS စနစ်နှင့် ချိတ်ဆက်ထားသော IRD's Tax Payment Hub မှတစ်ဆင့် MPU Debit Card ဖြင့်လည်းကောင်း၊ MMQR Code ကိုအသုံးပြု၍ KBZ Pay၊ AYA Pay၊ CB Pay၊ uab Pay၊ A plus Wallet၊ Citizen Pay၊ OK$၊ Wave Money၊ Trusty Pay၊ Zego Pay၊ M-Pitesan၊ GTB Pay၊ MoMoney စသည်တို့ဖြင့်လည်းကောင်း၊ uab Bank၊ Shwe Bank၊ A Bank တို့၏ Mobile Banking စနစ်များဖြင့်လည်းကောင်း ပေးဆောင်နိုင်ပါသည်။

၄။ အခွန်ပေးဆောင်ပြီးပါက VAVS စနစ်မှရရှိသည့် အီလက်ထရောနစ်အခွန်ဆိုင်ရာစိစစ်ဆောင်ရွက်ပြီးကြောင်း ထောက်ခံချက်(e-Tax Clearance Certificate) QR Form ကို ကြည်လင်ပြတ်သားစွာထုတ်ယူ၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မော်တော်ယာဉ်အမည်ပြောင်းကိစ္စကို ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

၅။ ကနဦးမော်တော်ယာဉ်များ၊ ကုမ္ပဏီအမည်ဖြင့် အမည်ပြောင်းမှတ်ပုံတင်ခြင်းလုပ်ငန်းများ၊ ဝင်ငွေရလမ်းတင်ပြမည့်ကိစ္စရပ်များနှင့်ပတ်သက်၍ မူလဆောင်ရွက်သည့် လုပ်ငန်းစဉ်များအတိုင်း သက်ဆိုင်ရာရုံးများတွင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက Call Center ဖုန်းနံပါတ် 1515 သို့လည်းကောင်း၊ techsupport. vavs@ird.gov.mm နှင့် callcenter.vavs@ird.gov.mm သို့ အီးမေးလ်ပေးပို့၍လည်းကောင်း၊ အခွန်ဆိုင်ရာဝန်ဆောင်မှုဌာနခွဲ(ရန်ကုန်) (၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်) (၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) (၀၂-၄၀၃၀၆၃၇၊ ၀၂-၄၀၃၀၆၃၈)၊ အီလက်ထရောနစ်ဝန်ဆောင်မှုနည်းပညာဆိုင်ရာအကူအညီပေးရေးစင်တာ (e-Service Help Desk Center)(၀၁-၈၃၇၈၃၇၁၊ ၀၁-၈၃၇၀၁၉၅၊ ၀၁-၈၃၇၉၀၂၁)၊ နီးစပ်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်သွားရောက်၍လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ပြည်တွင်းအခွန်များဦးစီးဌာန**

---

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်ရာသီအလိုက် ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# စာရီတ္တာ ၂ ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN Channel က ဩဂုတ် ၂ရက်တွင် ထုတ်လွှင့်တင်ဆက်သွားမည်




**ရန်ကုန် ဇူလိုင် ၃၀**

CANAL+ ရုပ်သံလိုင်းမှ စာရီတ္တာ ၂ ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN Channel က ဩဂုတ် ၂ရက်တွင် ထုတ်လွှင့်တင်ဆက်မည်ဖြစ်ကြောင်း သရုပ်ဆောင် နေဝင်းက ပြောပြ၍ သိရသည်။

စာရီတ္တာ ၂ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒီဒီထက်အောင်က ရေးသားထားပြီး The Rays ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ စိုးမိုးမင်းက ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားက ၂၀၂၄ ခုနှစ် နိုဝင်ဘာလတုန်းက ရုံတင်ခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားပါ။ သူ့ရှေ့မှာ စာရီတ္တာ ၁ ဆိုတဲ့ ဇာတ်ကားလဲရှိပါတယ်။ ကျွန်တော်တို့ရဲ့ရှေ့က စာရီတ္တာ ၁ ကို ကြည့်ထားမှ မကြာခင်ထုတ်လွှင့်မဲ့ စာရီတ္တာ ၂ နဲ့က အဆက်အစပ်ရှိမှာပါ။ စာရီတ္တာ ၁ ရုပ်ရှင်ဇာတ်ကားလဲ CANAL+ က ပြန်လည်ထုတ်လွှင့်ပြသမှာပါ"ဟု သရုပ်ဆောင် နေဝင်းက ပြောပြသည်။

စာရီတ္တာ ၂ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် နေဝင်း၊ မင်းဘုန်းမြတ်၊ ချာလီ၊ ကောင်းမြတ်စံ၊ တေဇလင်းရောင်၊ ထွန်းပုလဲရတနာ၊ ဝေလာရီ၊ မေမြင့်မိုရ်နှင့်အတူ စာရီတ္တာရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသည့် အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားပြီး CANAL+ ZAT LENN Channel က ဩဂုတ် ၂ရက် တနင်္ဂနွေနေ့ ည ၇ နာရီ မိနစ် ၃၀ တွင် ထုတ်လွှင့်ပြသပေးသွားမည် ဖြစ်ကြောင်း သိရသည်။ ASH

# ယူနီဗာဆယ်၏ The Mummy ဇာတ်ကား၌ မင်းသား မိုက်ကယ်ဂျွန်စတန် ပါဝင်မည်ဖြစ်

**နယူးယောက် ဇူလိုင် ၃၀**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ The Mummy ဇာတ်ကားသစ်တွင် မင်းသား မိုက်ကယ်ဂျွန်စတန် ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း ဇူလိုင် ၂၉ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် The Mummy ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် မင်းသား မိုက်ကယ်ဂျွန်စတန်သည် ယူနီဗာဆယ်ကုမ္ပဏီနှင့် ချိတ်ဆက်နေကြောင်း သိရသည်။

အပြီးသတ်သဘောတူညီချက် ရရှိခဲ့ပါက မိုက်ကယ်ဂျွန်စတန်သည် မင်းသား ဘရန်ဒါဖရေဆာ၊ မင်းသမီး ရာချယ်ဝိုက်တို့နှင့်အတူ သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

The Mummy ဇာတ်ကားကို ဒါရိုက်တာ မက်ဘက်တီနယ်ဘီ အော်ပင်နှင့် တိုင်လာဂျီးလက်တို့က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

The Mummy ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဒေးဗစ်ကို ဂျက်ဟောက်က တာဝန်ယူရိုက်ကူးပေးထားကြောင်း သိရသည်။

The Mummy ဇာတ်ကားကို ၂၀၂၇ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ရုံတင်ပြသရန် ယူနီဗာဆယ်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# မောင်နာလီဇာ ရုပ်ရှင်ဇာတ်ကား Premiere Show ပြုလုပ်

**ရန်ကုန် ဇူလိုင် ၃၀**

ဇူလိုင် ၃၁ ရက်တွင် နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့် ရုပ်ရှင်ရုံကြီးများတွင် ရုံတင်ပြသသွားမည့် မောင်နာလီဇာ ရုပ်ရှင်ဇာတ်ကား Premiere Show ကို ဇူလိုင် ၂၉ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံတွင် ပြုလုပ်ခဲ့ကြောင်း သရုပ်ဆောင် အေးဝတ်ရည်သောင်းက ပြောပြ၍ သိရသည်။

မောင်နာလီဇာ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ညာလက်တော်က ရေးသားထားပြီး မင်းကိုစိုး(နတ်သံကွင်း)က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က Lavender Production အတွက် တာဝန်ယူရိုက်ကူးထားကြောင်း သိရသည်။

"မောင်နာလီဇာ ရုပ်ရှင်ဇာတ်ကားကတော့ ရိုက်ကူးထားတာ တော်တော်လေးကို ကြာပါပြီ။ ဇာတ်သဘင် နောက်ခံထားတဲ့ ဇာတ်လမ်းလေးပါ။ လွန်ခဲ့တဲ့ ခုနစ်နှစ်က ရိုက်ထားတာမို့ အဲ့အချိန်ကတော့ ဇာတ်သဘင်လောက သိပ်ခေတ်မစားသေးဘူးပေါ့။ ရုံတင်ချိန်မှာ ဇာတ်သဘင်ခေတ်နဲ့ တိုက်ဆိုင်သွားတယ်လို့ ပြောလို့ရပါတယ်။ ချစ်စရာကောင်းတဲ့ သဘင်ကို နောက်ခံထားတဲ့ အချစ်တွေရော ဟာသနဲ့ ဒရာမာလေးတွေပါဝင်တဲ့ကားလေးမို့ ပရိသတ်တွေ အကြိုက်တွေ့စေမှာပါ"ဟု သရုပ်ဆောင် အေးဝတ်ရည်သောင်းက ပြောပြသည်။



မောင်နာလီဇာ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ ခင်လှိုင်၊ ရဲမိုး(သဘင်)၊ မင်းရာဇာ၊ ဇင်မျိုး၊ နေလင်း၊ ချစ်လှလှ၊ သိန်းဇံ၊ သီဟ၊ အိုကေ၊ ဖြိုးရာဇာနိုင်၊ မင်းခန့်၊ စိုးကြီး၊ မျိုးကြီး၊ သီဟ(လာဗင်ဒါ)၊ ခိုင်သင်းကြည်၊ အေးဝတ်ရည်သောင်း၊ စမိုင်းလ်၊ ပိုပိုချစ်၊ မှုံနံ့သာ၊ ဇာခြည်လွင်၊ စိုးစိုး၊ နန်းရွှေအိမ်၊ မိုးအိန်ဂျယ်၊ ပွင့်အိန္ဒြေ၊ ဦးတင်အုန်းနှင့်အဖွဲ့၊ ကလေးသရုပ်ဆောင် မင်းဘုန်းမြင့်၊ ထက်ပိုင်ဦးနှင့် အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Lizard Music ဇာတ်ကား၌ မင်းသမီး ရက်ဂျီနာဟော ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဇူလိုင် ၃၀**

Amazon MGM စတူဒီယို၏ Lizard Music အမည်ရှိ ဇာတ်ကား၌ မင်းသမီး ရက်ဂျီနာဟော ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၂၉ ရက် သတင်းများအရ သိရသည်။

Lizard Music ဇာတ်ကားတွင် မင်းသမီး ရက်ဂျီနာဟောသည် မင်းသား ဒွင်းဂျွန်ဆင်နှင့်အတူ သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

Lizard Music ဇာတ်ကားတွင် ကလေးသရုပ်ဆောင် သီအိုလီဘာ၊ မင်းသမီး အယ်လီရှားဆေးဗား စတုန်းတို့လည်း ပါဝင်သရုပ်ဆောင်ရမည်ဖြစ်သည်။

Lizard Music ဇာတ်ကားကို ဒါရိုက်တာ ဘန်နီဆက်ဒီးက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Lizard Music ဇာတ်ကားတွင် မင်းသား ဒွင်းဂျွန်ဆင်သည် ထုတ်လုပ်သူတစ်ဦးအဖြစ် တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

Lizard Music ဇာတ်ကား ရိုက်ကူးမည့်အချိန်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Amazon MGM စတူဒီယိုက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**





# တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၏ SAI SAI Live in THOR တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ THOR Bar တွင် ပြုလုပ်မည်ဖြစ်




**ရန်ကုန် ဇူလိုင် ၃၀**

တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၏ SAI SAI Live in THOR တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ THOR Bar ၌ ဩဂုတ် ၄ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်က ပြောပြ၍ သိရသည်။

တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၏ SAI SAI Live in THOR တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၏ သီဆိုဖျော်ဖြေမှုများကို Mercury IX Band ကလည်း အကောင်းဆုံးပံ့ပိုးတီးခတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

"ဩဂုတ် ၄ ရက်မှာ The Heart of Rangoon-THOR Bar မှာ Mercury IX Band နဲ့ အတူတူအကောင်းဆုံး ဖျော်ဖြေပေးသွားဖို့ရှိပါတယ်။ အားလုံးကို ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်က ပြောပြသည်။

The Heart of Rangoon-THOR Bar တွင်ပြုလုပ်မည့် SAI SAI Live in THOR တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၏ သီဆိုဖျော်ဖြေမှုများနှင့် Mercury IX Band တေးဂီတအဖွဲ့၏အကောင်းဆုံးတီးခတ်မှုများကို ဩဂုတ် ၄ ရက် ညနေ ၆ နာရီ မိနစ် ၃၀ တွင် စတင်မည်ဖြစ်ကြောင်း သိရသည်။ ASH

# President of the Republic of the Union of Myanmar U Min Aung Hlaing receives Ambassador of Tokyo-based Embassy of Ethiopia to Myanmar



**President U Min Aung Hlaing receives Ambassador of the Tokyo-based Embassy of Ethiopia to Myanmar Mr. Daba Debele Hunde.**

**Nay Pyi Taw July 30**

President of the Republic of the Union of Myanmar U Min Aung Hlaing received a delegation led by Ambassador of the Tokyo-based Embassy of Ethiopia to Myanmar H.E. Mr. Daba Debele Hunde, who had completed his tour of duty in Myanmar, at the Reception Hall of the Presidential Office in Nay Pyi Taw this morning.

Also present at the call together with the President were Union Minister for Foreign Affairs U Tin Maung Swe and officials. The Ethiopian Ambassador was accompanied by his wife H.E. Mrs. Worknesh Biru, member of the House of Peoples' Representatives and former Deputy Minister of Culture and Sport, and the embassy officials.

At the call, cordial talks were centred on the activities to improve and deepen diplomatic relations between Myanmar and Ethiopia, the government elected by the people at the free and fair multiparty democracy general election, held successfully in Myanmar, and its assumption of State duties and its march towards the path to democracy, the assumption of the State duties by the new Ethiopian government after the successful completion of the elections in May, promotion of bilateral relations through increase in the exchange of goodwill visits between the senior officials of the two countries, exchange of experience in peace endeavours to end internal conflicts, sending peace-building teams to facilitate their study tours, promotion of relations and cooperation between the parliaments, the appearance of obstacles in restoring the country’s image and conducting development undertakings after the lost of peace and stability at the borders, requirement of the most suitable means to solve the problems at the border and the systematic transfer of foreign migrants who sneaked into the country through the borders back to their countries, cementing of cooperation in multiple sectors including agriculture, trade and tourism, promotion of people-to-people interactions between the two countries, further deepening of bilateral friendship and cooperation.

After the call, the President and the Ambassador exchanged commemorative gifts and posed for documentary photos together with the attendees. MNA

# Vice President Daw Nan Ni Ni Aye addresses University of West Yangon’s 25th Silver Jubilee Celebration

**Nay Pyi Taw July 30**

The Ministry of Education held the 25th Silver Jubilee Celebration of the University of West Yangon this morning on the university campus in Yangon. Vice President of the Republic of the Union of Myanmar Daw Nan Ni Ni Aye attended the ceremony and delivered an address.

Among those attending were Union ministers, the Yangon Region chief minister, deputy ministers, regional ministers, the Yangon Region advocate general, departmental heads and officials, university rectors, professors, teachers, students and invited guests.

The Vice President inaugurated the celebration by pressing the ceremonial button to unveil the commemorative plaque marking the university's 25th anniversary. She, together with Union ministers and the Yangon Region chief minister, then sprinkled scented water on the commemorative plaque and inscription as a symbolic gesture before touring exhibition booths displaying Silver Jubilee commemorative exhibits.

The ceremony continued in the university's main hall, where students opened the programme with a song-and-dance performance titled Htun Tet Waisa Ngwe Yatu Thabin Maha.

In her address, the Vice President said the event not only commemorated the university's 25 years of achievements and development but also marked a new milestone that would strengthen the foundation for future educational progress. She said she was honoured to attend the ceremony and deliver remarks on behalf of the President.

She noted that the University of West Yangon has produced not only outstanding graduates but also talented athletes who have excelled in sports. She said the university's academic and physical development over the past 25 years had been achieved through the support of the Head of State and responsible officials, together with the collective efforts of teachers, students and staff.

Highlighting the motto, "Support Education for National Development," she stressed that the comprehensive development of the education sector can only be achieved through the cooperation of teachers, parents and students.

The Vice President said the development of a nation depends on healthy, capable and talented young professionals and scholars. She urged educational institutions, from basic education schools to universities, to nurture a new generation equipped with strong moral values, creativity, academic excellence and wisdom. She also encouraged teachers, staff and students to continue striving to make the University of West Yangon a centre of excellence in education, research and the development of technologies and software that benefit the public across various sectors.

She further emphasized that the development of education is essential to youth development, human resource enhancement and national progress, calling on the public, parents, teachers and

*See Page 14*



**Vice President Daw Nan Ni Ni Aye addresses the University of West Yangon’s 25th Silver Jubilee Celebration.**

# President of the Republic of the Union of Myanmar U Min Aung Hlaing to deliver an address on the 100-day progress of the government at the Pyidaungsu Hluttaw session

**Nay Pyi Taw July 30**

As the Pyidaungsu Hluttaw of the Republic of the Union of Myanmar sent a message of invitation to the President of the Republic of the Union of Myanmar, U Min Aung Hlaing, to deliver an address at the 12th day programme of the second regular session of the Third Pyidaungsu Hluttaw to be held on 31 July 2026, the President will attend the Pyidaungsu Hluttaw session and deliver an address emphasizing the report on 100-day progress of the government.

It is hereby announced that the address to be delivered by the President on the 100-day progress of the Government will be broadcast live from 10:00 am on 31 Julyat the second regular session of the Third Pyidaungsu Hluttaw, through MRTV-HD, MRTV-News, MRTV-Parliament, MRTV-Farmers' and MWD-HD, MWD-Variety television channels, as well as Myanmar Radio and Thazin FM.

**Presidential Press and Information Bureau**

# Tatmadaw columns capture Witote, Teddimyan, Yantaingaung, Tweban villages temporarily controlled by terrorist insurgents on Kalay-Tamu road



**Tatmadaw columns' recapture of Yantaingaung Village, which had been used as a military camp by terrorist insurgents along the Kalay–Tamu communication route.**



**Tatmadaw columns' recapture of Witote Village, which had been used as a military camp by terrorist insurgents along the Kalay–Tamu communication route.**

**Nay Pyi Taw July 30**

To control and reopen Kalay-Tamu road as soon as possible, Tatmadaw columns have launched counterterrorism operations and taken security measures relentlessly and energetically by sacrificing lives to retake towns and villages, which were temporarily controlled by terrorist insurgents, along the road one after another.

To control and reopen the road, the Tatmadaw columns organized systematically and have taken security measures synchronously day or night by deploying the columns and sacrificing lives since 7 July. A column advancing from Kalay, recapturing towns and villages along the roads step by step, was able to retook the route up to Botekan model village on 28 July while another column marching from Tamu managed to capture the route up to Yanlinphai village.

After retaking towns and villages along the roads step by step and expanding the victorious area, the column advancing from Tamu captured Witote, Teddimyan and Yantaingaung villages and surrounding areas while the column marching from Kalay took Tweban village today, seizing grenades, ammunition, homemade bombs and accessories from terrorist insurgents and forcing them to retreat in chaos after suffering heavy casualties.

The columns captured gate tents built with sand bags by terrorist insurgents on both sides of roads to collect ransoms from local residents with the use of force during their temporary control and shooting trenches, bunkers and communication trenches strongly constructed as defense positions with sand bags and logs by taking cover of houses of local residents.

The Tatmadaw columns have continued to speed up necessary security measures in the areas to implement socioeconomic development to local residents and to reopen Kalay-Tamu road as soon as possible and are reconstructing damaged sites vulgarly destroyed by terrorist insurgents and clearing landmines for safety of local residents.

100



**Villages along the Kalay–Tamu communication route being used as military camps by terrorist insurgents, as seen by Tatmadaw columns.**



**Ammunition, improvised mines, and related items seized from terrorist insurgents by Tatmadaw columns.**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Commander-in-Chief of Defence Services (Army, Navy and Air) Office families' third monsoon tree-planting ceremony for 2026 held



General Ye Win Oo looks round and encourages those participating in the tree-planting activities.

**Nay Pyi Taw July 30**

The third monsoon tree-planting ceremony for 2026, organized by the families of the Office of the Commander-in-Chief of Defence Services (Army, Navy and Air), was held near Yezin Dam, Zeyathiri Township, Nay Pyi Taw. Commander-in-Chief of Defence Services General Ye Win Oo attended and led the planting of a premium teak sapling.

The ceremony was attended by Daw Nilar, wife of the Commander-in-Chief of Defence Services; Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin and his wife Daw Nan Kuu Ku; Union Ministers and their wives; Commander-in-Chief (Navy) Admiral Htein Win and his wife; Commander-in-Chief (Air) General Tun Win and his wife; senior military officers from the Office of the Commander-in-Chief and their wives; trainee officers from the National Defence College; as well as officers, other ranks, and family members from various departments under the Office of the Commander-in-Chief of Defence Services (Army, Navy and Air).

First, General Ye Win Oo delivered an address. He stated that since 2011, the Tatmadaw has planted numerous trees—including shade and windbreak trees, perennial fruit/cash crops, industrial raw-material trees, and premium timber species—in various regional military command areas and in units/battalions. Looking back over the 15-year period, some fast-growing trees have already provided shade, coolness, and security benefits, while industrial raw-material trees have been able to contribute indirectly to the public welfare even before reaching commercial production levels.

He noted that the records and statistics of tree-planting by Tatmadaw families over the years demonstrate their contribution to environmental greenery and conservation, which should be recognized as a commendable legacy.

He observed that almost all countries in the world today are jointly seeking solutions to mitigate environmental problems as much as possible. According to research records, before the 1980s, natural disasters occurred about 60 times a year, but from around 2015 onward, the average increased to about 240 times per year. In the present era, the competitive expansion of industries, along with the proliferation of factories, workshops, and vehicles, has caused air pollution and environmental degradation.

He noted that the global community is making concerted efforts to reduce carbon dioxide emissions. Since the establishment of factories and the creation of new technologies cannot stop and will continue to be necessary for humanity, we must strive to innovate in ways that cause minimal environmental harm. The easiest solution in this regard is to strengthen forest coverage, and therefore it is essential to continue tree-planting efforts without interruption.

He emphasized that while tree-planting is understood to benefit the environment, when actually planting, care must be taken to consider long-term factors, especially near residential buildings, offices, and power lines. He also stressed that to achieve good results, trees suitable for the local climate and terrain should be selected. Moreover, planting is not enough—we must not consider the job done after planting; we need to tend to the trees with weeding, fertilizing, and pest control at the appropriate times. Rather than focusing solely on statistics, we should cultivate the mindset that every tree planted must survive. Only then will we achieve the goals of our tree-planting efforts.

He pointed out that Myanmar is a country endowed with excellent geographical and ecological conditions. Teak, which is well-suited to Myanmar's climate and soil types, can be considered a precious gift of nature. Other hardwood species also have their own value, being useful for household furniture, handicrafts, construction materials, and more. Some species thrive naturally with minimal human intervention. However, he cautioned against indiscriminate and uncontrolled felling simply because they grow easily and are plentiful.

He stated that citizens must recognize the true value of the nation's abundant natural forest resources and actively protect them. Furthermore, he highlighted the need to combine this awareness with an understanding of the country's geographic significance. He emphasized that by conserving above-ground forest resources and planting trees, everyone must continuously work to foster a sustainable source of renewable energy through individual effort.

He noted that the families of the Office of the Commander-in-Chief (Army, Navy, and Air) have organized a total of 46 tree-planting ceremonies from 2011 through the second ceremony of 2026. He stated that during today's event, a total of 2,400 saplings—comprising 900 teak, 300 pyinkado, 600 mahogany, and 600 padauk trees—will be planted. He added that lush green trees and forests refresh human sight and foster peace of mind, emphasizing that the benefits of forests range from personal health to enhanced socio-economic livelihoods. He urged everyone to pass down good habits—such as disaster prevention, tree planting, and forest conservation—so that future generations can understand their importance. Citing the proverb "Plant trees if you wish to be happy for a lifetime," he emphasized that tree planting is both a historical duty of humanity and a national responsibility, calling for collective and unified participation from all.

Following this, the Commander-in-Chief of Defence Services and his wife led the tree-planting ceremony by planting a valuable teak sapling. Attendees then proceeded to plant trees in their designated areas.

Subsequently, the Commander-in-Chief of Defence Services, accompanied by his wife and delegation, toured the venue to observe and encourage the families of officers and enlisted personnel participating in the collective tree-planting event.

Similarly, the third monsoon tree-planting ceremonies were held across the respective Regional Commands, where commanders, officials, officers, enlisted personnel, and their families collectively planted valuable hardwood trees, industrial raw crop plants, perennial fruit trees, and shade-providing trees. The breakdown of saplings planted includes: 5,530 in Nay Pyi Taw Command; 5,795 in Northern Command; 1,402 in Northeastern Command; 15,282 in Eastern Command; 18,296 in Eastern Central Command; 11,907 in Triangle Region Command; 8,265 in Southeastern Command; 7,405 in Coastal Region Command; 56,083 in Yangon Command; 4,787 in Southwestern Command; 5,220 in Western Command; 7,870 in Northwestern Command; 48,237 in Central Command; and 14,024 in Southern Command. Consequently, a total of 212,503 trees were planted across the entire Tatmadaw today, according to reports. 100

---

*From Page 12*

students to work together with the government in a spirit of unity. Congratulating the university on its Silver Jubilee, she expressed her hope that it would continue achieving greater success through future milestones—from the Silver Jubilee to the Golden Jubilee, Diamond Jubilee and beyond—and become a university that the nation can rely on for producing outstanding scholars and future generations of intellectuals.

Following the address, the Vice President and guests watched a commemorative video marking the university's 25th anniversary. Students then presented another cultural performance, singing and dancing to the song Kyaing Hlyan Thadin Phyar, University of West Yangon.

At the conclusion of the ceremony, Union Minister for Education Dr. Chaw Chaw Sein presented a Silver Jubilee commemorative gift to Vice President Daw Nan Ni Ni Aye, after which participants posed for a group photograph.

Established in Htantabin Township in 2001, the University of West Yangon has produced 24,585 bachelor's degree graduates, 1,001 honours graduates and 881 postgraduate degree holders between the 2004–2005 and 2024–2025 academic years. During the 2025–2026 academic year, the university also produced two multi-award-winning outstanding students. MNA

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**အရာတော် ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံကေ ၂၅၄၁၀ စိုက်ပျိုးရန်လျာထားပြီး မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကေ ၂၅၄၈၅ စိုက်ပျိုးပြီးစီးပြီဖြစ်၍ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ ပဲစင်းငုံ ကေ ၂၅၄၁၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့မှာ ၂၅၄၈၅ ကေထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့၊ ပိုးမွှားရောဂါကင်းစင်ဖို့ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြသည်။

အရာတော်မြို့နယ်တွင် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေး တို့အတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြ၍ သိရသည်။

(၂၀၆)

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပန်းကဏန်းပိဿာချိန် ၄၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ ဇူလိုင် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပန်းကဏန်း ပိဿာချိန် ၄၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ပန်းကဏန်းပိဿာချိန် ၂၉၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ပန်းကဏန်း ပိဿာချိန် ၄၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ပန်းကဏန်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က ဒီဘက်ကနေတင်ပို့တဲ့ ရေထွက်ကုန် အဓိကဈေးကွက်



တစ်ခုပါ။ ပြီးခဲ့တဲ့တစ်လအတွင်း ပန်းကဏန်းပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ပန်းကဏန်းတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဒီဘက်က ပန်းကဏန်းတွေကို ရန်ကုန်ဈေးကွက်က ဒေသဈေးကွက်အပြင် အခြားဒေသတွေကိုပြန်လည်တင်ပို့ရောင်းချနေတယ်လို့ သိရပါတယ်" ဟု ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ပန်းကဏန်း ၁၀ ပိဿာလျှင် ငွေကျပ် ၃၅၀၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ပန်းကဏန်းများ တင်ပို့အားကောင်းလာခြင်းကြောင့် ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်း ရရှိအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ပြည်မြို့နယ် မုဒွောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပြည် ဇူလိုင် ၃၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မုဒွောကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါက ကျေးလက်နေပြည်သူများ ဒစ်ဂျစ်တယ် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီစေရန်နှင့် အုပ်ချုပ်မှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများ လျှော့ချနိုင်စေရန်ရည်ရွယ်၍ Mobile Phone အသုံးပြုကာ ချေးငွေများ ထုတ်ချေးခြင်း အစီအစဉ်ကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သော်သော်သိန်းအေးက Mobile Financial Payment စနစ်ဖြင့်ချေးငွေများ ထုတ်ချေးခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေများထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၏ ကြီးကြပ်မှုဖြင့် Citizen ကုမ္ပဏီမှ တာဝန်ရှိသူများက CTZ pay အသုံးပြုပြီး မုဒွောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၃ ဦးကို ရန်ပုံငွေကျပ် ၄၃ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုညို




# ပူတာအိုမြို့နယ် မုံဒုံ-၂ ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်



**ပူတာအို ဇူလိုင် ၃၀**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပူတောင်းကျေးရွာအုပ်စု မုံဒုံ-၂ ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပူတာအိုခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မေညွန့်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ စီမံကိန်း လက်စွဲစာစောင်ပါ တာဝန်ဝတ္တရားများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ တာဝန်နှင့်ရပိုင်ခွင့်များကို ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

အဆိုပါ မုံဒုံ-၂ ကျေးရွာ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြု၍ ဌာန၏နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပူတာအိုခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မေညွန့်ထံမှ သိရသည်။

ချစ်ဦးကို






တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

☆ ကျောဖုံးမှအဆက်

ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးကူ၊ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးထွန်းဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက အမှာစကားပြောကြားရာတွင် တပ်မတော်အနေဖြင့် ၂၀၁၁ ခုနှစ်ကစ၍ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေဒေသအသီးသီးနှင့် တပ်ရင်းတပ်ဖွဲ့များတွင် အရိပ်ရလေကာပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ စက်မှုကုန်ကြမ်းနှင့် ရတနာတန်းဝင်ပင်စသည်ဖြင့် အပင်ပေါင်းများစွာကို စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း၊ ၁၅ နှစ်သက်တမ်းကာလနှင့် တွက်ကြည့်မည်ဆိုပါက အချို့သော ကြီးမြန်သစ်ပင်များသည် အရိပ်ရလေကာပင်များအဖြစ် အေးမြမှုနှင့်လုံခြုံမှုအကျိုးရလဒ်များကိုပေးနိုင်ခဲ့ပြီဖြစ်သကဲ့သို့ စက်မှုကုန်ကြမ်းပင်များသည်လည်း ကုန်ထုတ်စီးပွားအဆင့်မရောက်ခင် ပြည်သူလူထုအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်ခဲ့ကြသည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း။

တပ်မတော်သား မိသားစုဝင်များ၏ သစ်ပင်စိုက်ပျိုးခဲ့မှု နှစ်ကာလနှင့် ကိန်းဂဏန်းများသည် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို တစ်ဖက်တစ်လမ်းက ဝိုင်းဝန်းကြိုးပမ်းထမ်းရွက်နိုင်ခဲ့ကြသည်ကို မှတ်တမ်းကောင်းတစ်ရပ်အဖြစ် တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ယနေ့ ကမ္ဘာ့နိုင်ငံတိုင်းလိုလိုသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို အတတ်နိုင်ဆုံးလျော့ကျနိုင်စေရန် ပူးပေါင်းအဖြေရှာလျက်ရှိကြောင်း၊ သုတေသနမှတ်တမ်းများအရ ၁၉၈၀ ပြည့်နှစ်မတိုင်မီကာလများတွင် တစ်နှစ်ကိုအကြိမ် ၆၀ ခန့်သာ သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်ခဲ့သော်လည်း ၂၀၁၅ ခုနှစ်ဝန်းကျင်လောက်ကစပြီး တစ်နှစ်လျှင် ပျမ်းမျှအကြိမ် ၂၄၀ ခန့်ထိတိုးပွားလာခဲ့ကြောင်းကို လေ့လာတွက်ချက်မှုမှတ်တမ်းများအရသိရှိရကြောင်း၊ ယနေ့မျက်မှောက်ကာလတွင် စက်မှုလုပ်ငန်းများ အပြိုင်အဆိုင်တိုးတက်ထုတ်လုပ်ရာကနေ တိုးတက်များပြားလာသည့်စက်ရုံအလုပ်ရုံကြီးများနှင့် ယာဉ်ယန္တရားများကြောင့် လေထုညစ်ညမ်းမှုနှင့်အတူ သဘာဝပတ်ဝန်းကျင်ကိုပါ ထိခိုက်ပျက်စီးစေခဲ့ကြောင်း။

တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုကို လျှော့ချကြရန် ဝိုင်းဝန်းကြိုးစားနေကြသည်ကိုလည်းတွေ့ရှိရကြောင်း၊ စက်ရုံများတည်ထောင်မှုနှင့် နည်းပညာအသစ်များ စိုက်ပျိုးမှုသာ အကျိုးရလဒ်ကောင်းများဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထို့ပြင်စိုက်ပြီးလျှင် ပြီးပြီဟု မမှတ်ယူဘဲသူ့အချိန်နှင့်သူပေါင်းသင်ခြင်း၊ မြေသြဇာကျွေးခြင်းနှင့် ပိုးမွှားများကင်းဝေးအောင် ဂရုစိုက်ကြရန်လည်း လိုအပ်ကြောင်း၊ ကိန်းဂဏန်းအချက်အလက်များ ဖန်တီးမှုတို့သည် ရပ်တန့်၍မရဘဲ လူသားများအတွက် စဉ်ဆက်မပြတ်လိုအပ်နေမည်ဖြစ်သောကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်အောင်သာ ကြိုးစားတီထွင်ကြံဆရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အလွယ်ကူဆုံးဖြေရှင်းနည်းသည် သစ်ပင်သစ်တောဖုံးလွှမ်းမှုအားကောင်းစေရေးဖြစ်၍ သစ်ပင်စိုက်ပျိုးခြင်းကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်းကို အသိပေးပြောကြားလိုကြောင်း။

သစ်ပင်များစိုက်ပျိုးခြင်းသည် သဘာဝပတ်ဝန်းကျင်ကို အထောက်အကူပြုသည်ဟုမှတ်ယူပြီး လက်တွေ့စိုက်ကြသည့်အခါတွင် လူနေအဆောက်အအုံများ၊ ရုံးဌာနအနီးအနားများနှင့် လျှပ်စစ်မီးလိုင်းများရှိသည့်နေရာများကို ရှေ့ရှည်အတွက် တွေးတောဆင်ခြင်သတိပြုစိုက်ပျိုးကြရန်လည်း လိုအပ်ကြောင်း၊ ပတ်ဝန်းကျင်အနေအထားနှင့် အပင်အမျိုးအစားတို့အပေါ်မူတည်ပြီး အရပ်ဒေသနှင့် ကိုက်ညီသည့်အပင်များကို ရွေးချယ်




ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးကူ ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပစဉ်။



ဧရာဝတီတိုင်းဒေသကြီး... 

တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပစဉ်။

ထက် တစ်ပင်စိုက်လျှင် တစ်ပင်ရှင်ရမည်ဆိုသည့် အသိမျိုးမွေးမြူကြရမည်ဖြစ်ကြောင်း၊ သို့မှသာ မိမိတို့သစ်ပင်စိုက်ပျိုးရသည့် ရည်ရွယ်ချက်ကို အောင်မြင်အထမြောက်စေမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ရေခံမြေခံအင်မတန်ကောင်းသည့် ပထဝီမြေမျက်နှာသွင်ပြင်အနေအထားကိုပိုင်ဆိုင်ထားသည့်နိုင်ငံတစ်ခုဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ရာသီဥတု၊ မြေအမျိုးအစားတို့နှင့်သဟာဇာတကျသည့် ကျွန်းသစ်သည် သဘာဝကပေးသော အဖိုးတန်လက်ဆောင်မွန်တစ်ပါးဟု ဆိုနိုင်ကြောင်း၊ အခြားသော သစ်မာပင်များသည်လည်း သူ့နေရာနှင့်သူ တန်ဖိုးအလိုက် အိမ်ထောင်ပရိဘောဂ၊ လက်မှုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးစသည်ဖြင့် အသုံးဝင်သည့်အပင်များပင်ဖြစ်ကြောင်း၊ အချို့အပင်များသည် နဂိုသဘာဝနှင့်လိုက်လျောညီထွေစွာ လူတို့ပြုပြင်ထိန်းသိမ်းမှုအနည်းဆုံးနှင့် ရှင်သန်ကြီးထွားတတ်ကြကြောင်း၊ ထိုသို့အလွယ်တကူပေါက်ရောက်၍ ပေါများသည်ဟုဆိုကာ စည်းကမ်းမဲ့ခုတ်ယူသုံးစွဲခြင်းများ မပြုလုပ်ကြရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင် သဘာဝကပေးထားသည့်သစ်တော သယံဇာတပေါကြွယ်ဝမှု၏ တန်ဖိုးကိုသိရှိပြီး ကိုယ်စီကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့တိုင်းပြည်၏ ပထဝီအရ အရေးပါမှုကိုပါ ပေါင်းစပ်သိရှိနားလည်ပြီး မြေပေါ်သယံဇာတဖြစ်သည့် သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် သစ်ပင်များစိုက်ပျိုးခြင်းဖြင့် ကိုယ်စီဆောင်ရွက်နိုင်သည့် ပြည့်ဖြိုးစွမ်းအင်တစ်ရပ်ကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုဝင်များအနေဖြင့် ၂၀၁၁ ခုနှစ်ကနေ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် သစ်ပင်စိုက်ပွဲထိ စုစုပေါင်း ၄၆ ကြိမ်ကျင်းပခဲ့ပြီး ယနေ့တွင်လည်း ကျွန်းပင် ၉၀၀၊ ပျဉ်းကတိုးပင် ၃၀၀၊ မဟော်ဂနီပင် ၆၀၀၊ ပိတောက်ပင် ၆၀၀ စုစုပေါင်းအပင် ၂၄၀၀ တို့ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ စိမ်းလန်းသည့်သစ်ပင်သစ်တောများသည် လူသားတို့၏အမြင်အာရုံကိုလန်းဆန်းစေပြီး စိတ်နှလုံးချမ်းမြေ့ဖွယ်ရာများကိုပါ ဖန်တီးပေးလျက်ရှိကြောင်း၊ သစ်ပင်သစ်တောများကြောင့် ကျန်းမာရေးမှသည် လူမှုစီးပွားဘဝများထိ ကောင်းကျိုးအဖြာဖြာရရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကာကွယ်ခြင်း၊ သစ်ပင်သစ်တောများစိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုသည့် အမူအကျင့်ကောင်းများကို ကိုယ်စီကိုယ်စီမှတစ်ဆင့် မိမိတို့၏အနာဂတ်မျိုးဆက်သစ်များပါ သိရှိနားလည်အောင်မျှဝေသွားကြရန်၊ **“တစ်သက်လုံးပျော်ချင် သစ်ပင်စိုက်”** ဆိုသည့်စကားနှင့်အညီ သစ်ပင်စိုက်ပျိုးခြင်းသည် လူ့သမိုင်းတာဝန်လည်းဖြစ်၊ အမျိုးသားရေးတာဝန်လည်းဖြစ်သောကြောင့် အားလုံးက တက်ညီလက်ညီဝိုင်းဝန်းပါဝင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးကြသည်။ယင်းနောက် အခမ်းအနားတက်ရောက်လာကြသူများက သတ်မှတ်နေရာ အသီးသီးတွင် သစ်ပင်များကို စိုက်ပျိုးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌လည်း တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပွဲများကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊

**စာမျက်နှာ ၁၈ သို့**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၆ ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုဝင်များအနေဖြင့် ၂၀၁၁ ခုနှစ်ကနေ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် သစ်ပင်စိုက်ပွဲအထိ စုစုပေါင်း ၄၆ ကြိမ် ကျင်းပခဲ့ပြီး ယနေ့တွင်လည်း ကျွန်းပင် ၉၀၀၊ ပျဉ်းကတိုးပင် ၃၀၀၊ မဟော်ဂနီပင် ၆၀၀၊ ပိတောက်ပင် ၆၀၀ စုစုပေါင်းအပင် ၂၄၀၀ တို့ကို စိုက်ပျိုးသွားမည်ဖြစ် . . .**

**တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၂၁၂၅၀၃ ပင်ကို စိုက်ပျိုးခဲ့ . . .**



နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲ ကျင်းပစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ အပင် ၅၅၃၀၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၅၇၉၅ ပင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ ၁၄၀၂ ပင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၅၂၈၂ ပင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၈၂၉၆ ပင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၁၁၉၀၇ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၈၂၆၅ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၇၄၀၅ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၅၆၀၈၃ ပင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၄၇၈၇ ပင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၅၂၂၀၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ အပင် ၇၈၇၀၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၄၈၂၃၇ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၄၀၂၄ ပင်တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၂၁၂၅၀၃ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

## တောမီးလောင်ကျွမ်းမှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်ကျွမ်းမှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန်-

(က) တောထဲတွင် မီးမွှေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်၊

(ခ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်၊

(ဂ) ဆေးလိပ်မီး အကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်း မပြုလုပ်ရန်၊

(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်၊

(င) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

## တောင်ယာခုတ်ထွင် မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် အောက်ပါအချက်များဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေး ထိခိုက်နိုင်ခြင်း၊

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း၊

(ဂ) မြေဆီသြဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း၊

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ၂၅ နှစ်မြောက်ငွေရတု အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



**နေပြည်တော် ဇူလိုင် ၂၀**

ပညာရေးဝန်ကြီးဌာန ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ၂၅ နှစ်မြောက် ငွေရတုအထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အဆိုပါတက္ကသိုလ်ဝင်းအတွင်း၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ၂၅ နှစ်မြောက် ငွေရတုအထိမ်းအမှတ် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ကမ္ပည်းကျောက်စာနှင့် ကမ္ပည်းမော်ကွန်းတို့ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေး၍ ငွေရတုအထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက်အခမ်းအနားကို တက္ကသိုလ်ပင်မဆောင်ခန်းမ၌ ဆက်လက်ကျင်းပရာ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများက "ထွန်းတက်ဝေဆာ ငွေရတုသဘင်မဟာ" သီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေကြသည်။

ယင်းနောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ယခုအခမ်းအနားသည် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၏ ၂၅ နှစ်ပြည့် ငွေရတုအထိမ်းအမှတ်ဖြစ်သကဲ့သို့ တက္ကသိုလ်၏အောင်မြင်မှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ဂုဏ်ပြုမှတ်တမ်းတင်သည့် အခမ်းအနားလည်းဖြစ်ကြောင်း၊ ငွေရတုကာလ အောင်မြင်မှုများကို ဂုဏ်ပြုရုံသာမက အနာဂတ်ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကောင်းများကို တည်ဆောက်ပေးပြီး အားအင်သစ်များရယူပေးမည့် မှတ်တိုင်သစ်တစ်ခုဟုလည်း ဆိုနိုင်ပါကြောင်း၊ ယခုကဲ့သို့ ငွေရတုနှစ်ပတ်လည်အခမ်းအနားတွင် နိုင်ငံတော်သမ္မတကြီးကိုယ်စား တက်ရောက် အမှာစကားပြောကြားရသည့်အတွက် ဝမ်းသာဂုဏ်ယူပါကြောင်း။

ယခုတက္ကသိုလ်ကြီးသည် ပညာရေးသာမက အားကစားဘက်တွင်လည်း ထူးချွန် အားကစားသမားကောင်းများ မွေးထုတ်ပေးနေသည်ကို တွေ့ရကြောင်း၊ ၂၅ နှစ်တာကာလအတွင်း တက္ကသိုလ်၏ ပညာရပ်ဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ တိုးတက်အောင်မြင်မှုများသည် နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိသူများ၏ ဖြည့်ဆည်းဆောင်ရွက်ပေးမှုဖြင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းများအားလုံး စည်းလုံးညီညွတ်စွာ ကြိုးစားအားထုတ်မှုများ ပေါင်းစပ်ပြီး ရလာသည့် ရလဒ်များပင်ဖြစ်ကြောင်း၊ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"ဆိုသည့်ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ဆရာ၊ မိဘ၊ ကျောင်းသား၊ ကျောင်းသူများအားလုံး ပူးပေါင်းပါဝင်ကြမှသာ အောင်မြင်မည်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်ထက်မြက်သည့် အတတ်ပညာရှင်၊ အသိပညာရှင်လူငယ်များ၏ အင်အားကိုအခြေခံပြီး တည်ဆောက်ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဘက်စုံထူးချွန်ထက်မြက်သည့် အနာဂတ်လူငယ်မျိုးဆက်သစ်များ မွေးထုတ်ပေးနိုင်ရန် အခြေခံပညာကျောင်းများကအစ တက္ကသိုလ်အသီးသီးက အားထုတ်ကြိုးပမ်းပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်၏ မျှော်မှန်းချက်များဖြစ်သည့် ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ တီထွင်ကြံဆနိုင်ခြင်း၊ ပညာရပ်ကျွမ်းကျင်လိမ္မာခြင်း၊ ဉာဏ်အမြော်အမြင်ရှိခြင်းတို့အပြင် ကဏ္ဍအသီးသီးတွင် ပြည်သူများအတွက်အကျိုးရှိစေမည့်နည်းပညာများ၊ Software များကို ဝိုင်းဝန်းသုတေသနပြု ဖော်ထုတ်ပေးခြင်းတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည့် တက္ကသိုလ်ဖြစ်စေရန် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် အထူးတိုက်တွန်းပြောကြားလိုကြောင်း။

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် လူငယ်များ၏အရည်အသွေးမြင့်မားရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသောကြောင့် နိုင်ငံတော်နှင့်အတူ ပြည်သူတစ်ရပ်လုံး၊ မိဘများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူအားလုံးက စုပေါင်းညီညွတ်မှုစွမ်းအားဖြင့် လက်တွဲပါဝင်ဆောင်ရွက်သွားကြရန် အလေးထားပြောကြားလိုကြောင်း၊ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်၏ ၂၅ နှစ်တာအောင်မြင်မှုမှတ်တိုင်ကို ဝမ်းမြောက်ဂုဏ်ယူစွာ



ဂုဏ်ပြုရင်း ငွေရတုမှသည် ရွှေရတု၊ ရွှေရတုမှသည် စိန်ရတုစသည်ဖြင့် ရတုအဆက်ဆက်တိုင်အောင် ပိုမိုကြီးမားသည့် တိုးတက်အောင်မြင်မှုများ ရရှိပါစေကြောင်းနှင့် ထူးချွန်ထက်မြက်သည့် ပညာရှင်များ၊ မျိုးဆက်သစ်ပညာတတ်များကို မွေးထုတ်ပေးနိုင်သည့် နိုင်ငံတော်က အားထားရသော တက္ကသိုလ်ကြီးတစ်ခုဖြစ်ပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများက တက္ကသိုလ်၏ ၂၅ နှစ်မြောက် ငွေရတုအထိမ်းအမှတ် Video Clip ကိုလည်းကောင်း၊ တက္ကသိုလ်မှကျောင်းသား၊ ကျောင်းသူများ၏ "ကြိုင်လျှံသတင်းဖြာ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်ပါ" သီချင်းဖြင့် သီဆိုကပြဖျော်ဖြေမှုကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးထံ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ငွေရတုအထိမ်းအမှတ် အမှတ်တရလက်ဆောင်ကို နေရာအရောက်ဂါရဝပြုပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ကို ထန်းတပင်မြို့နယ်တွင် ၂၀၀၁ ခုနှစ်မှ စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၄-၂၀၀၅ ပညာသင်နှစ်မှ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အထိ ရိုးရိုးဘွဲ့ရရှိသူ ၂၄၅၈၅ ဦး၊ ဂုဏ်ထူးဘွဲ့ရရှိသူ ၁၀၀၁ ဦးနှင့် ဘွဲ့လွန်ဘွဲ့ရရှိသူ ၈၈၁ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ပြင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်မှ ဘက်စုံထူးချွန်သည့် လူရည်ချွန် ကျောင်းသား၊ ကျောင်းသူနှစ်ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လမင်းစီမံချက်ဖြင့် ကျောင်းသား၊ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းများ One Stop Service ဖြင့် ဆောင်ရွက်ပေးနေမှုများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကြည့်ရှုအားပေး



**မန္တလေး ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေခရိုင် ချမ်းအေးသာစံမြို့နယ်မှူးရုံးက ပြည်သူ့အကျိုးပြု လမင်းစီမံချက်ဖြင့် ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းများ One Stop Service ဖြင့် ဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစောနိုင်က တိုင်းဒေသကြီးတွင် ပြည်သူ့အကျိုးပြု လမင်းစီမံချက်ဖြင့် ဆောင်ရွက်နေမှု အခြေအနေများ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေး၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူ ဦးရေ ၁၄၀ ထံ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်သည်။

ပြည်သူ့အကျိုးပြု လမင်းစီမံချက်ဖြင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းများ စတင်ဖွင့်ချိန်မှစ၍ အခြေခံပညာကျောင်းများ၌ အသက် ၁၀ နှစ်နှင့် အထက် ကျောင်းသား၊ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းကို One Stop Service ဖြင့် ဆောင်ရွက်ပေးခဲ့ရာ ယနေ့အချိန်ထိ တိုင်းဒေသကြီးအတွင်းရှိအခြေခံပညာကျောင်းပေါင်း ၂၉၀ ကျော်မှ ကျောင်းသား၊ ကျောင်းသူ ဦးရေ ၃၆၀၀၀ ကျော် ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်ရှိသည့်ကျောင်းများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# မြန်မာနိုင်ငံလွှတ်တော်အဖွဲ့(Myanmar Parliamentary Union– MPU)အစည်းအဝေး (၁/၂၀၂၆)ကျင်းပ



နေပြည်တော် ဇူလိုင် ၃၀

မြန်မာနိုင်ငံလွှတ်တော်အဖွဲ့(Myanmar Parliamentary Union – MPU) အစည်းအဝေး (၁/၂၀၂၆)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးဂျဲန်ဖန်နော်တောင် ခေါ် ဦးနော်တောင်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊ လွှတ်တော်ရုံးများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် လွှတ်တော်သက်တမ်းကာလ၏ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ကို ၂၀၂၆ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် လွှတ်တော်၏ သဘောတူညီချက်ရယူပြီး ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ဖွဲ့စည်းရခြင်းမှာ လွှတ်တော်အသီးသီး၏ လုပ်ငန်းဆောင်ရွက်မှုနည်းလမ်းများ မှန်ကန်ခိုင်မာပြီး ပြည်ထောင်စုအဆင့် လွှတ်တော်များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များကြား လွှတ်တော်ဆိုင်ရာလုပ်ငန်းများကို ဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နိုင်ငံတကာ လွှတ်တော်အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံမှု၊ အတွေ့အကြုံ ဖလှယ်မှုများ တိုးတက်လာစေရန်နှင့် ဒီမိုကရေစီစနစ် ပိုမိုဖြစ်ထွန်းလာစေရန် အတွက်ဖြစ်ကြောင်း။

ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၄ – ခ၊ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေပုဒ်မ ၄ တို့နှင့်အညီ ပြည်ထောင်စုအဆင့်လွှတ်တော်များ၏ လွှတ်တော်အကြီးအမှူးများ၊ ဒုတိယအကြီးအမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်အကြီးအမှူးများအပါအဝင် စုစုပေါင်း ၁၈ ဦးနှင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး သက်တမ်းမှာ ပြည်ထောင်စုလွှတ်တော်၏သက်တမ်းနှင့်အညီဖြစ်ကြောင်း၊ ပထမအကြိမ် လွှတ်တော်သက်တမ်းကာလတွင် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့အဖြစ် ၂၀၁၂ ခုနှစ် မတ် ၂၂ ရက်တွင် ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဖွဲ့စည်းမှုနှင့်စပ်လျဉ်း၍ ပိုမိုခိုင်မာမှုရှိစေရန် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ စည်းမျဉ်းကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ထုတ်ပြန်ဆောင်ရွက်ခဲ့ကြောင်း။

ဒုတိယအကြိမ် လွှတ်တော်သက်တမ်းကာလတွင် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ကို ၂၀၁၆ ခုနှစ် မတ် ၁ ရက်တွင် ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၄)ဖြင့် ပြဋ္ဌာန်းထုတ်ပြန်နိုင်ခဲ့ကြောင်း၊ ဥပဒေထုတ်ပြန်ပြီးချိန်မှစ၍ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ကို မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဟု ပြောင်းလဲသုံးနှုန်းခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည့်အတွက်ကြောင့် ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များ ချိတ်ဆက်ဆောင်ရွက်ရသည့် ဥပဒေပြုလုပ်ငန်းများ၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုများ ပိုမိုအားကောင်းလာသည်ကို တွေ့ရှိရကြောင်း။

ပထမအချက်အနေဖြင့် လွှတ်တော်များဖွဲ့စည်းတည်ရှိမှုကို ပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံ၏ အုပ်ချုပ်ရေးစနစ်သည် သမ္မတစနစ်နှင့် ပါလီမန်စနစ်ကို ပေါင်းစပ်ထားသည့် အုပ်ချုပ်ရေးစနစ်ဟု ဆိုနိုင်ကြောင်း၊ ပြည်ထောင်စုအဆင့်တွင် သမ္မတစနစ်ကိုအခြေခံပြီး တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်တွင် ပါလီမန်စနစ်ကို အခြေခံထားကြောင်း၊ ပြည်ထောင်စုစနစ်ကို အခြေခံထားသည့်စနစ်ဖြစ်၍ ပြည်ထောင်စုအဆင့်တွင် အလျားလိုက် အာဏာကိုပိုင်းခြားသုံးစွဲခြင်း (Horizon–tal Separation of Powers)ကို ကျင့်သုံးပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာများကို တတ်နိုင်သမျှပိုင်းခြားကျင့်သုံးထားကြောင်း၊ အာဏာသုံးရပ်ကို သီးခြားစီထားရှိပြီး အပြန်အလှန်ထိန်းကျောင်းမှုပြုထားကြောင်း၊ အပြန်အလှန်ထိန်းကျောင်းသည် ဆိုရာတွင်လည်း ကဏ္ဍတစ်ရပ်နှင့်တစ်ရပ် ပွတ်တိုက်မှုမရှိစေရေး အပြုသဘောအမြင်နှင့် ညှိနှိုင်းဆောင်ရွက်ခြင်းကသာ နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးစီးပွားကို ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ အာဏာခွဲဝေကျင့်သုံးမှုတွင် ဒေါင်လိုက် အာဏာခွဲဝေမှု (Vertical Division of Powers) ဖြစ်ပြီး ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအဆင့်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာကို ခွဲဝေကျင့်သုံးထားကြောင်း။

ပြည်ထောင်စုအဆင့်တွင် သမ္မတစနစ်ကိုအခြေခံထားမှုအရ အာဏာသုံးရပ်ကို ပိုင်းခြားကျင့်သုံးသော်လည်း တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်တွင် ပါလီမန်စနစ်စစ်စစ်မဟုတ်သော်လည်း ထိုစနစ်ကို အခြေခံထားမှုအရ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးတွင် ရောယှက်နေသည်ကို သတိပြုရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်သည် အုပ်ချုပ်ရေးတွင် ဝန်ကြီးချုပ်ဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်၏ လွှတ်တော်ကိုယ်စားလှယ်လည်းဖြစ်ကြောင်း၊ ဝန်ကြီးချုပ်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးများသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ရန် မလိုသကဲ့သို့ ပါတီလုပ်ငန်းများကို လည်းဆောင်ရွက်ခွင့်ရှိကြောင်း၊ ထို့ပြင် ဒေါင်လိုက်အာဏာခွဲဝေထားမှုအရ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၂)ပါ ကိစ္စရပ်များကို ဥပဒေပြုခွင့်ရှိသည့် လွှတ်လပ်သည့်လွှတ်တော်များဖြစ်သည်ကို တွေ့ရှိရကြောင်း၊ အုပ်ချုပ်မှုနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များသာလျှင် ပြည်ထောင်စုလွှတ်တော်ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး၏ အောက်တွင်ရှိခြင်းဖြစ်ကြောင်း။

ဒုတိယအချက်အနေဖြင့် လွှတ်တော်၏လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုပါက “မေးခွန်းများမေးမြန်းခြင်း”တို့သည် လွှတ်တော်၏ အရေးပါသည့် လုပ်ငန်းစဉ်များဖြစ်သော်လည်း လွှတ်တော်လုပ်ငန်း၏ တစ်စိတ်တစ်ပိုင်းသာဖြစ်ကြောင်း၊ ထို့ကြောင့် လွှတ်တော်အစည်းအဝေး၏ ပထမ တစ်နာရီကို မေးခွန်းမေးမြန်းရန် သတ်မှတ်ထားခြင်းဖြစ်ကြောင်း၊ လွှတ်တော်၏ အဓိကအကျဆုံးနှင့် အခြေခံအကျဆုံး လုပ်ငန်းတာဝန်ကြီးမှာ “ဥပဒေပြုရေးလုပ်ငန်း”သာ ဖြစ်ကြောင်း၊ ပထမနှင့် ဒုတိယလွှတ်တော်သက်တမ်းများတွင်လည်း ဇယား(၂)ပါ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များမှ ပြဋ္ဌာန်းရမည့် ဥပဒေများ၊ နည်းဥပဒေများ နည်းပါးခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးရှိမည့်ကိစ္စရပ်များကို လေ့လာပြီး ဥပဒေများကို ဆက်လက်ပြဋ္ဌာန်းသွားရန် လိုအပ်ကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက်ပြဋ္ဌာန်းပြီး ဥပဒေများထဲတွင်လည်း မည်သည့်ဥပဒေများက လိုက်နာကျင့်သုံးရသည့်ပြည်သူများအတွက် အခက်အခဲဖြစ်စေသည်၊ မည်သည့်ဥပဒေများကို ပြင်ဆင်ရန်လိုအပ်သည်၊ မည်သည့်ဥပဒေများကို ပြင်ဆင်ရန်မလိုအပ်သည့်အတွက် မူလအတိုင်းထားရှိမည်၊ အသစ်ပြဋ္ဌာန်းပေးရန်လိုအပ်သည့် ဥပဒေများရှိနိုင်သည့် အခြေအနေ၊ ဥပဒေများဖောင်းပွနေမည်ဆိုပါကလည်း ရုပ်သိမ်းရန်လိုအပ်သည့် ဥပဒေများရှိနိုင်သည့် အခြေအနေတို့ကို စိစစ်ရန်လိုအပ်ကြောင်း၊ ပြည်သူများအပေါ် သက်ဆိုင်ရာဥပဒေများ၏ သက်ရောက်မှုများနှင့် ပတ်သက်သည့် ပြည်သူ့အသံများ၏ အခက်အခဲများကို နားထောင်ရန်လိုအပ်ကြောင်း၊ ထို့ပြင် မည်သည့်ဥပဒေများသည် အကောင်အထည်ဖော်ဆောင်ရွက်ရသူများအတွက် အခက်အခဲဖြစ်စေသနည်း ဆိုသည်နှင့် အကောင်အထည်ဖော်လုပ်ငန်းဆောင်ရွက်ရသည့် အုပ်ချုပ်ရေးပိုင်းမှဝန်ထမ်းများ၏ အခက်အခဲများကိုလည်း နားထောင်ရန်လိုအပ်ကြောင်း။

ဥပဒေပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ အချို့ဌာနများတွင် ပြင်ဆင်သင့်သည့် ဥပဒေများရှိနေသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပြင်ဆင်ရန်ကျန်ရှိနေသည့် ဥပဒေများရှိနိုင်ပါကြောင်း၊ အမျိုးသားလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များ လေ့လာနိုင်ရန်အတွက် ဝန်ကြီးဌာနအလိုက်ပြဋ္ဌာန်းထားသည့် ဥပဒေများ အားလုံးနီးပါးကို သက်ဆိုင်ရာလွှတ်တော်ကော်မတီများအလိုက် Soft Copy၊ Hard Copy များ ဖြန့်ဝေပေးထားကြောင်း၊ ကော်မတီများအနေဖြင့် မိမိတို့နှင့် သက်ဆိုင်သည့်ဝန်ကြီးဌာနအလိုက် စီမံခန့်ခွဲသည့်ဥပဒေများကို ကော်မတီဝင်များ တာဝန်ခွဲပြီး လေ့လာကြရမည်ဖြစ်ကြောင်း၊ တတိယပုံမှန်အစည်းအဝေး စတင်သည့် အချိန်တွင် ကော်မတီဝင်တစ်ဦးချင်း လေ့လာခဲ့သည့်ဥပဒေများကို စုစည်းပြီး ပြင်ဆင်သင့်၊ ရုပ်သိမ်းသင့်၊ မူလအတိုင်းထားသင့်၊ အသစ်ပြဋ္ဌာန်းသင့် စသည်ဖြင့် ခေါင်းစဉ်အလိုက်စုစည်း၍ ဦးစားပေးအလိုက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တတိယအချက်အနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအနေဖြင့် လွှတ်တော်အစည်းအဝေး ကျင်းပမှုနှင့် စပ်လျဉ်း၍ ပြက္ခဒိန်နှစ် တစ်နှစ်အတွင်း ပုံမှန်အစည်းအဝေး ကျင်းပမည့်ရက်ကာလ လျာထားသတ်မှတ်ချက်ကို နှစ်စဉ်ရေးဆွဲထုတ်ပြန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ လွှတ်တော်ပြက္ခဒိန်ရက်ကာလရေးဆွဲသတ်မှတ်ရာတွင် တစ်ပြေးညီဖြစ်စေရေး ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအချင်းချင်း အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းပြီး ရေးဆွဲသတ်မှတ်ဆောင်ရွက်သင့်ကြောင်း၊ ပြည်ထောင်စုလွှတ်တော်နှင့်လည်း ညှိနှိုင်းပြီးဆောင်ရွက်နိုင်ကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်ညွှန်ကြားရေးမှူးချုပ်ကလည်း မိမိထံတင်ပြပြီး ဆောင်ရွက်လျက်ရှိကြောင်း။

စတုတ္ထအချက်အနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကိစ္စဖြစ်ကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေကို ၂၀၁၃ ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၂၂/၂၀၁၃)နှင့် အသစ်ပြဋ္ဌာန်း ထုတ်ပြန်ခဲ့ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို သက်ဆိုင်ရာလွှတ်တော်များ တစ်ပြေးညီ ရေးဆွဲထုတ်ပြန်နိုင်ရေးအတွက် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းကာလတွင် ပြည်ထောင်စုလွှတ်တော်ရုံးက ဦးစီးပြီး အသစ်ပြင်ဆင်ရေးဆွဲရန် ဆောင်ရွက်ခဲ့ကြောင်းသိရှိရသဖြင့် ပြီးပြတ်ခြင်းမရှိသေးသည့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအနေဖြင့် နည်းဥပဒေများပြဋ္ဌာန်းနိုင်ရေးအတွက် ဆက်လက်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ကြောင်း။

ယနေ့အစည်းအဝေးတွင် အဓိကအားဖြင့် လွှတ်တော်ရေးရာပိုင်းနှင့် လွှတ်တော်များ၏ အုပ်ချုပ်မှုပိုင်းဆိုင်ရာများကို ဆွေးနွေးကြရန်ဖြစ်ပြီး လွှတ်တော်ရေးရာပိုင်းအနေဖြင့် လွှတ်တော်အစည်းအဝေးများ ကျင်းပပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပေးကြရန်ဖြစ်ကြောင်း၊ လွှတ်တော်အကြီးအမှူးများသည် ဥပဒေပြုရေးကဏ္ဍကို တစိုက်မတ်မတ် လုပ်ဆောင်ကြရကြောင်း၊ ဥပဒေပြုရေးကဏ္ဍသည် လွှတ်တော်အကြီးအမှူးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကတာဝန်ဖြစ်ပြီး ထိုသို့ဥပဒေပြုရာတွင် လွှတ်တော်ရုံး ဝန်ထမ်းအကြီးအမှူးနှင့် ဝန်ထမ်းများက အထောက်အကူပြုဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် အုပ်ချုပ်မှုပိုင်းနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ စနစ်တကျ တာဝန်လွှဲအပ်ဆောင်ရွက်စေပြီး ဆုံးဖြတ်ပေးရမည့်ကိစ္စများတွင် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ အထောက်အကူပြု ဝန်ထမ်းများအနေဖြင့် စွမ်းဆောင်ရည်ကောင်းမွန်ပြည့်စုံမှသာ ဥပဒေပြုရေး လုပ်ငန်းစဉ်များတွင် အပြည့်အဝ ပံ့ပိုးကူညီနိုင်မည်ဖြစ်သည့်အတွက် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန် လိုအပ်ကြောင်း။

မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (MPU) အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အမှန်တကယ်အကျိုးပြုနိုင်မည်ဖြစ်သည့် ဥပဒေပြုရေးမဏ္ဍိုင်တစ်ခုအဖြစ် ရေရှည် တည်တံ့ခိုင်မြဲစေရေးအတွက် ယနေ့အစည်းအဝေးတွင် တက်ရောက်လာကြသူများအားလုံးက အပြုသဘောဆောင်သည့် အကြံဉာဏ်များ၊ အမြင်ချင်း ဖလှယ်မှုများနှင့်တကွ **စာမျက်နှာ ၂၁ သို့**

စာမျက်နှာ ၂၀ မှ

ဝိုင်းဝန်း ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက မြန်မာနိုင်ငံလွှတ်တော်များအဖွဲ့ ဖွဲ့စည်းရခြင်း၏ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များ၊ လွှတ်တော်လုပ်ငန်းစဉ်များ တိုးတက်ကောင်းမွန်စေရေး ဆောင်ရွက်ရမည့်အခြေအနေများ ၊ ပြည်သူ ယုံကြည်အားထားရသည့် လွှတ်တော်အဖြစ်ဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေများနှင့် မြန်မာနိုင်ငံလွှတ်တော်များအဖွဲ့အနေဖြင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးဂျဲန်ဖန်နော်တောင် ခေါ် ဦးနော်တောင်က မြန်မာနိုင်ငံလွှတ်တော်များအဖွဲ့ စတင်ဖွဲ့စည်း၍ ကဏ္ဍအလိုက် ဆောင်ရွက်နေမှုအခြေအနေများနှင့် လွှတ်တော်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဝင် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းက လွှတ်တော်အသီးသီးတွင်ရှိသည့် ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် လွှတ်တော်များအလိုက် စနစ်တကျဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဝင်များဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများက လွှတ်တော်ရေးရာကိစ္စရပ်များ၊ လွှတ်တော်အစည်းအဝေးများ ကျင်းပပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ရုံးအမြဲတမ်းအတွင်းဝန်က သက်ဆိုင်ရာလွှတ်တော်ရုံးများအလိုက် ဆောင်ရွက်ရမည့် ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ အစည်းအဝေးတွင် သက်ဆိုင်ရာလွှတ်တော်များအလိုက် လွှတ်တော်ရေးရာ ဆောင်ရွက်ချက်များနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ ဆွေးနွေးပေးကြသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂ တွင် "နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကိုပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များကို ခွဲဝေအပ်နှင်းသည်"ဟု အတိအလင်း ဖော်ပြထားသည့်အတွက် မိမိတို့လွှတ်တော်၏ အဓိကတာဝန်သည် ဥပဒေပြုရေးပင်ဖြစ်ပါကြောင်း။

ဥပဒေပြုရေးမဏ္ဍိုင်၏ ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်သည် မိမိတို့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ စည်းကမ်းစနစ်ကျနမှု၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာမှုနှင့် အရည်အသွေးမြင့်မားမှုတို့အပေါ်တွင် မူတည်နေကြောင်း၊ လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်တိုင်းသည် နိုင်ငံတော်၏ အကျိုးစီးပွားနှင့် ပြည်သူများ၏အကျိုးစီးပွားကို အမှန်တကယ်အကျိုးပြုစေမည့် ဆောင်ရွက်ချက်များဖြစ်ရမည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်းရှိ နိုင်ငံသူ၊ နိုင်ငံသားများ၏လိုအပ်ချက်များ၊ မျှော်မှန်းချက်များကို သိရှိစေရန် ဆောင်ရွက်ပြီး ဥပဒေပြုရေးအခန်းကဏ္ဍမှ တစ်ဆင့်ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးမဏ္ဍိုင်မှချမှတ်ထားသည့် မူဝါဒလမ်းစဉ်များနှင့် လုပ်ငန်းစဉ်များ အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် လွှတ်တော်များ၏ အပြန်အလှန်ထိန်းကျောင်းတည့်မတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုများသည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း၊ မိမိတို့မဲဆန္ဒနယ်မြေများအလိုက် စီမံချက်ပါလုပ်ငန်းများ မြေပြင်တွင် ထိရောက်မှု ရှိ၊ မရှိ ပြည်သူလူထုထံသို့ အကျိုးကျေးဇူးများ တိုက်ရိုက်သက်ရောက်မှု ရှိ၊ မရှိကို မျက်ခြည်မပြတ် လေ့လာစောင့်ကြည့်ပြီး အုပ်ချုပ်ရေးမဏ္ဍိုင်၏ ကောင်းမွန်သည့် ခြေလှမ်းများကို ပိုမိုတွန်းအားပေးကူညီကြရန်နှင့် လိုအပ်သည်များကိုလည်း လွှတ်တော်ယန္တရားမှတစ်ဆင့် အပြုသဘောဆောင် ပူးပေါင်းဖြည့်ဆည်းပံ့ပိုးပေးကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး၊ပြည်နယ်အဆင့်လွှတ်တော်များကြား အပြန်အလှန်နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှုခိုင်မာနေမှသာ နိုင်ငံတော်က လျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဖက်ဒရယ်စနစ်တည်ဆောက်ရေး လုပ်ငန်းစဉ်များ အောင်မြင်နိုင်မည်ဖြစ်ကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရသည် နိုင်ငံတော်အချုပ်အခြာအာဏာ၏ မဏ္ဍိုင်ကြီးသုံးရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေက ခွဲဝေအပ်နှင်းထားသည့် အာဏာများဖြင့် ရည်မှန်းချက်တာဝန်များကိုလွတ်လပ်စွာ ဖော်ဆောင်ရန်ဖြစ်ပါကြောင်း၊ ဥပဒေပြုရေးလွှတ်တော်၊ အုပ်ချုပ်ရေးအစိုးရအဖွဲ့နှင့် တရားစီရင်ရေးအဖွဲ့အစည်းများသည် အချုပ်အခြာအာဏာကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်း ပြုသည်ဆိုရာတွင် အဆက်အသွယ်မရှိ၊ အဆက်အစပ်မရှိ၊ သဟဇာတမရှိဆိုသည့် သဘောမျိုးဟု ယူဆမည်ဆိုပါက လွဲမှားနိုင်ကြောင်း၊ သို့သော် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်နေသည်ဆိုသည့် ဦးတည်ရည်မှန်းချက်များသည် တစ်ထပ်တည်းသာဖြစ်ကြောင်း။

ထို့ပြင် ဒီမိုကရေစီကျင့်သုံးမှုပုံစံတည့်မတ်မှန်ကန်စေရေးအတွက် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းမှုပြုကြရမည်ဖြစ်ကြောင်း၊ တစ်ဖက်နှင့် တစ်ဖက် ဝင်ရောက်စွက်ဖက်လိုသော၊ လွှမ်းမိုးလိုသော ပွတ်တိုက်မှုပုံစံမျိုး မဖြစ်ပေါ်စေရန် အထူးသတိပြု ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ညပိုင်းတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးဂျဲန်ဖန်နော်တောင် ခေါ် ဦးနော်တောင်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းတို့သည် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ တတိယအကြိမ်လွှတ်တော်များ၏ ဒုတိယပုံမှန်အစည်းအဝေးများ အောင်မြင်စွာပြီးမြောက်ခြင်း ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




## ကမ်းနီး၊ကမ်းဝေး ငါးဖမ်းရေယာဉ်များ မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် ရာသီဥတုခိုလှုံနိုင်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၉-၆-၂၀၂၆) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၆ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည် -

(က) ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊
(ခ) ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊
(ဂ) ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊
(ဃ) ရခိုင်ပြည်နယ် သံတွဲမြို့နယ် ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊
(င) ရခိုင်ပြည်နယ် သံတွဲမြို့နယ် သပြုချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊
(စ) ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊
(ဆ) ရခိုင်ပြည်နယ် ဂွမြို့နယ် တင်းတောကျေးရွာအုပ်စု အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊
(ဇ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊
(ဈ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပြင်ခရိုင်ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄ ဒသမ ၄၀ မိနစ်၊
(ည) ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊
(ဋ) မွန်ပြည်နယ် ရေးမြို့နယ် ဝါးကျွန်းမြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁ ဒသမ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊
(ဌ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊
(ဍ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊
(ဎ) တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊
(ဏ) တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပြင်စဘုကျွန်း (PYIN SA BU ISLAND)အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များကို ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး၊ ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် ဇူလိုင် ၃၀**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ခေတ်ခွဲကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းပေးနိုင်ရေး၊ မြောင်းမကြီးအသစ်တူးဖော်ပေးနိုင်ရေးနှင့် အဆင့်မြှင့်တင်ပေးနိုင်ရေး၊ နွေစပါးတိုးမြှင့်စိုက်ပျိုးနိုင်ရေး၊ လမ်းများ အဆင့်မြှင့်တင်ပေးနိုင်ရေး၊ တံတားများနှင့်ယာဉ်ရပ်နားစခန်း တည်ဆောက်ပေးနိုင်ရေး၊ အစိုးရအငှားအိမ်ရာများ တည်ဆောက်ပေးနိုင်ရေး၊ အလွန်မတ်စောက်သည့် လမ်းကွေ့များ ပြုပြင်နိုင်ရန် ကျွမ်းကျင်ကွင်းဆင်းအဖွဲ့ စေလွှတ်ပေးနိုင်ရေး တို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၂ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ လောင်းလုံးမဲဆန္ဒနယ်မှ ဦးတင့်လွင်၏ **ထားဝယ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံးရှိ ခေတ်ခွဲခန်းများတွင် ခေတ်ခွဲကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ခေတ်ခွဲခန်းဝန်ထမ်းအင်အားသီးခြားဖွဲ့စည်းပုံ ဖွဲ့စည်းပေးနိုင်ခြင်းရှိ၊ မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံးဝင်းအတွင်း တည်ဆောက်ထားသည့် မြေဆီလွှာခေတ်ခွဲခန်း၊ မျိုးစေ့ခေတ်ခွဲခန်းနှင့် သီးနှံကာကွယ်ရေးခေတ်ခွဲခန်းများသည် တိုင်းဒေသကြီး မြေဆီလွှာ၊ မျိုးစေ့နှင့် သီးနှံကာကွယ်ရေးတာဝန်ခံ အသီးသီးတို့၏ ဖွဲ့စည်းပုံကွပ်ကဲမှုအောက်တွင် လည်ပတ်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများဖြစ်ပါကြောင်း။

ထားဝယ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံးဝင်းအတွင်း တည်ဆောက်ထားသည့် မြေဆီလွှာခေတ်ခွဲခန်း၊ မျိုးစေ့ခေတ်ခွဲခန်းနှင့် သီးနှံကာကွယ်ရေးခေတ်ခွဲခန်းတို့တွင် ခေတ်ခွဲခန်းကျွမ်းကျင်ဝန်ထမ်း ဖြည့်ဆည်းခန့်ထားပေးရန်ကိစ္စနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယလက်ထောက်ဦးစီးမှူး(စိုက်ပညာရှင်) ရာထူးဝင်ပေါက်ခန့်အပ်ခြင်း၊ အရာထမ်း၊ အမှုထမ်းအဆင့်အလိုက် ရာထူးတိုးမြှင့်ခြင်းများမှ ခန့်အပ်ဝန်ထမ်းအင်အားရရှိမှုအပေါ် ခေတ်ခွဲခန်းကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ တက်ရောက်စေကာ ကျွမ်းကျင်ဝန်ထမ်းများအဖြစ် မွေးထုတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် အဆိုပါ ခေတ်ခွဲခန်းများသည် တိုင်းဒေသကြီး မြေဆီလွှာ၊ မျိုးစေ့နှင့် သီးနှံကာကွယ်ရေးတာဝန်ခံအသီးသီးတို့၏ ဖွဲ့စည်းပုံကွပ်ကဲမှုအောက်တွင် လည်ပတ်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများဖြစ်ပါသဖြင့် ခေတ်ခွဲခန်းဝန်ထမ်းအင်အား သီးခြားဖွဲ့စည်းပုံ ဖွဲ့စည်းပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားသည်။

ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးမျိုးမြင့်သိန်း၏ **ဝမ်းတွင်း၊ မြစ်သားနှင့် တံတားဦးမြို့နယ်တို့သို့ ရေပေးဝေနိုင်ရေးအတွက် ကင်းတားလက်ဝဲမြောင်းမကြီးကို အဆင့်မြှင့်တင်ပေးရန် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကင်းတားရေလှောင်တမံသည် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် တည်ရှိပြီး အောက်ဘက်ရှိ ကင်းတားရေလွှဲဆည်မှ တစ်ဆင့် လက်ယာမြောင်းမကြီး၊ လက်ဝဲမြောင်းမကြီးနှင့် ပန်းလောင်ရေသောက်စနစ်တို့ဖြင့် လယ်မြေဧက ၁၅၁၈၃၀ ကို အကျိုးပြုလျက်ရှိပါကြောင်း၊ ကင်းတားလက်ယာမြောင်းမကြီးမှ စိုက်ပျိုးရေပေးဝေသော လယ်မြေဧရိယာများသို့ မြို့ကြီးရေလှောင်တမံမှ ရေကူဖြည့်ဆည်းပေးဝေနိုင်ခဲ့သဖြင့် ကင်းတားရေလှောင်တမံတွင် သိုလှောင်ရေပိုမိုလာခဲ့သည့်အခြေအနေဖြစ်ရာ အဆိုပါပိုလျှံရေများကို ကင်းတားလက်ဝဲမြောင်းမှတစ်ဆင့် မိတ္ထီလာလွင်ပြင်နှင့် ဆက်စပ်ဧရိယာများသို့ပေးပို့၍ ရေပေးဝေနိုင်ရေး ဝန်ကြီးဌာနအနေဖြင့် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၄ ခုနှစ်အတွင်း ရာဂိမုန်တိုင်းအရှိန်ကြောင့် ထိခိုက်ပျက်စီးခဲ့သဖြင့် ဝန်ကြီးဌာနက စမုံရေငုပ်ပြွန်အသစ်ကို ၁၇၅၀ ကုဗပေ/စက္ကန့်အထိ သယ်ဆောင်နိုင်ရန် ၁၁' x ၆' - ၆' အရွယ်အစား လေးပေါက်ဖြင့် အဆင့်မြှင့်တင်တည်ဆောက်ခဲ့ပြီး မြစ်သား၊ ဝမ်းတွင်း၊ ကျောက်ဆည်နှင့် တံတားဦးမြို့နယ်တို့ရှိ ၂၀၁၆-၂၀၁၇ မိုးသီးနှံလျာထားဧရိယာများအတွက် စိုက်ပျိုးရေပေးဝေလျက်ရှိပါကြောင်း၊ ထို့ပြင် ကင်းတားလက်ဝဲမြောင်းမကြီးမှ နောင်တိုးတက်ပေးဝေရန်လျာထားသည့် စိုက်ပျိုးဧရိယာအသစ်များအတွက် ရေရရှိရေးလုပ်ငန်းများကို နှစ်အလိုက် ဦးစားပေးအစီအစဉ်ဖြင့် အဆင့်မြှင့်တင်ပြုပြင်နိုင်ရန် ကြိုတင်တွက်ဆ၍ လျာထားဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ဝမ်းတွင်းမြို့နယ်၊ မြစ်သားမြို့နယ်၊ တံတားဦးမြို့နယ်အတွင်းရှိ လက်ရှိစိုက်ပျိုးမြေဧရိယာများအပြင် တိုးမြှင့်ပေးဝေမည့် စိုက်ပျိုးမြေဧရိယာများအတွက်ပါ လုံလောက်သောရေပေးဝေဖြန့်ဖြူးနိုင်ရေး ကင်းတားလက်ဝဲမြောင်းမကြီး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ကာလတို၊ ကာလရှည်အစီအမံများရေးဆွဲ၍ လုပ်ငန်းအလိုက်ခန့်မှန်းကုန်ကျငွေများတွက်ချက်ပြီး ဦးစားပေးအစီအစဉ်အရ တိုင်းဒေသကြီးသို့မဟုတ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတွင် နှစ်အလိုက်လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

လှိုင်သာယာ(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးချမ်း၏ **မိုးစပါးအပြင် နွေစပါးကိုပါ တိုးမြှင့် စိုက်ပျိုးနိုင်ရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် မည်သည့်နှစ်ကာလအတွင်း မည်မျှရာခိုင်နှုန်းအထိ တိုးမြှင့်စိုက်ပျိုးနိုင်အောင် စီမံမျှော်မှန်းထားရှိသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ၂၀၁၆-၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံ၏ မုတ်သုံရာသီဖြစ်ပေါ်မှုနှင့် စိုက်ပျိုးရေရရှိမှုအပေါ်မူတည်၍ မိုးစပါး ၁၄၉၂၄၄၅၉ ဧက၊ နွေစပါး ၂၉၂၈၁၁၄ ဧကစိုက်ပျိုး၍ နွေစပါးသီးထပ်စိုက်စွမ်းအား ၁၉ ဒသမ ၆၂ ရာခိုင်နှုန်း ဆောင်ရွက်ရန် လျာထားဆောင်ရွက်လျက်ရှိပြီး ငါးနှစ်တာကာလ ၂၀၃၀-၂၀၃၁ ခုနှစ်တွင် မိုးစပါး ၁၅၀၆၇၄၃၁ ဧက၊ နွေစပါး ၃၀၂၀၄၆၈ ဧကစိုက်ပျိုး၍ နွေစပါးသီးထပ်စိုက်စွမ်းအား ၂၀ ဒသမ ၀၅ ရာခိုင်နှုန်းဆောင်ရွက်ရန် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုတွင် စိုက်ဧရိယာတိုးချဲ့စိုက်ပျိုးခြင်းထက် မိုးစပါး၊ နွေစပါး ပန်းတိုင်အထွက်နှုန်းများသတ်မှတ်၍ တစ်ဧကအထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ပြီး ဈေးကွက်လိုအပ်ချက်အရ အစားအစာဘေးကင်းလုံခြုံမှုနှင့် ရေရှည်တည်တံ့မှုဆိုင်ရာ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီသောအရည်အသွေးမြင့်ဆန်များ ထုတ်လုပ်ရန်၊ ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန်၊ ဇာစ်မြစ်ခြေရာခံနိုင်မှု၊ အရည်အသွေးအာမခံချက်နှင့် တာဝန်ယူမှုရှိသော စိုက်ပျိုးရေးလုပ်ထုံးလုပ်နည်းများ သေချာစေရန်၊ လူနေမှုဘဝမြှင့်တင်ရန် တောင်သူများ ဝင်ငွေတိုးတက်စေရန်နှင့် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

စေတုတ္တရာမဲဆန္ဒနယ်မှ ဦးမိုးတင်၏ **စေတုတ္တရာမြို့နယ်တွင် စိုက်ပျိုးရေပေးဝေနေသော မြောင်းမကြီးကို အဝင်ဝအသစ်တူးဖော်ရန် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က အဝင်ဝမြောင်း(ရေသွင်းမြောင်း)သည် စေတုတ္တရာမြို့နယ် မြို့မကွင်းအမှတ်(၉၅)၊ (၉၃/က)၊ (၉၃/ခ) စိုက်ပျိုးမြေ ၄၁၅ ဧကအတွက် ရေပေးဝေနေသည့် မြို့မမြောင်းသို့ ရေသွင်းယူသည့် မူလရေသွင်းမြောင်းဖြစ်ပါကြောင်း၊ စေတုတ္တရာမြို့အနီးရှိ ဆီမီးချောင်းပေါ်တွင် ဒေသခံတောင်သူများ၏ အစီအစဉ်ဖြင့် သစ်ခက်ဆည်များတည်ဆောက်၍ မူလရေသွင်းမြောင်းမှ မြို့မမြောင်းအတွင်းသို့ ရေသွင်းယူကာ စိုက်ပျိုးမြေ ၄၁၅ ဧကနှင့် သမုတ်မြောင်းမှတစ်ဆင့် စိုက်ပျိုးမြေ ၃၅ ဧက စုစုပေါင်း စိုက်ပျိုးမြေဧက ၄၅၀ စိုက်ပျိုးပါကြောင်း။

ရေသွင်းမြောင်းတိုးချဲ့ခြင်းနှင့် အသစ်ဖောက်လုပ်ခြင်းဖြင့် ရေကြီးရေလျှံမှုဖြစ်ပေါ်ပါက မူလရေသွင်းမြောင်း ထိခိုက်မှုသက်သာစေခြင်း၊ နှစ်စဉ်ပြုပြင်ထိန်းသိမ်းစရိတ် လျော့နည်းသက်သာစေခြင်း၊ မိုးစပါးစိုက်ဧက ၄၅၀ ရေရရှိမှုသေချာစေခြင်း၊ စေတုတ္တရာမြို့အတွင်း ဖြတ်သန်းစီးဆင်းနေသည့် မြို့မမြောင်း ရေပြတ်လပ်မှုမရှိသဖြင့် မြို့တွင်းသောက်သုံးရေရရှိခြင်းနှင့် မီးဘေးအန္တရာယ်များဖြစ်ပေါ်လာပါက ငြိမ်းသတ်နိုင်ရန်ရေရရှိခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၏ ပူးပေါင်းကူညီမှုကိုရယူကာ ရေသွင်းမြောင်းတိုးချဲ့ခြင်းနှင့် မြောင်းအသစ်ဖောက်လုပ်ရာတွင် မြေဧရိယာပါဝင်သည့် တောင်သူများနှင့်ညှိနှိုင်းပြီး သဘောတူညီချက်ရရှိပါက အနီးစပ်ဆုံးဘဏ္ဍာနှစ်တွင် လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ကာ တိုင်းဒေသကြီးရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာရန်ပုံငွေတွင် တောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မိုးညိုမဲဆန္ဒနယ်မှ ဒေါ်ဇာခြည်လွင်၏ **မိုးညိုမြို့နယ်အတွင်းရှိ နတ်တလင်း-မိုးညို-လက်ပံတန်းလမ်းပိုင်းရှိ ပျက်စီးနေသည့် အပိုင်းဖြစ်သော ၈ မိုင် ၅ ဖာလုံကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က လက်ပံတန်း-မိုးညို-နတ်တလင်းလမ်းသည် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်းရှိ လက်ပံတန်းမြို့နယ်၊ မိုးညိုမြို့နယ်နှင့် နတ်တလင်းခရိုင် နတ်တလင်းမြို့နယ်တို့ကို ဆက်သွယ်ထားပြီး ၆၈ မိုင် ၇ ဖာလုံ အရှည်ရှိသည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ လက်ပံတန်း-မိုးညို-နတ်တလင်းလမ်း၏ မိုးညိုမြို့နယ်အပိုင်းသည် ၄၃ မိုင် ၂ ဖာလုံရှိပြီး လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၁၄ မိုင် ၃ ဖာလုံ၊ ကတ္တရာလမ်း ၂၈ မိုင် ၅ ဖာလုံ၊ ကျောက်ခင်းလမ်း နှစ်ဖာလုံရှိပါကြောင်း။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် မိုးညိုမြို့နယ်အပိုင်းတွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်း နှစ်ဖာလုံ၊ လမ်းအနိမ့်အမြင့်ညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း ခြောက်ဖာလုံ လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လက်ပံတန်း - မိုးညို - နတ်တလင်းလမ်း၏ ကတ္တရာလမ်းပျက်စီးမှုဖြစ်ပေါ်နေသော ၈ မိုင် ၅ ဖာလုံ လမ်းပိုင်းကို ဦးစားပေးအစီအစဉ်အလိုက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

သာပေါင်းမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး၏ **သာပေါင်းမြစ်ကူးတံတား(ငဝန်)၊ ဆင်လမ်း-ဖားစည်ကွင်းတံတား(ဒါးက)နှင့် ကားကြီးကွင်းယာဉ်ရပ်နားစခန်း(ထွန်စက်ကုန်း)တို့ကို မည်သည့်ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ငဝန်မြစ်ကူးတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ကွင်းဆင်းလေ့လာချက်များအရ တည်ဆောက်မည်ဆိုပါက မြစ်ကမ်းနှစ်ဖက်အကွာအဝေးမှာ ပေ ၁၂၀၀ ခန့်ရှိပြီး ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ခရီးသည်တင်သင်္ဘောများ ဝင်ထွက်သွားလာနိုင်ရန်အတွက် ရေလမ်းကင်းလွတ်အမြင့်ပေ ၄၀ နှင့် ချဉ်းကပ်တံတားအပါအဝင် အရှည် ပေ ၁၇၀၀ ခန့်ရှိ မြစ်ကူးတံတားကြီးတစ်စင်းအဖြစ် တည်ဆောက်ရန်လိုအပ်မည်ဖြစ်ပါကြောင်း။

ငဝန်မြစ်သည် ရေစီးသန်၍ ရေအနက်များခြင်း၊ မြစ်ကမ်းပါး တည်ငြိမ်မှုမရှိခြင်းတို့ကြောင့် အသေးစိတ်ဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်မှုနှင့် အသေးစိတ်ဒီဇိုင်းပုံစံများရေးဆွဲတင်ပြရန် ဆောင်ရွက်လျက်ရှိပါသဖြင့် လတ်တလောတံတားတည်ဆောက်ရန် အစီအစဉ်မရှိသေးပါကြောင်း။

ဆင်လမ်း - ဖားစည်ကွင်းတံတား (ဒါးက)သည် ပဏာမတိုင်းတာတွက်ချက်မှုများအရ အရှည်ပေ ၆၆၀ ရှိသော အောက်ထည်သံကူကွန်ကရစ်နှင့် အပေါ်ထည်ဘေလီသံဘောင်တံတားအဖြစ် တည်ဆောက်ရန် လျာထားပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တံတားတည်ဆောက်ခြင်း

စာမျက်နှာ ၂၃ သို့



**စာမျက်နှာ ၂၂ မှအဆက်**

ပထမပိုင်းအတွက် ရန်ပုံငွေလျာထားပြီးဖြစ်သည်ကို ပြန်ကြားလာပါကြောင်း။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက တံတားတည်ဆောက်ရန် လုပ်ငန်းအပ်နှံလာပါက ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက တံတားတည်ဆောက်ခြင်းလုပ်ငန်းများကိုစတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကနဦးအနေဖြင့် တံတားပုံစံထုတ်လုပ်ခြင်းကို ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

သာပေါင်းကားကြီးကွင်း ယာဉ်ရပ်နားစခန်း (ထွန်စက်ကုန်း) မြေနေရာသည် နိုင်ငံတော်ပိုင်မြေ (State Land)အဖြစ် သတ်မှတ်ထားသောကြောင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်ပိုင်မြေမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေအဖြစ် အသုံးပြုခွင့်ရရှိရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ မော်တော်ယာဉ်ရပ်နားစခန်း တည်ဆောက်နိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

တိုက်ကြီးမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၏ **တိုက်ကြီးမြို့နယ်အတွင်းရှိ ဖလုံ-မြိုင်ဟောဝန်လမ်းမကြီး၏ ကျန်လမ်းပိုင်း ၁၀/၃ မိုင်ကို ကွန်ကရစ်လမ်းခင်းပေးပါရန်နှင့် ခင်းပြီး ၂/၁ မိုင်ကို ချဲ့ပေးရန် အစီအစဉ်ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က တိုက်ကြီးမြို့နယ်အတွင်းရှိဖလုံ-မြိုင်ဟောဝန်လမ်းသည် ရန်ကုန်-ပြည်လမ်းမှစတင်ပြီး ခရိုင်ချင်းဆက်လမ်း အမှတ်(၁)ကိုဖြတ်သန်းကာ ဖလုံ-မြိုင်ဟောဝန်ဆင်စခန်းကို ဆက်သွယ်ထားသော လမ်းအရှည် ၁၂ မိုင် ၄ ဖာလုံရှိသည့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသော လမ်းဖြစ်ပါကြောင်း၊ လက်ရှိလမ်းအခြေအနေမှာ ၁၂ ပေအကျယ် ကွန်ကရစ်လမ်း ၂ မိုင် ၁ ဖာလုံ၊ ကွန်ကရစ်ဘီးလမ်း ၅ မိုင် ၂ ဖာလုံနှင့် မြေလမ်း ၅ မိုင် ၁ ဖာလုံဖြစ်ပြီး စုစုပေါင်း ၁၂ မိုင် ၄ ဖာလုံဖြစ်ပါကြောင်း။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် အဆိုပါလမ်းပေါ်တွင် အရှည်ပေ ၂၀ သံကူကွန်ကရစ်တံတား တစ်စင်း တည်ဆောက်ရန် လျာထားပြီးဖြစ်ပါကြောင်း၊ အဆိုပါလမ်းနှင့်စပ်လျဉ်း၍ ပထမအဆင့်အနေဖြင့် မြေသားလမ်း ၅ မိုင် ၁ ဖာလုံအနက် ၁ မိုင် ၁ ဖာလုံကို ကျောက်ခင်းလမ်းအဖြစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်ရှိမြေသားလမ်းပိုင်းများကို နှစ်အလိုက် ဆက်လက်လျာထားပေးသွားမည်ဖြစ်ပါကြောင်း။

အဆိုပါလမ်းပိုင်းမှ ကွန်ကရစ်ဘီးလမ်း ၅ မိုင် ၂ ဖာလုံအနက် လေးဖာလုံကို ကွန်ကရစ်လမ်းအဖြစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် (ဖြည့်စွက်)ရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်ရှိလမ်းပိုင်းများကိုလည်း နှစ်အလိုက် ဆက်လက်လျာထားပေးသွားမည်ဖြစ်ပါကြောင်း။

လက်ရှိ ၁၂ ပေအကျယ် ကွန်ကရစ်လမ်း ၂ မိုင် ၁ ဖာလုံကို ၁၆ ပေထိ လမ်းကိုချဲ့ပေးရန် အစီအစဉ်ရှိ မရှိနှင့်စပ်လျဉ်း၍ မြေသားလမ်းမှ ကျောက်ခင်းလမ်းအဆင့်နှင့် ကျောက်ခင်းလမ်းအဆင့်မှ ကွန်ကရစ်လမ်းအဆင့်သို့ မြှင့်တင်ရန် လုပ်ငန်းစဉ်အလိုက် ဆောင်ရွက်ရမည်ဖြစ်ပါသဖြင့် ကွန်ကရစ်လမ်းအကျယ်ချဲ့ခြင်းလုပ်ငန်းကို လတ်တလောတွင် ဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်း ဖြေကြားသည်။

ရပ်စောက်မဲဆန္ဒနယ်မှ ဒေါက်တာပွင့်ဆန်း၏ **ရွှေညောင်-ရပ်စောက်-အင်တော-ကျောက်ကူ-နောင်ချိုလမ်း ဆင်တဲတံတားနှင့် ပစောက်ကွေ့တံတားတို့ကို လမ်းအကျယ် ၂၈ ပေ၊ တံတားခံနိုင်ဝန်တန် ၆၀ RCC တံတားများအဖြစ် တည်ဆောက်ရန် အစီအစဉ်ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က အဆိုပါလမ်းပေါ်ရှိ မိုင်တိုင်(၁၀/၄ နှင့် ၁၀/၅)ကြားတွင် ဆင်တဲတံတား(၁၀၀ ပေ x ၁၃ ပေ) ဘေလီတံတား တစ်စင်းနှင့် မိုင်တိုင် (၃၁/၆ နှင့် ၃၁/၇)ကြားတွင် ပစောက်ကွေ့ ဘေလီတံတား (၅၀ ပေ x ၁၃ ပေ) တံတားတစ်စင်း စုစုပေါင်းဘေလီတံတား နှစ်စင်းရှိပါကြောင်း၊ အဆိုပါတံတားများမှာ တံတားသက်တမ်းကြာမြင့်ပြီးဖြစ်၍ တံတားများခံနိုင်ဝန် ၁၃ တန် ခွင့်ပြုထားပြီး တံတားကြံ့ခိုင်မှုကောင်းမွန်စေရန် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို B.O.T ကုမ္ပဏီက နှစ်စဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ရက်လျှင် ပျမ်းမျှယာဉ်စီးရေ(AADT)မှာ အစီး ၄၆၀ ခန့်ဖြစ်ပါကြောင်း။

B.O.T ကုမ္ပဏီက ဆင်တဲတံတားအသစ် အရှည်ပေ ၁၀၀ နှစ်လမ်းသွား သံကူကွန်ကရစ်တံတားကို တံတားဟောင်း၏ ညာဘက်ခြမ်းတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှစတင်၍ တည်ဆောက်သွားမည်ဖြစ်ပြီး ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် တံတားတစ်စင်းလုံးပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပစောက်ကွေ့တံတားကို နှစ်လမ်းသွားသံကူကွန်ကရစ်တံတား တည်ဆောက်နိုင်ရန်အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် မြေပြင်ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများကို B.O.T ကုမ္ပဏီက ကနဦးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပစောက်ကွေ့တံတားအသစ်တည်ဆောက်ခြင်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လုပ်ငန်းများစတင်ဆောင်ရွက်ပြီး ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး၏ **အစိုးရအငှားအိမ်ရာများ တည်ဆောက်ပေးရန် အစီအစဉ်ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မြို့ပြနေပြည်သူများအတွက် သင့်လျော်ကောင်းမွန်သော အိမ်ရာများကို ဆောက်လုပ်ဖြည့်ဆည်းပေးရန် ရည်မှန်းချက်ထားရှိ၍ ဝင်ငွေနည်းပြည်သူများအတွက် ပြည်သူ့အငှားအိမ်ရာများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့အငှားအိမ်ရာများကို အိမ်ရာလိုအပ်ချက် များပြားသည့်ဒေသများတွင် ဦးစားပေးဆောင်ရွက်ပေးလျက်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ပြည်သူ့အငှားအိမ်ရာများ ဆက်လက်အကောင်အထည်ဖော်သွားရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း ဒေသခံပြည်သူများ၏ အိမ်ရာလိုအပ်ချက်စစ်တမ်းများကောက်ယူ၍ လိုအပ်ချက်ရှိသောဒေသများတွင် မြေနေရာရရှိမှုနှင့် ဘဏ္ဍာငွေခွဲဝေလျာထားပေးမှုအပေါ်မူတည်၍ ပြည်သူ့အငှားအိမ်ရာများကို ထပ်မံဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

နန်းယွန်းမဲဆန္ဒနယ်မှ ဦးယောအေးလှ၏ **နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆင်သေ(ခန္တီး)-လဟယ်-နန်းယွန်း NH-(၄၈)လမ်းပိုင်းမှ လဟယ်-နန်းယွန်းကြား အလွန်မတ်စောက်သည့် လမ်းကွေ့နေရာများကိုပြုပြင်ရန် ကျွမ်းကျင်ကွင်းဆင်းအဖွဲ့ စေလွှတ်ပေးရန် အစီအစဉ်ရှိ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆင်သေ(ခန္တီး)-လဟယ်-နန်းယွန်းNH-(၄၈)လမ်းပိုင်းသည် လဟယ်-ရောင်ကွန်-ဒုံဟီး-နန်းယွန်းလမ်းဖြစ်ပြီး မိုင် ၀/၀ မှ ၁၀၄/၁ ထိ ၁၀၄ မိုင် ၁ ဖာလုံရှည်လျား၍ တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ ယခင် နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း။

လက်ရှိလမ်းအခြေအနေမှာ ၁၈ ပေအကျယ် ကွန်ကရစ်လမ်း ၂ မိုင် ၃ ဖာလုံ၊ ၁၄ ပေအကျယ် ကျောက်လမ်း ၉၈ မိုင် ၄ ဖာလုံနှင့် ၃၄ ပေအကျယ် မြေလမ်း ၃ မိုင် ၂ ဖာလုံ စုစုပေါင်း ၁၀၄ မိုင် ၁ ဖာလုံဖြစ်ပါကြောင်း၊ လဟယ်-ရောင်ကွန် -ဒုံဟီး-နန်းယွန်းလမ်းပိုင်း၏ မူလလမ်းအူကြောင်းရှိ အတက်၊ အဆင်း အလွန်မတ်စောက်သည့် လမ်းကွေ့နေရာများဖြစ်သော (Point 1)မှ (Point 9)ထိ စုစုပေါင်း ကိုးနေရာကို လမ်းလွှဲဖောက်လုပ်ခြင်း၊ လမ်းချဲ့ခြင်းနှင့် Grade ချခြင်းများ လိုအပ်သလိုဆောင်ရွက်နိုင်ရန် လမ်းဦးစီးဌာနမှ ကျွမ်းကျင်ကွင်းဆင်းတိုင်းတာရေးအဖွဲ့များ စေလွှတ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းရယ်မဲဆန္ဒနယ်မှ စိုင်းအောင်ညွန့်၏ **မိုင်းရယ်မြို့နယ် မန်ပုံရွာမှ နမ့်လောင်းတံတားလမ်းကို ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က အဆိုပါလမ်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ကို ဆက်သွယ်ထားသည့် လားရှိုး(မယ်ဟန်)-မိုင်းရယ်-ကျေးသီးလမ်း၏ လမ်းပိုင်းဖြစ်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ၇၁ မိုင် အရှည်ရှိ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းအပိုင်းတွင် မန်ပုံရွာအနီး မိုင်တိုင် ၅၅ မိုင် ၄ ဖာလုံမှ နမ့်လောင်းတံတား မိုင်တိုင် ၇၁ မိုင် ၀ ဖာလုံထိ ၁၅ မိုင် ၄ ဖာလုံအရှည်ရှိပြီး လက်ရှိလမ်းအခြေအနေမှာ ၁၂ ပေအကျယ် ကတ္တရာလမ်း ၁၀ မိုင် ၅ ဖာလုံနှင့် ၁၂ ပေအကျယ် ကျောက်ခင်းလမ်း ၄ မိုင် ၇ ဖာလုံဖြစ်ပါကြောင်း။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ၁၂ ပေအကျယ်မှ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခင်းခြင်း ၁ မိုင် ၆ ဖာလုံ၊ မူလကျောက်ခင်းလမ်းကို ၁၂ ပေအကျယ် ကတ္တရာလမ်းသစ်ခင်းခြင်း နှစ်ဖာလုံ လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏ ၁၂ ပေအကျယ်မှ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခင်းရန် ကျန်ရှိသည့် ၁၃ မိုင် ၆ ဖာလုံကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစတင်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မာန်အောင်မဲဆန္ဒနယ်မှ ဦးကျော်သန်း၏ **မာန်အောင်မြို့မှ တောင်နီ ခေါ် မြေနီတောင်ထိ ကွန်ကရစ်လမ်းခင်းပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မာန်အောင်မြို့နယ် မာန်အောင်မြို့မှ တောင်နီ ခေါ် မြေနီတောင်ထိ (၁၂/၀) မိုင် ကျောက်ချောလမ်းသည် မာန်အောင်-ငပုန်ကုန်း-မိမ္မကြွယ်လမ်းဖြစ်ပြီး မာန်အောင်မြို့မှ တောင်နီတောင်ကိုဖြတ်သန်း၍ မိမ္မကြွယ်ကျေးရွာသို့ ဆက်သွယ်ထားသောလမ်းအရှည် ၁၄ မိုင် ၅ ဖာလုံရှိသည့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်းဖြစ်ပြီး လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း သုံးဖာလုံ၊ ကျောက်လမ်း ၁၁ မိုင် ၄ ဖာလုံနှင့် မြေသားလမ်း ၂ မိုင် ၆ ဖာလုံဖြစ်၍ စုစုပေါင်းအရှည် ၁၄ မိုင် ၅ ဖာလုံဖြစ်ပါကြောင်း။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ပျက်စီးမှုများနေသော လမ်းအပိုင်း ၁ မိုင် ၂ ဖာလုံကိုဖြန့်းကျောက်စရစ်ခင်း၍ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါလမ်းနှင့်စပ်လျဉ်း၍ မြေသားလမ်း တစ်မိုင်ကို ကျောက်ခင်းလမ်းအဖြစ်နှင့် ကျောက်လမ်း သုံးဖာလုံကို ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်နိုင်ရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေလျာထားသွားမည်ဖြစ်ပြီး ကျန်ရှိမြေသားလမ်းကို ကျောက်ခင်းလမ်းအဖြစ်နှင့် ကျောက်လမ်းများကို ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်နိုင်ရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ နှစ်အလိုက် ရန်ပုံငွေတွင် လျာထားပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် လွှတ်တော်၏ ပထမပုံမှန်အစည်းအဝေးကာလတွင် အစိုးရသစ်မဖွဲ့စည်းရသေးသည့်အတွက် အမေး၊ အဖြေကဏ္ဍများ မရှိသေးဘဲ လွှတ်တော်များဖွဲ့စည်းခြင်း၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ ရွေးကောက်ခြင်း၊ အမြဲတမ်းကော်မတီ(Standing Committee) လေးခု ဖွဲ့စည်းခြင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်အတွက် ဒုတိယသမ္မတများနှင့် နိုင်ငံတော်သမ္မတကို ရွေးချယ်ခြင်း စသည့်လုပ်ငန်းများကိုသာ ဆောင်ရွက်ခဲ့ရပါကြောင်း၊ ထို့နောက် ၂၀၂၆ ခုနှစ် ဇွန် ၂ ရက်တွင် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို ပြန်လည်စတင်ခဲ့ပါကြောင်း၊ ထိုကာလမှစပြီး လွှတ်တော်၏ လုပ်ငန်းစဉ်များကို ကဏ္ဍစုံမှစပြီး မိမိတို့ တက်ညီလက်ညီဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ ယနေ့ထိ မိမိတို့၏ အမှန်အလုပ်လုပ်ရက် ၃၉ ရက်မျှသာရှိသေးပြီး ဆောင်ရွက်ခဲ့သည့်ကိစ္စရပ်ရပ်ကို ပြန်လည်သုံးသပ်ကြည့်ရမည်ဖြစ်ပါကြောင်း။

ပထမဦးစွာ ဥပဒေပြုရေးကဏ္ဍဆောင်ရွက်ချက်ကို ပြောကြားလိုပါကြောင်း၊ မိမိတို့နိုင်ငံတွင် မြန်မာဘာသာဖြင့်ဖော်ပြသည့် တည်ဆဲဥပဒေ ၃၀၁ ခုရှိပြီး အင်္ဂလိပ်ဘာသာဖြင့်ဖော်ပြသည့် ဥပဒေ ၁၁၈ ခုရှိပါကြောင်း၊ ထိုဥပဒေများကို ခေတ်ကာလအခြေအနေများနှင့်လျော်ညီအောင် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း လိုအပ်ပါက ဖျက်သိမ်းခြင်း၊ လိုအပ်သည့် ဥပဒေသစ်ရေးဆွဲခြင်း စသည့်လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှိရင်းစွဲဥပဒေများကို ရုပ်သိမ်းခြင်းလုပ်ငန်းများတွင် ပြီးစီးမှုကို လက်ဆုပ်လက်ကိုင်မပြနိုင်သေးသော်လည်း ယခုကာလအတွင်း ဖြည့်စွက်ပြင်ဆင်သည့်အပိုင်းတွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းများကို ကော်မတီများတွင် စတင်ဆွေးနွေးနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ဥပဒေသစ်အဖြစ် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးပြီးဖြစ်ပြီး ဥပဒေအဖြစ် ပေါ်ထွက်လာတော့မည်ဖြစ်ပါကြောင်း။

မိမိတို့တွင် အမြဲတမ်းကော်မတီက လေးခု Ad Hoc ကော်မတီ သို့မဟုတ် Select Committee ဟုခေါ်သည့် ကော်မတီ ၁၈ ခု စုစုပေါင်းကော်မတီ ၂၂ ခု ဖွဲ့စည်းပြီး ဥပဒေပြင်ဆင်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများ၊ ပြင်ပပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဥပဒေသစ်ရေးဆွဲရန်စီမံခြင်းလုပ်ငန်းစဉ်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

လုပ်ဆောင်နေဆဲလုပ်ငန်းစဉ်တစ်ခုမှာ ပြည်သူ့အသံနှင့် ပြည်သူ့ဆန္ဒများကို ကိုယ်စားပြုနိုင်ရေးအတွက် လွှတ်တော်ထဲတွင် မေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်း စသည်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို ၃၂ ရက်တာကာလအတွင်းတွင် ကြယ်ပွင့်ပြမေးခွန်းပေါင်း ၂၈၆ ခု၊ ကြယ်ပွင့်မပြမေးခွန်းပေါင်း ၄၃၆ ခုဖြစ်၍ စုစုပေါင်းမေးခွန်း ၇၂၂ ခုကို ကိုယ်စားလှယ်ဦးရေ ၁၆၀ က မေးမြန်းနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်ကို တိုက်တွန်းကြောင်းအဆိုများနှင့် အကြံပြုအဆိုစုစုပေါင်း သုံးခုကိုလည်း တင်သွင်းခဲ့ပါကြောင်း၊ မေးခွန်းပေါင်း ၇၂၂ ခုတွင် ကတိကဝတ်အဖြစ် ၃၃၀၊ မှတ်တမ်းတင်အဖြစ် ၁၆၃ ခုရှိခဲ့ပါကြောင်း၊ အဆိုသုံးခုတင်သွင်းခဲ့ပြီး အတည်ပြု တစ်ခု၊ မှတ်တမ်းတင်နှစ်ခုရရှိခဲ့ပါကြောင်း၊ မေးခွန်းများကို ကဏ္ဍအလိုက်ခွဲကြည့်မည်ဆိုလျှင် စီးပွားရေးကဏ္ဍ ၁၁၁ ခု၊ လူမှုရေးကဏ္ဍ ၁၁ ခု၊ **စာမျက်နှာ ၂၄ သို့**

**စာမျက်နှာ ၂၃ မှအဆက်**

ပညာရေးကဏ္ဍ ၇၈ ခု၊ ကျန်းမာရေးကဏ္ဍ ၄၂ ခု၊ အုပ်ချုပ်ရေးကဏ္ဍ ၄၅ ခု၊ စီမံခန့်ခွဲရေးကဏ္ဍ ၅၈ ခု၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးကဏ္ဍ ၁၄၈ ခု၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းကဏ္ဍ ၆၉ ခု၊ လျှပ်စစ်၊ စွမ်းအင်၊ သတ္တု၊ သစ်တောကဏ္ဍ ၆၂ ခု၊ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ ခုနစ်ခု၊ စက်မှုလက်မှုကဏ္ဍ လေးခု၊ တရားစီရင်ရေးကဏ္ဍ သုံးခု၊ ကာကွယ်ရေးကဏ္ဍ နှစ်ခုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ကဏ္ဍ ၈၂ ခုတို့ဖြစ်ပါကြောင်း၊ မေးခွန်းများကို အပိုင်းနှစ်ပိုင်းခွဲကြည့်လျှင် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ မေးမြန်းသည့်မေးခွန်းများနှင့် နိုင်ငံနှင့် ပြည်သူတစ်ရပ်လုံး၏ လိုအပ်ချက်ကို မေးသည့် မေးခွန်းများ နှစ်ပိုင်းခွဲ၍ ရပါကြောင်း။

တစ်ချိန်ထဲတွင် လွှတ်တော်နှင့် ပြည်သူပိုမိုနီးကပ်စွာထိတွေ့နိုင်ရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အောက်တွင် ပထမဦးစွာ မီဒီယာလုပ်ငန်းစဉ်ကစပြီးပြောကြားလိုပါကြောင်း၊ မိမိတို့တွင် မူလကတည်းက လွှတ်တော် Website တစ်ခုကို ၁၆-၃-၂၀၂၆ ရက်ကစ၍ ဆောင်ရွက်ထားပြီး ယနေ့ထိ ဝင်ရောက်ကြည့်ရှုသူ ၁၄၆၉၆၁ ဦးရှိပါကြောင်း၊ ပြည်သူ့လွှတ်တော် Youtube Channel ကို ၁၆-၃-၂၀၂၆ ရက်ကစတင်ဖွင့်လှစ်ထားပြီး Subscribers ၉၆၅၉ ဦးရှိပါကြောင်း၊ လက်ရှိ Social Media ကဏ္ဍကို ထပ်ဆောင်းလုပ်ငန်းအဖြစ် TikTok Platform တစ်ခုကို ၁၉-၆-၂၀၂၆ ရက်ကစတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ Tik Tok Account အမည်က Civic Echo (ပြည်သူ့ထံမှပဲ့တင်သံ) ဟုခေါ်ပါကြောင်း၊ တစ်မိနစ်၊ နှစ်မိနစ် အချိန်တိုလေးအတွင်း လွှတ်တော်၏ဆောင်ရွက်ချက်များကို သိအောင် နေ့စဉ်မေးမြန်း၊ ဖြေကြားချက်များကို စာတန်းထိုးစနစ်နှင့် အတိုချုပ်ဖော်ပြလျက်ရှိပါကြောင်း၊ ယနေ့ထိ Like ဦးရေ ၁၀၃၀၀ နှင့် Follower ၁၄၉၄ ဦး ရရှိပြီးဖြစ်ပါကြောင်း။

နောက်ထပ် မီဒီယာအားဖြင့်လုပ်ငန်းများအနေဖြင့် မိမိတို့လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးအဖွဲ့သည် နံနက်တိုင်းတွင် နှစ်ဦးစီ အလှည့်ကျစနစ်ဖြင့် တစ်ရက်တာ လွှတ်တော်အစီအစဉ်တင်ပြခြင်းနှင့် ပြီးခဲ့သည့်နေ့က ဆောင်ရွက်ခဲ့သည့် လွှတ်တော်အမေး၊ အဖြေအတိုချုပ်များကိုသတ်မှတ်ပေးထားသည့်မီဒီယာ ကော်နာ၌ သတင်းထောက်များကို တွေ့ဆုံရှင်းလင်းခြင်းများကို စဉ်ဆက်မပြတ်ပြုလုပ်လျက်ရှိပါကြောင်း။

အလားတူ လွှတ်တော်အစည်းအဝေး တက်နေကြသည့် ကိုယ်စားလှယ်များနှင့် တွေ့ဆုံမေးမြန်းခြင်း၊ လွှတ်တော်ကော်မတီအသီးသီး၏ လှုပ်ရှားဆောင်ရွက်မှုများကို မှတ်တမ်းတင်ခြင်း၊ လွှတ်တော်အဖွဲ့ဝင်များနှင့် တွေ့ဆုံမေးမြန်းခြင်းများကိုလည်း နေ့စဉ်လူမှုကွန်ရက်ပေါ် ပျံ့နှံ့ရောက်ရှိနေအောင် ဆောင်ရွက်လျက်လူထုနှင့်ထိတွေ့စေခဲ့ပါကြောင်း၊ ထို့ပြင် လွှတ်တော်နှင့် ပြည်သူ ကျယ်ပြန့်စွာထိတွေ့စေသည့် လုပ်ငန်းစဉ်တစ်ခုသည် လွှတ်တော်လေ့လာရေးအစီအစဉ်ကို ကျယ်ကျယ်ပြန့်ပြန့် ခွင့်ပြုပေးခြင်းဖြစ်ပါကြောင်း၊ ရောက်လာသမျှ ဧည့်သည်များကို ရုံးတာဝန်ခံ တစ်ဦးက Power Point နှင့် လွှတ်တော်အကြောင်း ရှင်းလင်းခြင်း၊ လိုက်လံပြသခြင်းများ ပြုလုပ်ပါကြောင်း၊ လေ့လာရေးပြီးဆုံးတိုင်းတွင် မိမိကိုယ်တိုင် ဧည့်သည်တိုင်းကို အချိန်ယူတွေ့ဆုံပြီး လွှတ်တော်လုပ်ငန်းစဉ်များကို ထပ်ဆင့်ရှင်းလင်းခြင်းနှင့် သိလိုသမျှ မေးမြန်းခြင်းများ ဖြေကြားခြင်းကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ထိ အလွှာစုံ၊ နယ်ပယ်စုံက ၁၆၈၁ ဦး လာရောက်လေ့လာပြီးဖြစ်ပါကြောင်း။

ထို့ပြင် ပြည်သူကို ကိုယ်စားပြုခြင်းအပိုင်းအနေဖြင့် လွှတ်တော်၏ နိုင်ငံသားများ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးကော်မတီကို ပြည်သူများ၏ မူလအခွင့်အရေးနစ်နာချက်များအပေါ် အခြေပြုပြီး ယနေ့ထိ တိုင်ကြားစာပေါင်း ၁၅၁ စောင်ပေးပို့ခဲ့ပြီး တိုင်ကြားစာ ၁၂၂ စောင်ကို ဖြေရှင်းပေးနိုင်ခဲ့ပြီး ၂၉ စောင်ကို သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း၊ လွှတ်တော်၏ နိုင်ငံတကာဆက်ဆံရေးကဏ္ဍ တိုးမြှင့်ဆောင်ရွက်ခြင်းအနေဖြင့် အာဆီယံနိုင်ငံများ လွှတ်တော်များအဖွဲ့ (ASEAN Inter Parliamentary Assembly – AIPA)နှင့် နိုင်ငံတကာလွှတ်တော်များအဖွဲ့ (Inter Parliamentary Union–IPU) အဖွဲ့ချုပ်တို့နှင့် တိုက်ရိုက်ဆက်သွယ်ခြင်း၊ AIPA အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းဆီသို့လည်း စာရေးဆက်သွယ်ခြင်းများ ပြုလုပ်ခဲ့ပါကြောင်း၊ တုံ့ပြန်မှု တိုးတက်မှုရှိကြောင်း အသိပေးလိုပါကြောင်း၊ မိမိတို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦးသည် ဩဂုတ် ၁၉ ရက်မှ ၂၇ ရက်ထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပမည့် AIPA အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးကို စတင်တက်ရောက်ရမည်ဖြစ်ပါကြောင်း၊ အလားတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံတွင်ကျင်းပမည့် AIPA အစည်းအဝေးများကို တက်ရောက်မည်ဖြစ်ပါကြောင်း၊ အိန္ဒိယနိုင်ငံကိုလည်း ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ ၃၀ တို့က ၁-၉-၂၀၂၆ ရက်မှ ၁၀-၉-၂၀၂၆ ရက်ထိ စွမ်းဆောင်ရည်မြှင့်သင်တန်း တက်ရောက်မည်ဖြစ်ပါကြောင်း။

ဖြတ်သန်းခဲ့သည့် အတိတ်ကာလများကိုပြန်လည်သုံးသပ်ကြည့်လျှင် မေးမြန်းသည့်မေးခွန်းများသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အများစုဖြစ်ကြောင်း တွေ့ရပါကြောင်း၊ နောင်တွင် ဒေသဆိုင်ရာ၊ နိုင်ငံလုံးဆိုင်ရာ ပြည်သူများ အမှန်တကယ်လိုလားတောင့်တနေသည့် လိုအင်ဆန္ဒများကို ပုံဖော်ပေးနိုင်မည့် မေးခွန်း၊ အဆိုများကိုလည်း ပိုမိုဝင်လာအောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း၊ မေးခွန်းများမေးမြန်းရာတွင် အဓိပ္ပာယ်ပြည့်ဝထိရောက်သော ကျစ်လျစ်သည့် အသုံးအနှုန်းများနှင့် နိုင်ငံတော်အဆင့်မီ သတ်မှတ်အချိန်ကာလအတွင်း အံဝင်ခွင်ကျဖြစ်အောင် ကြိုတင်ပြင်ဆင်လေ့ကျင့်ထားရမည်ဖြစ်ကြောင်း၊ ဆက်လက်ဆောင်ရွက်သွားမည့် အနာဂတ်အစီအမံကို အသိပေးလိုပါကြောင်း၊ မိမိတို့လွှတ်တော်ကဏ္ဍမြင့်မားတိုးတက်ရေးမဟာဗျူဟာ ငါးနှစ်စီမံကိန်းကို မူကြမ်းရေးဆွဲထားရှိပြီးဖြစ်ပါကြောင်း၊ ပထမ အချက်အနေဖြင့် နှစ်စဉ် အနည်းဆုံး ခေတ်မီဥပဒေအသစ်များကို ရေးဆွဲနိုင်ရန် ဆောင်ရွက်သွားမည်၊ လက်ရှိဥပဒေများကို လိုအပ်ပါက ပြင်ဆင်ဖြည့်စွက်ခြင်းကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လက်ရှိတွင် အင်္ဂလိပ်ဘာသာဖြင့် ရေးဆွဲထားသောဥပဒေ ၁၁၈ ခုရှိပြီး ၅၄ ခုသာ မြန်မာဘာသာပြန်ဆိုပြီးဖြစ်သည့်အတွက် တစ်နှစ်လျှင် ဥပဒေသုံးခုနှုန်းကို မြန်မာဘာသာပြန်ဆိုပြီး အသုံးမလိုသော ကိုလိုနီခေတ်ဥပဒေများကို ပယ်ဖျက်ရုပ်သိမ်းခြင်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဥပဒေပြုရာတွင် Public Hearing (ပြည်သူ့ပါဝင်ကြားနာမှု)ကို အထူးအလေးထားဆောင်ရွက်လိုပါကြောင်း၊ နိုင်ငံတကာစံချိန်စံညွှန်းကိုလည်း လေ့လာပြီး လိုအပ်ချိန်အသုံးချနိုင်ရန် စီမံသွားရမည်ဖြစ်ပါကြောင်း။

ဒုတိယအချက်အနေဖြင့် ပြည်သူများအတွက် လွတ်လပ်ပွင့်လင်းသောပါလီမန် (Open Parliament)၊ သရုပ်ပြလွှတ်တော် (Mock Parliament)၊ Onlineကနေတိုင်ကြားနိုင်မည့်စနစ်၊ Online Petition System နှင့် သက်တမ်းကာလပြီးမြောက်ချိန်တွင် နှုတ်ဆက်တွေ့ဆုံကြမည့် လွှတ်တော်ည (Parliament Night) စသည်များကိုလည်း နိုင်ငံတကာတွင် ဆောင်ရွက်နေသည့်အတိုင်း တစ်ဆင့်ချင်းပြုလုပ်သွားလိုပါကြောင်း၊ လွှတ်တော်ထဲတွင်ရှိနေသည့် နိုင်ငံရေးပါတီများအားလုံးကိုလည်း ရနိုင်သမျှ သီးခြားရုံးခန်းငယ်များဖြစ်နိုင်အောင် ကြိုးပမ်းလျက်ရှိပါကြောင်း၊ နောက်ဆုံး E-Parliament စနစ်ကိုပါ တစ်ဆင့်ချင်းဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

တတိယအချက်အနေဖြင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတွင် ထိတွေ့ဆက်ဆံသင့်သည့်နိုင်ငံများနှင့်ထိတွေ့ဆက်ဆံပြီး Parliament Friend-ship Group များ ဖွဲ့စည်းရေးအတွက် သက်ဆိုင်ရာသံရုံးများနှင့် ထိတွေ့ဆက်ဆံခြင်း၊ သက်ဆိုင်ရာနိုင်ငံပါလီမန်များနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံခြင်းကိုလည်း အရှိန်အဟုန်မြှင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုခေါင်းစဉ်အောက်တွင် လေ့လာရေးနှင့်သင်တန်းများစီစဉ်ခြင်း၊ အတွေ့အကြုံအမြင်ချင်းဖလှယ်ခြင်းနှင့် ဥပဒေရေးရာဆွေးနွေးခြင်းများ စသည်များကို ခေါင်းစဉ်အလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရ၏ခွင့်ပြုချက်ဖြင့် ပြည်သူ့အကျိုးထိရောက်စွာ ညှိနှိုင်းသယ်ပိုးဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာနများက လုပ်ငန်းတာဝန်များကို လာရောက်ရှင်းလင်းသည့် လုပ်ငန်းစဉ်များကိုလည်း စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မကြာမီတွင် မိမိတို့လွှတ်တော် ခေတ္တရပ်နားတော့မည်ဖြစ်ပါကြောင်း၊ လွှတ်တော် ခေတ္တရပ်နားသောအချိန်တွင် မိမိကိုမဲပေးရွေးချယ်ခဲ့ကြသည့် မဲဆန္ဒနယ်မြေအတွင်း ပြည်သူများကို ကွင်းဆင်းတွေ့ဆုံပြီး လွှတ်တော်အတွေ့အကြုံရှင်းလင်းခြင်းများ၊ ဒေသခံပြည်သူများ၏ လိုအပ်ချက်၊ ဖြစ်လိုသည့်ဆန္ဒများ၊ အသံများကို ထပ်မံနားထောင်ပြီး လွှတ်တော်ဆီကို ပြန်လည်သယ်ဆောင်ကိုယ်စားပြုမှုကို ပုံဖော်ပေးကြရမည်ဖြစ်သည့်အတွက် ပီပီပြင်ပြင်ဆောင်ရွက်ခဲ့ကြရန် မှာကြားလိုပါကြောင်း။

ယခုခန်းမကြီးထဲတွင်ရှိနေကြသည့် မိမိတို့အားလုံးသည် မြန်မာနိုင်ငံတစ်နံတစ်လျားက မတူကွဲပြားခြားနားသော နယ်မြေအသီးသီးက ရွေးချယ်တင်မြှောက်ခံခဲ့ကြရသည့်သူများဖြစ်သော်လည်း တူညီသောတာဝန်တစ်ခုကို ထမ်းဆောင်နေကြရခြင်းဖြစ်ပါကြောင်း၊ ထိုတာဝန်သည် ပြည်သူ့အသံကို နားထောင်ခြင်းနှင့် ပြည်သူ့ဆန္ဒကိုအလေးထားပြီး ပြည်သူ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် နိုင်ငံတော်၏ လုံခြုံရေးနှင့် အေးချမ်းသာယာသောအနာဂတ်ကို ဥပဒေများဖြင့် ကာကွယ်တည်ဆောက်ပေးခြင်းသာဖြစ်ပါကြောင်း၊ ပြည်သူများက မိမိတို့ကိုအငြင်းပွားရန် ရွေးချယ်ခဲ့ကြခြင်းမဟုတ်ဘဲ အခက်အခဲပြဿနာများကို ဦးဆောင်ဖြေရှင်းပေးနိုင်သည့် စွမ်းအားရှိသောကြောင့် ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်ကို နားလည်ကြရန်လိုပါကြောင်း။

မိမိတို့၏လွှတ်တော်ကြီးသည် အုတ်များ၊ ကျောက်များ မြန်မာ့လက်မှုပညာများဖြင့် မွမ်းမံပြီး ခမ်းနားထည်ဝါစွာ တည်ဆောက်ထားခြင်းထက် ပြည်သူလူထု၏ ယုံကြည်အားကိုးမှု ဝိညာဉ်များဖြင့် တည်ဆောက်ထားသည်ဟု ပြောရမည်ဖြစ်ပါကြောင်း၊ ယခုနေရာသည် ဒီမိုကရေစီ၏ နှလုံးခုန်သံဖြစ်ပါကြောင်း၊ ယခုနေရာကနေ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒများကို မည်သို့ထုဆစ်ပုံဖော်ပေးရမည်ဆိုသည်ကို အမြဲထာဝရနှလုံးသွင်းထားရမည့်နေရာတစ်ခုဟု သုံးသပ်ရမည်ဖြစ်ပါကြောင်း။

မိမိပြောကြားချက်များကို ပညာ၊ အသိ၊ သတိနှင့်ယှဉ်ပြီး ကိုယ်ပိုင်အတွေ့အကြုံများ ပေါင်းစပ်၍ သမားရိုးကျလမ်းကြောင်းက ခွဲထွက်ပြီး ထူးခြားအောင်မြင်အောင် တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ပေးကြရန် အလေးအနက်ထားတိုက်တွန်းလိုပါကြောင်း၊ လွှတ်တော်ပြင်ပတွင်လည်း လူပုဂ္ဂိုလ်လုံခြုံရေး၊ ကျန်းမာရေး၊ မတော်တဆဖြစ်စဉ်များကအစ အထူးဂရုစိုက်ပြီး မကြာမီ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ယခုခန်းမကြီး၏ အရိပ်အာဝါသအောက်တွင် ပျော်ရွှင်စွာ ပြန်လည်ဆုံတွေ့ကြပါစို့ဟု ဆန္ဒပြုလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၂ ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် တတိယအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

# ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် ကာလလျှော့ပေါ့ခွင့်ပြုသူများ**

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီး

**နေပြည်တော် ဇူလိုင် ၃၀**

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၂၁၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၃ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးမြလင်း၏ **ရန်ကုန်-ရခိုင် ကမ်းရိုးတန်းပတ် သင်္ဘောခရီးစဉ်များ ပြေးဆွဲပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးထွန်းလူက ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် ကမ်းရိုးတန်းသွား ကမ်းထိုးကုန်တင်ရေယာဉ် တစ်စီးဖြင့် ရန်ကုန်-ကော့သောင်း-ရနောင်း ခရီးလမ်းတွင် လက်ရှိပြေးဆွဲပေးလျက်ရှိပြီး လတ်တလောတွင် ရန်ကုန်-ရခိုင် ခရီးစဉ်ပြေးဆွဲရန် ကမ်းရိုးတန်းသွားကုန်တင်ရေယာဉ်မရှိသေးပါသဖြင့် ပြေးဆွဲပေးနိုင်ခြင်းမရှိသေးပါကြောင်း၊ ကမ်းရိုးတန်းသွားကုန်တင်ရေယာဉ်များရရှိရေးအတွက် အစီအစဉ်များဆောင်ရွက်ထားပြီးဖြစ်ပါသဖြင့် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ကမ်းရိုးတန်းသွားကုန်တင်ရေယာဉ်များဝယ်ယူခြင်းနှင့် တည်ဆောက်ခြင်းများဆောင်ရွက်ပြီး လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်၍ ရန်ကုန်-ရခိုင် ကမ်းရိုးတန်းပတ်သင်္ဘောခရီးစဉ်များ ပြေးဆွဲပေးသွားမည်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကလည်း လုံခြုံရေးအခြေအနေအရ လတ်တလောဆောင်ရွက်ပေးနိုင်ရန် ကန့်သတ်ချက်များရှိနေသေးပါကြောင်းနှင့် ကျန်းမာရေး၊ စီးပွားရေးအခက်အခဲရှိသူများကိုစိစစ်၍ ကုန်စည်ပို့ဆောင်သည့် ကမ်းရိုးတန်းသွားရေယာဉ်များဖြင့်လိုက်ပါနိုင်ရန် စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

သို့ပါ၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် လတ်တလောတွင် ကမ်းရိုးတန်းသွားကုန်တင်ရေယာဉ်များ ဝယ်ယူခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်လျက်ရှိပြီး ပို့ဆောင်ရေးဝန်ကြီးဌာနမှ လေကြောင်းလိုင်းများပုံမှန်ပျံသန်းပြေးဆွဲနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ပြည်သူလူထုခရီးသွားလာမှု အဆင်ပြေစေရေးအတွက် Public Transportation ကိစ္စကို နိုင်ငံတော်က အထူးအလေးထားမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဦးစိန်ရွှေမင်း၏ **မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် စကုဘက်ခြမ်းရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ပင်စင်စား ဦးရေ ၁၀၀၀ ကျော်သည် စကုမြို့နှင့် ၁၀ မိုင်ဝေးသော မင်းဘူးမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲသို့ သွားရောက်ပင်စင်ထုတ်ယူရာတွင် အခက်အခဲများရှိနေပါသဖြင့် လစဉ်ပင်စင်ထုတ်ပေးခြင်းကို စကုမြို့ရှိ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ယာယီရုံးခန်းဖွင့်လှစ်ထုတ်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်သန်းသန်းလင်းက မင်းဘူးခရိုင် မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် စကုမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ယာယီရုံးခန်းဖွင့်လှစ်၍ အငြိမ်းစားလစာထုတ်ပေးနိုင်ရန်အတွက် မင်းဘူးခရိုင် မြန်မာ့စီးပွားရေးဘဏ်၌ ဝန်ထမ်းဖွဲ့စည်းပုံအရ စကုမြို့သို့နေ့စဉ် အငြိမ်းစားလစာသွားရောက်ထုတ်ပေးရန် ဝန်ထမ်းအင်အားလိုအပ်ခြင်း၊ မင်းဘူးမြို့မှစကုမြို့သို့ အငြိမ်းစားလစာထုတ်ပေးရန်အတွက် နေ့စဉ်အသွားအပြန် ငွေကြေးသယ်ယူပို့ဆောင်ရာတွင် လုံလောက်သောလုံခြုံရေးအစောင့်အရှောက်လိုအပ်ခြင်း၊ ငွေသယ်ယူပို့ဆောင်ရန်အတွက် မော်တော်ယာဉ်လိုအပ်ခြင်း၊ စကုမြို့၌ အငြိမ်းစားလစာထုတ်ပေးရန်အတွက် သယ်ယူလာသော ငွေကြေးများကို ခေတ္တယာယီထိန်းသိမ်းသိုလှောင်ထားရှိရန်ဘဏ္ဍာခန်းလိုအပ်ခြင်းတို့ကြောင့် စကုမြို့ရှိ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ လစဉ်အငြိမ်းစားလစာထုတ်ပေးနိုင်ရန်အတွက် စက်ပစ္စည်းများနှင့် ရုံးသုံးပရိဘောဂများလိုအပ်ခြင်းတို့ကြောင့် ယခုအခြေအနေအရ စကုမြို့ရှိမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ယာယီရုံးခန်းဖွင့်လှစ်၍ အငြိမ်းစားလစာထုတ်ပေးနိုင်ရန်အတွက် အခက်အခဲနှင့် လိုအပ်ချက်များရှိပါကြောင်း။




သို့ပါ၍ စကုမြို့ရှိ အငြိမ်းစားများကို လစဉ်အငြိမ်းစားလစာထုတ်ပေးခြင်းကို ငွေသား၊ စာရင်းပြောင်း၊ ငွေလွှဲနှင့် မိုဘိုင်းငွေပေးချေမှု နည်းလမ်းများဖြင့် မင်းဘူးခရိုင် မြန်မာ့စီးပွားရေးဘဏ်ခွဲကဆောင်ရွက်ပေးလျက်ရှိပါသဖြင့် စကုမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ယာယီရုံးခန်းဖွင့်လှစ်ထုတ်ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၉) ဦးစိုးမင်းစမ်း၏ **မိသားစုပင်စင်လစာကိုထုတ်ယူလျက်ရှိသော အသက် ၇၀ နှစ်နှင့်အထက် အမယ်အိုများအတွက် အမျိုးသမီးများ၏ ဂုဏ်သိက္ခာနှင့် အသက်အရွယ်ကို ထောက်ထားငဲ့ညှာသောအားဖြင့် ၎င်းအမယ်အိုများ ပင်စင်လစာထုတ်ယူရာတွင် နောက်အိမ်ထောင်မပြုကြောင်း ထောက်ခံချက်လိုအပ်နေမှုကို ပယ်ဖျက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က မိသားစုပင်စင်အကျိုးခံစားခွင့်နှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ(စ)၊ မိသားစုပင်စင်ဆက်လက်ခံစားခွင့်မရှိစေခြင်းနှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၄၉ ပြဋ္ဌာန်းထားချက်များအရ မိသားစုပင်စင်ထုတ်ယူနေသည့် ကွယ်လွန်သူအငြိမ်းစား၏ ခင်ပွန်း၊ ဇနီးထံမှ နောက်အိမ်ထောင်မပြုသေးကြောင်း ကိုယ်တိုင်ခံဝန်ချက်နှင့်သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်တို့ကို ခြောက်လလျှင် တစ်ကြိမ်နှင့် မိသားစုပင်စင်ထုတ်ယူနေသည့် မိသားစုဝင်ထံမှ အိမ်ထောင်မပြုသေးကြောင်း သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်တို့ကို ခြောက်လလျှင် တစ်ကြိမ် တောင်းခံစိစစ်ခြင်းတို့ကို ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ စိစစ်ရာတွင်လည်း အသက်အရွယ်(ကျား/မ) သတ်မှတ်ချက်မရှိ မိသားစုပင်စင်ခံစားခွင့်ရရှိသူအားလုံးကို တောင်းခံစိစစ်ခြင်းဖြစ်ပါကြောင်း။

အငြိမ်းစားများ၏လစဉ်ပင်စင်နှင့်ဆုငွေ၊ အခါအားလျော်စွာခွင့်ပြုသည့်စရိတ်ကြေးငွေ စသည့်ပင်စင်အသုံးစရိတ်များကို နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲခြင်းဖြစ်ရာ နိုင်ငံဘဏ္ဍာငွေဖြင့် သုံးစွဲငွေများမှန်ကန်မှုရှိစေရန် သတ်မှတ်ချက်နှင့်အညီ စိစစ်ရခြင်းဖြစ်ပါကြောင်း၊ အာဆီယံနိုင်ငံအချို့တွင်လည်း အငြိမ်းစားကွယ်လွန်ပြီးနောက် အိမ်ထောင်စုဝင်များသို့ မိသားစုအကျိုးခံစားခွင့်ပေးရာတွင် နောက်အိမ်ထောင်မပြုကြောင်း ကြေညာချက်ကို သက်ဆိုင်ရာကျေးရွာအုပ်ချုပ်သူ သို့မဟုတ် အစိုးရအရာထမ်း တစ်ဦးဦး သို့မဟုတ် ဘဏ်မန်နေဂျာ၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးစေပြီး ခြောက်လလျှင် တစ်ကြိမ် သို့မဟုတ် တစ်နှစ်လျှင် တစ်ကြိမ် ပေးပို့ရပါကြောင်း၊ အချို့သော အာဆီယံနိုင်ငံများတွင် စာရင်းအင်းဆိုင်ရာ အာဏာပိုင်အဖွဲ့မှတိုက်ရိုက်ရယူခြင်း၊ အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ပြည်သူ့ဝန်ထမ်းရေးရာဦးစီးဌာနတို့နှင့် တိုက်ရိုက်ချိတ်ဆက်ရယူသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

သို့ဖြစ်ပါ၍ မိသားစုပင်စင်ခံစားရရှိနေသူများအား နောက်အိမ်ထောင်မပြုကြောင်း ထောက်ခံချက်ကို တည်ဆဲဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ကျား၊ မ အသက်အရွယ် သတ်မှတ်ချက်မရှိ စိစစ်တောင်းခံခြင်းဖြစ်ပါကြောင်းနှင့် ထိုသို့ဆောင်ရွက်ခြင်းသည် မိသားစုပင်စင်ခံစားခွင့်ရရှိသူဦးရေမှန်ကန်စေမှုကို အထောက်အထားဖြစ်စေပြီး နိုင်ငံဘဏ္ဍာလေလွင့်ဆုံးရှုံးမှုမရှိအောင် ထိန်းသိမ်းဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ရခိုင်ပြည်နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးသန်းထွန်းက အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးဇင်မင်းထက်က အဆိုပါဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏အဆုံးအဖြတ်ရယူအတည်ပြုသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်ဇော်က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန်အဆိုတင်သွင်းရာ ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၅) ဦးထိန်းလင်းက ထောက်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းကို အတည်ပြုရန်လွှတ်တော်၏ သဘောထားရယူရာ သဘောတူသဖြင့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်းကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဦးစိုးကြည်က တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းပြီး ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၇) ဦးဇင်မင်းထက်က အဆိုပါဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုပေးပါရန် အဆိုတင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းကိုအတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောတူသဖြင့် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်းကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ယနေ့သည် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နောက်ဆုံးနေ့ဖြစ်ပါကြောင်း၊ ပထမအပိုင်းအနေဖြင့် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ကျင်းပခဲ့သည့် ၂၀၂၆ ခုနှစ် ဇွန် ၂ ရက်မှ ဇူလိုင် ၃၀ရက် ယနေ့ထိ အစည်းအဝေးကျင်းပရက် ၂၃ ရက်အတွင်း အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသွားမည်ဖြစ်ပါကြောင်း။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ ပေးပို့လာသည့် ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ၊ ထိုင်းနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ၊ ဂျပန်-မြန်မာ ပါလီမန် ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ၊ ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအသင်းဥက္ကဋ္ဌနှင့် ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအသင်း ညွှန်ကြားရေးမှူးတို့ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို လွှတ်တော်သို့တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

ကော်မတီများ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇ နှင့်

**စာမျက်နှာ ၂၆ သို့**

# ဖလမ်းမြို့တွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများနှင့် ဖလမ်းမြို့ပေါ်ရပ်ကွက် ရှစ်ရပ်ကွက်မှ ဒေသခံပြည်သူများကို ဆန် ၄၃၃ အိတ်နှင့် စားသုံးဆီ ၉၇၈ ပိဿာ ထောက်ပံ့ပေးအပ်




**နေပြည်တော် ဇူလိုင် ၂၀**

ဖလမ်းမြို့တွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများနှင့် ဖလမ်းမြို့ပေါ်ရပ်ကွက်များဖြစ်သည့် ဖါရ်ထောက်၊ ကျင်မွာလ်၊ တလန်လို၊ ဗလိုင်၊ လိုင်ဇိုး၊ လိုင်လွှန်၊ လုံပီးနှင့် ဇာလိုင် စသည့်ရပ်ကွက် ရှစ်ရပ်ကွက်မှ ဒေသခံပြည်သူများကို အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် ဆန် ၄၃၃ အိတ်နှင့် စားသုံးဆီ ၉၇၈ ပိဿာကို ယနေ့ နံနက်ပိုင်းတွင် ဖလမ်းမြို့ မြို့တော်ခန်းမ၌ ထောက်ပံ့ပေးအပ်သည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦး တက်ရောက်၍ ထောက်ပံ့ပစ္စည်းများကို ဒေသခံပြည်သူများသို့ပေးအပ်ပြီး ဖလမ်းမြို့ ယာယီပြည်သူ့ဆေးရုံ ပြင်ပလူနာဌာနသို့ လာရောက်ပြသသည့် လူနာများကို ဆေးဝါးကုသစောင့်ရှောက်ပေး နေမှုများနှင့် ဖလမ်းမြို့ ဗလိုင်ရပ်ကွက် စည်ပင်သာယာဈေး၌ သား၊ ငါး၊ သီးနှံနှင့် ဟင်းသီးဟင်းရွက်များရောင်းချနေမှုကို လှည့်လည်ကြည့်ရှုပြီး ဈေးဝယ်ယူသူပြည်သူများကို ဆန်များ အခမဲ့ဖြန့်ဝေပေးအပ်သည်။

ဖလမ်းမြို့ ယာယီပြည်သူ့ဆေးရုံသည် ဖါရ်ထောက်ရပ်ကွက်ရှိ မြို့နယ်ခန်းမ၌ ၂၀၂၆ ခုနှစ် မေ ၁၁ ရက်မှစ၍ ဆရာဝန်နှစ်ဦး၊ ကျန်းမာရေးဝန်ထမ်း ၈၂ ဦးတို့ဖြင့် ယာယီဆေးရုံဖွင့်လှစ်လျက်ရှိပြီး ယနေ့ထိ ကုသပေးပြီး လူနာဦးရေ ၁၇၅၀ ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

❍ **အသိပေးကြေညာခြင်းမှ**

အခကြေးငွေကိုသာ သတ်မှတ်ပေးသည့် Account သို့ Online မှတစ်ဆင့် ငွေပေးသွင်းရမည်ဖြစ်သည်။

◆ သို့ဖြစ်ပါ၍ မီတာတပ်ဆင်လိုသူ မိဘပြည်သူများအနေဖြင့် www.moee.gov.mm သို့ဝင်ရောက်၍ လျှောက်ထားနိုင်ပါကြောင်းနှင့် ယင်းသို့လျှောက်ထားရာတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်ကိုက်ညီပါက အမြန်ဆုံးမီတာတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

---

■ **အသိပေးထုတ်ပြန်ခြင်းမှ**

(ဂ) ယာဉ်ပိုင်ရှင်၏မှတ်ပုံတင်မိတ္တူ(Colour)၊
(ဃ) ယာဉ်ပိုင်ရှင်၏နေရပ်လိပ်စာ (မြို့နယ်၊တိုင်းဒေသကြီး၊ ပြည်နယ်) နှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊
(င) မိမိပိုင်ယာဉ်နံပါတ်ဖြင့် အခြားဆိုင်များတွင် စက်သုံးဆီဝယ်ယူခဲ့မှု အထောက်အထား (ရက်စွဲ၊ အချိန်၊ ဆိုင်အမည်စသည်)

၂။ ယင်းအချက်အလက်များနှင့် လျှောက်ထားလာပါက တိုင်းဒေသကြီး၊ ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများမှ စိစစ်တင်ပြမှုဆောင်ရွက်ပြီးနောက် QR Code အသစ်ထုတ်ပေးမည်ဖြစ်ပါသည်။

၃။ QR Code အသစ်ထုတ်ပေးပြီးနောက် အဆိုပါယာဉ်အတွက် မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်တွင်ပါရှိသည့် Barcode သို့မဟုတ် အရောင်းဆိုင်က ထုတ်ပေးခဲ့သည့် QR Code ဖြင့် စက်သုံးဆီဝယ်ယူခွင့်ရရှိမည်မဟုတ်ဘဲ အသစ်ထုတ်ပေးသည့် QR Code ဖြင့်သာ စက်သုံးဆီဝယ်ယူခွင့်ရရှိမည်ဖြစ်ပါသည်။

၄။ ယာဉ်ပိုင်ရှင်အနေဖြင့် အသစ်ထပ်မံထုတ်ယူသော QR Code ပျက်စီးပျောက်ဆုံးမှုမရှိစေရေး တာဝန်ယူထိန်းသိမ်းထားရှိရန် လိုအပ်မည်ဖြစ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

---

**စာမျက်နှာ ၂၅ မှအဆက်**

၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ၁၀၇ တို့အရ ရေးရာကော်မတီ ၁၆ ခုကို လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးစီနှင့် လွှတ်တော်သို့တင်ပြပြီး အတည်ပြုချက်ရယူခြင်းနှင့် ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကာလအတွင်း နိုင်ငံတကာနှင့် ဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးကို ရှေးရှုပြီး အမျိုးသားလွှတ်တော်နှင့် ရုရှား၊ ဘယ်လာရုစ်၊ ကာဇက်စတန်၊ လာအို၊ တရုတ်၊ အိန္ဒိယ၊ ထိုင်းလွှတ်တော်များနှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း ခုနစ်သင်းကိုလည်း ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း။

မေးခွန်းများ မေးမြန်းခြင်းကဏ္ဍတွင် လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်း ၉၃ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၁၃၁ ခုတို့ကို မေးမြန်းခဲ့ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်းများအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက သက်ဆိုင်ရာဝန်ကြီးဌာနတစ်ခုချင်းအနေဖြင့်လည်းကောင်း၊ ဝန်ကြီးဌာနအချင်းချင်း ပေါင်းစပ်၍လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍လည်းကောင်း လွှတ်တော်တွင် နှုတ်ဖြင့်ဖြေကြားခြင်း၊ စာဖြင့်ပေးပို့ဖြေကြားခြင်းတို့ကို အများပြည်သူတို့၏ အကျိုးငှာ ဆောင်ရွက်ခဲ့ပါကြောင်း။

အဆိုတင်သွင်းခြင်းကဏ္ဍတွင် အဆိုငါးခုကို ဆွေးနွေးခဲ့ပြီး အဆိုနှစ်ခုကိုအတည်ပြုခြင်း၊ အဆိုနှစ်ခုကို မှတ်တမ်းတင်ခြင်းနှင့် အဆိုတစ်ခုကို တတိယပုံမှန်အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း သုံးခုကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးခဲ့ပါကြောင်း။

ဒုတိယပိုင်းအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စများကို မှာကြားသွားမည်ဖြစ်ပါကြောင်း၊ လွှတ်တော်၏ လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုပါက ''မေးခွန်းမေးမြန်းခြင်း''သည် လွှတ်တော်၏ အရေးပါသည့် လုပ်ငန်းစဉ်များဖြစ်သည်မှာ မှန်သော်လည်း လွှတ်တော်လုပ်ငန်း၏ တစ်စိတ်တစ်ပိုင်းသာဖြစ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်အစည်းအဝေး၏ ပထမတစ်နာရီကို မေးခွန်းမေးမြန်းရန် သတ်မှတ်ထားခြင်းဖြစ်ပါကြောင်း၊ လွှတ်တော်၏ အဓိကအကျဆုံးနှင့် အခြေခံအကျဆုံးလုပ်ငန်းတာဝန်ကြီးသည် ''ဥပဒေပြုရေးလုပ်ငန်း(Legislative Function)'' ပင်ဖြစ်ပါကြောင်း၊ ဥပဒေဆိုသည်မှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အသက်သွေးကြောသဖွယ်အရေးကြီးသောကြောင့် မိမိတို့အနေဖြင့် ဥပဒေပြုရေးကဏ္ဍကို ပိုမိုအားစိုက်ခိုင်မာအောင် တည်ဆောက်ကြရမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များ လေ့လာနိုင်ရန်အတွက် ဝန်ကြီးဌာနအလိုက် ပြဋ္ဌာန်းထားသည့် ဥပဒေများအားလုံးနီးပါးကို သက်ဆိုင်ရာ လွှတ်တော်ကော်မတီများအလိုက် Soft Copy၊ Hard Copy များ ဖြန့်ဝေပေးထားပါကြောင်း၊ ကော်မတီများအနေဖြင့် မိမိတို့နှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနအလိုက် စီမံခန့်ခွဲသည့်ဥပဒေများကို ကော်မတီတွင် တစ်ဦးချင်းတာဝန်ခွဲပြီး လေ့လာကြရန်ဖြစ်ပါကြောင်း။

ပြည်သူများအပေါ် သက်ဆိုင်ရာဥပဒေများ၏ သက်ရောက်မှုများနှင့်ပတ်သက်သည့် ပြည်သူ့အသံများနှင့်အခက်အခဲများကို နားထောင်ရန်လည်း လိုအပ်ပါကြောင်း။

တစ်ဖက်တွင်လည်း အကောင်အထည်ဖော်လုပ်ငန်းဆောင်ရွက်ရသည့် အုပ်ချုပ်ရေးပိုင်းမှ ဝန်ထမ်းများ၏အခက်အခဲများကို နားထောင်ရန်လည်း လိုအပ်ပါကြောင်း။

ဥပဒေပြင်ဆင်ခြင်းနှင့်စပ်လျဉ်း၍ အချို့ဌာနများတွင်လည်း ပြင်ဆင်သင့်သည့် ဥပဒေများရှိနေသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပြင်ဆင်ရန် ကျန်ရှိနေသည့် ဥပဒေများရှိနိုင်ပါကြောင်း။

ယင်းကိစ္စများကို ကော်မတီအလိုက် ကော်မတီဝင်များ ခွဲဝေလေ့လာခဲ့ကြမည်ဆိုပါက တတိယပုံမှန်အစည်းအဝေးစတင်သည့် နောက်ပိုင်းဥပဒေပြုရေးအတွက် အထောက်အကူများစွာရရှိမည်ဖြစ်ပါကြောင်း၊ ကော်မတီဝင်များလေ့လာခဲ့သည့် ဥပဒေများကိုစုစည်းပြီး ပြင်ဆင်သင့်၊ ရုပ်သိမ်းသင့်၊ မူလအတိုင်းထားသင့်၊ အသစ်ပြဋ္ဌာန်းသင့် စသည်ဖြင့် ခေါင်းစဉ်အလိုက်စုစည်းပြီး ဦးစားပေးအလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကော်မတီများအနေဖြင့် မိမိတို့နှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနအလိုက် စီမံခန့်ခွဲသည့်ဥပဒေများကို ကော်မတီဝင်များ တာဝန်ခွဲပြီး လေ့လာခဲ့ကြရန် တိုက်တွန်းလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး လွှတ်တော်ရပ်နားစဉ်ကာလအတွင်း မိမိတို့၏ မိသားစုများနှင့်အတူ ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာကြပါစေကြောင်း၊ မိမိတို့၏ မဲဆန္ဒနယ်မြေများရှိ ပြည်သူလူထုနှင့်ထိတွေ့ကာ ဥပဒေပြုရေးတာဝန်များကို ခေတ်နှင့်အညီ အောင်မြင်စွာ ဖော်ဆောင်နိုင်ကြပါစေကြောင်း၊ ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်နိုင်ရေးအတွက် စေတနာထားကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် တတိယအကြိမ် အမျိုးသားလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးကျင်းပပြီးစီးကြောင်း ကြေညာခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**အမျိုးသား လွှတ်တော် ရုပ်သံဖိုင် ကြည့်ရန်**

---

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျ မွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီ ပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှုအမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**




တပ်မတော်စစ်ကြောင်းများက ကလေး-တမူး ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးကာ စစ်စခန်းအဖြစ်အသုံးပြု၍ အခြေချင်ရောက်နေထိုင်ခဲ့သည့် ကျေးရွာများကို ထပ်မံထိန်းချုပ်မှုပြမြေပုံ။



တပ်မတော်စစ်ကြောင်းများက ကလေး-တမူး ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ စစ်စခန်းအဖြစ်အသုံးပြုထားသည့် ဝိတုတ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက ကလေး-တမူး ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ စစ်စခန်းအဖြစ်အသုံးပြုထားသည့် ဝိတုတ်ကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



ကလေး-တမူး ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ ကျေးရွာများတွင် အကြမ်းဖက်သောင်းကျန်းသူများက စစ်စခန်းအဖြစ် အသုံးပြုထားမှုကို တွေ့ရစဉ်။







တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသော လမ်းလျှောက်စကားပြောစက်များ၊ ခဲယမ်းဗုံးသီးများ၊ လက်လုပ်မိုင်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

❖ **သိမ်းပိုက်ရရှိမှု**

အဆိုပါ ကလေး-တမူး လမ်းကြောင်းတစ်လျှောက်ကို ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ရေးအတွက် တပ်မတော်စစ်ကြောင်းများသည် စနစ်တကျစုဖွဲ့ပြင်ဆင်ပြီး ဇွန် ၇ ရက်မှစ၍ စစ်ကြောင်းများခွဲကာ ဟန်ချက်ညီညီဖြင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို နေ့မအား ညမအား သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ကလေးမြို့ဘက်မှ ချီတက်လာသော တပ်မတော်စစ်ကြောင်းသည် လမ်းကြောင်းတစ်လျှောက်ရှိ မြို့ရွာများကို အဆင့်ဆင့်ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ရာ ဇူလိုင် ၂၈ ရက်တွင် ဘုတ်ကန်စံပြကျေးရွာထိကို လည်းကောင်း၊ တမူးမြို့ဘက်မှ ချီတက်လာသော တပ်မတော်စစ်ကြောင်းသည် ရန်လင်းဖိုင်ကျေးရွာထိကိုလည်းကောင်း ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများသည် လမ်းကြောင်းတစ်လျှောက်ရှိ မြို့ရွာများကို အဆင့်ဆင့်ပြန်လည်သိမ်းပိုက်ရရှိလာမှုနှင့်အတူ အောင်မြေချဲ့ထွင်ခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် တမူးမြို့ဘက်မှ ချီတက်လာသော တပ်မတော်စစ်ကြောင်းသည် ဝိတုတ်ကျေးရွာ၊ တီးတိန်ယံကျေးရွာ၊ ရန်တိုင်းအောင်ကျေးရွာနှင့် ပတ်ဝန်းကျင်တစ်ဝိုက်ကိုလည်းကောင်း၊ ကလေးမြို့ဘက်မှချီတက်လာသော တပ်မတော်စစ်ကြောင်းသည် တွိဘန်ကျေးရွာကိုလည်းကောင်း ထပ်မံသိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများထံမှ ဗုံးသီးများ၊ခဲယမ်းများ၊ လက်လုပ်မိုင်းများနှင့် ဆက်စပ်ပစ္စည်းများသိမ်းပိုက်ရရှိကာ အကြမ်းဖက်သောင်းကျန်းသူများသည် ထိခိုက်သေဆုံးမှုများစွာဖြင့် ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် ကျေးရွာများအတွင်း ယာယီစိုးမိုး အခြေပြုနေထိုင်ခဲ့စဉ်ကာလအတွင်း ဒေသခံပြည်သူများကို လက်နက်အားကိုးဖြင့် အနိုင်ကျင့်ဗိုလ်ကျ၍ ဆက်ကြေးကောက်ခြင်းများဆောင်ရွက်ရန်အတွက် လမ်းဘေးဝဲယာများတွင် သဲအိတ်များဖြင့် ဆောက်လုပ်ထားသည့် ဂိတ်တဲများ၊ ဒေသခံပြည်သူများ၏ နေအိမ်များကို အကာအကွယ်ရယူ၍ သဲအိတ်များ၊သစ်လုံးများဖြင့် ခံစစ်စခန်းအဖြစ် အခိုင်အမာဆောက်လုပ်ထားသည့် ပစ်ကျင်းများ၊ ဘန်ကာများ၊ ဆက်သွယ်ရေးမြောင်းများကို သိမ်းပိုက်ရရှိခဲ့သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်ပေးနိုင်ရေးနှင့် ကလေး-တမူး လမ်းကြောင်းကို အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သောနယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများ၏ အောက်တန်းကျစွာ လုပ်ဆောင်ခဲ့မှုများကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့်နေရာများ ပြန်လည်ပြုပြင်တည်ဆောက်ပေးခြင်းနှင့် ဒေသခံများ မိုင်းအန္တရာယ် ကင်းရှင်းရေးအတွက် မိုင်းရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

● **စိတ်ကြွဆေးပြားမှ**

တောင်ငူမြို့နယ် ကံရိုးရွာနေ ကျော်ဝင်းခေါ် မနိုး ၄၀ နှစ် မောင်းနှင်ပြီး တောင်ငူမြို့ (၁၉) ရပ်ကွက်နေ မင်းမင်းဟန် ၅၀ နှစ်၊ တောင်ငူမြို့နယ် ခပေါင်းရွာနေ အောင်ကိုကို ခေါ် အောင်ကို ၃၃ နှစ်၊ ရေတာရှည်မြို့နယ် (၆)ရပ်ကွက်နေ အေးကြိုင် ၄၈ နှစ်နှင့် သာစည်မြို့နယ် ဟင်းခွတ်အိုက်ရွာနေ သန်းဇော် ၅၁ နှစ်တို့လိုက်ပါလာသော TOYOTA IPSUM အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွဆေးပြား ၁၀သိန်း(တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၅ ဘီလီယံ) ဖမ်းဆီးရမိခဲ့သဖြင့် ယင်းဖမ်းမိသူ ငါးဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိကြောင်း သတင်းရရှိသည်။

(ရဲပြန်ကြား)

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည် -

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ်(၅)ပေ၊(၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့** မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၇)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည် -

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ်(၅)ပေ၊(၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ (သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၇)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသား / အမျိုးသမီး)ဗိုလ်လောင်းများခေါ်ယူခြင်း

၁။ လျှောက်ထားသူသည် -

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ်(၅)ပေ၊(၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်သူများလည်း လျှောက်ထားနိုင်သည်။)

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၇)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ နှင့် ဓာတုဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**








## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ လက်ပံဇင်ကျေးရွာအုပ်စု၊ ဆင်ရွာမြင်းမူးကျေးရွာ၊ ကွင်းအမှတ်-(၆၂၇)၊ ဦးပိုင်အမှတ်-(N/1)၊ မြေအမျိုးအစား Ky-2၊ ဧရိယာ (၀.၅၀)ဧက အကျယ်အဝန်းရှိ ဦးတင်ကြည်အမည်ပေါက် လုပ်ပိုင်ခွင့်ရမြေဖြစ်ပြီး ဦးတင်ကြည် ကွယ်လွန်ပြီးနောက် ဦးဝင်းသိန်းမှ မြေခွန်ပြေစာတွင် မြေလုပ်ကိုင်သူအမည်ပေါက်ပြောင်းပြီး လက်ရှိဆောင်ရွက်လျက်ရှိသော မြေကွက်အား ဒေါ်စိန်ဌေး (ဘ) ဦးသက် (၉/အမရ(နိုင်)၀၅၅၇၇၉)နှင့် ဦးဝင်းသိန်း (ဘ) ဦးတင်ကြည်(၉/အမရ(နိုင်)၀၉၆၈၂၀) ကိုင်ဆောင်သူတို့ထံမှ ဦးမင်းရွှေ (ဘ) ဦးဖုန်းရင်အန်(၉/မနမ(နိုင်)၁၁၈၂၄၄)မှ ဝယ်ယူရန် သဘောတူခဲ့ပြီးနောက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေအား ရောင်းချခြင်းကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမှုရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းရွှေ(၉/မနမ(နိုင်)၁၁၈၂၄၄)**
**09-792022778**

## မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့
## မန္တလေး
## ပြာသာဒ်တော်ဘုံခုနစ်ဆင့် ရွှေချလုပ်ငန်း တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ မဟာမုနိဘုရားကြီး သီတင်းသုံးစံပယ်တော်မူရာ ပြာသာဒ်တော်ဘုံခုနစ်ဆင့် ကျောင်းတော်ကြီးအား သစ္စေးသုတ်၊ ရွှေချလုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် လုပ်ငန်းတင်ဒါ တင်သွင်းလျှောက်ထားနိုင်ပါသည်-

(က) တင်ဒါတင်သွင်းသူသည် ဗုဒ္ဓဘာသာဝင်ဖြစ်ရမည်။
( ခ ) တင်ဒါတင်သွင်းသူသည် အမှန်တကယ် ရွှေချလုပ်ငန်းလုပ်ကိုင်သူဖြစ်ရမည်။
( ဂ ) ရွှေချလုပ်ငန်းဆောင်ရွက်ခဲ့သည့် မှတ်တမ်းအထောက်အထားများ တင်ပြရမည်။
(ဃ) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်(ပိတ်ရက်မရှိ) = ၁-၈-၂၀၂၆
( င ) တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်နေ့ရက်/အချိန် = ၁၀-၈-၂၀၂၆၊ (၁၆:၃၀)နာရီ
( စ ) တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်နေ့ရက်/အချိန် = ၁၂-၈-၂၀၂၆၊ (၁၆:၃၀)နာရီ
(ဆ) တင်ဒါလျှောက်လွှာ (၁)စောင်ဈေးနှုန်း = ကျပ် (၅၀,၀၀၀)

၂။ တင်ဒါပုံစံဝယ်ယူခြင်းကို တင်သွင်းမည့်သူကိုယ်တိုင် မှတ်ပုံတင်မူရင်းနှင့်တကွ မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ရုံး၊ အခွန်ဘဏ္ဍာဌာနတွင် ဝယ်ယူ/တင်သွင်းရန်နှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၉-၇၉၇၃၂၈၂၈၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မဟာမုနိဘုရားကြီးဂေါပကအဖွဲ့**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ အထက(ခွဲ)တလင်းကြီးကျောင်း၊ Grade-8 တွင် ပညာသင်ကြားနေသော (ဘ) ဦးမောင်လင်း (မိခင်) ဒေါ်တင်စန်းတို့၏သမီး မအက်စတာလင်းအား အိမ်ထောင်စုလူဦးရေစာရင်းအရ **မအေးသဒ္ဒါလင်း**ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မအေးသဒ္ဒါလင်း**

## အမည်မှန်

မြင်းမူမြို့၊ ကျန်စစ်သားရပ်၊ အထက(၂)၊ Grade-10 တွင် ပညာသင်ကြားနေသော (ဘ) ဦးနေမျိုးအောင်၏ သမီး မနေခြည်မိုးပွင့်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မထူးမြတ်ခင်** ဖြစ်ပါကြောင်း။

**မထူးမြတ်ခင်**

## ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ ကျပ်ပြင်ကျေးရွာအုပ်စု၊ ကျပ်ပြင်ဈေး (၁၆) ရပ်ကွက်နေ မေဇင်ယု (ဘ) ဦးဘိုးတုတ်(၉/မကန(နိုင်)၁၆၈၃၈၈)၏ နိုင်ငံကူးလက်မှတ် အမှတ်(MI-361889)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-7893229283**

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ၅ လမ်း တတိယအဖြတ်၊ အိမ်အမှတ်(၆၇၆)နေ ဆန်းဝင်းဘို (ဘ) ဦးကျော်လွင်(၅/မကန(နိုင်)၀၈၉၁၁၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-969114866**

## ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်၊ အမှတ်(၅) ရပ်ကွက်နေ နန်းမြအုံး (ဘ) ဦးခမ်းလူး(၁၃/တယန(နိုင်)၀၀၀၁၆၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-693229366**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ သုတနန်းကိုယ်ပိုင်အလယ်တန်းကျောင်း၊ Grade-3 မှ မသုမြတ်နန္ဒာ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးအောင်ခန့်ကျော်** ဖြစ်ပါကြောင်း။

**ဦးအောင်ခန့်ကျော်(၉/အမရ(နိုင်)၁၄၇၁၁၃)**

## မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းမြန်မာကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-6 တွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်ကျော်စွာထွန်း၏သား မောင်မြင့်မြတ်ကိုကို၏ မွေးသက္ကရာဇ်အမှန်မှာ မွေးဖွားစာရင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်းအရ (၃၀-၇-၂၀၁၅) ဖြစ်ပါကြောင်း။ **မောင်မြင့်မြတ်ကိုကို၊ (၃၀-၇-၂၀၁၅)**

## အမည်ပြောင်း

စစ်ကိုင်းမြို့၊ လှေ့ကျင့်ရေး အလယ်တန်းကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်မြင့် (၅/စကန(နိုင်)၁၇၆၆၁၉)၏သမီး မမြမြတ်ချယ်အား အိမ်ထောင်စု လူဦးရေစာရင်းအရ **မဖြူစင်လင်း**ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မဖြူစင်လင်း**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၆ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၂၀

၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစုများ၏ တတိယ အကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင် စိုက်ပျိုးပေးသည်။

အဆိုပါအခမ်းအနားသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

## လျှပ်စစ်မီတာအသစ်များကို Website မှ လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာခြင်း

- လျှပ်စစ်ဓာတ်အားသုံးစွဲလိုသော်လည်း မီတာမရှိသေးသည့် မိဘပြည်သူများ အနေဖြင့် အိမ်သုံးအပြင် စီးပွားရေး၊ စက်မှုလုပ်ငန်းများအတွက်ပါ လိုအပ်သည့် လျှပ်စစ်မီတာအသစ်များကို နိုင်ငံတော်အစိုးရထံမှ ငှားရမ်းအသုံးပြုရာတွင် လျင်မြန်စွာရရှိနိုင်ရန်နှင့် တစ်ဆင့်ခံပွဲစားများ၊ ဝန်ထမ်းများ၏ ပါဝင်ပတ်သက်မှုများမှ ကင်းဝေးစေပြီး အချိန်နှင့်စရိတ်စကများ သက်သာစေရန် ရည်ရွယ်၍ ၂၀၂၆ ခုနှစ် ဩဂုတ် ၁၅ ရက်မှစ၍ Website မှတစ်ဆင့် ရုံးချုပ်သို့ လျှောက်ထားနိုင်မည်ဖြစ်ပါသည်။
- လျှပ်စစ်ဓာတ်အားကို စတင်ထုတ်လုပ်သည်မှ ပြည်သူများလက်ဝယ်သို့ ရောက်ရှိလာသည်ထိ နိုင်ငံတော်က မတည်ရင်းနှီးထားရသည့် လျှပ်စစ်ဓာတ်အား ဆိုင်ရာအခြေခံအဆောက်အအုံများကို စဉ်ဆက်မပြတ်မွမ်းမံထိန်းသိမ်းခြင်း၊ တိုးတက်ပြောင်းလဲလာသည့်နည်းပညာများနှင့်အညီ အဆင့်မြှင့်တင်ခြင်းတို့ ပြုလုပ်နိုင်မှသာ ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားကို အရည်အသွေး ပြည့်မီစွာအသုံးပြုနိုင်မည်ဖြစ်ရာ ယင်းသို့ဆောင်ရွက်နိုင်ရန်လိုအပ်သော ထိုက်သင့်သည့် အခကြေးငွေများကိုသာ ပေးသွင်းရမည်ဖြစ်ပါသည်။
- ယင်းသို့ပေးသွင်းရာတွင်လည်း မည်သည့်ငွေကြေးကုန်ကျမှုမှ ထပ်မံမလိုအပ်ဘဲ တရားဝင်သတ်မှတ်ထားသည့်

စာမျက်နှာ ၂၆ ကော်လံ ၄ ❍

## တပ်မတော်စစ်ကြောင်းများက ကလေး- တမူးလမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဝိတုတ်ကျေးရွာ၊ တီးတိန်ယံကျေးရွာ၊ ရန်တိုင်းအောင်ကျေးရွာ၊ တွိဘန်ကျေးရွာတို့ကို ထပ်မံသိမ်းပိုက်ရရှိ

နေပြည်တော် ဇူလိုင် ၂၀

တပ်မတော်စစ်ကြောင်းများအနေဖြင့် ကလေး-တမူးလမ်းကြောင်းအား အမြန်ဆုံး ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ရန် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့်အဆိုပါလမ်းကြောင်းပေါ်ရှိ မြို့ရွာများကို တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter Terrorism Operation)လုပ်ငန်းများ၊ နယ်မြေလုံခြုံရေးလုပ်ငန်းများကို မနေမနား အားသွန်ခွန်စိုက် သက်စွန့်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ

စာမျက်နှာ ၂၇ ကော်လံ ၃ ❖



တပ်မတော်စစ်ကြောင်းများက ကလေး-တမူး ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ စစ်စခန်းအဖြစ် အသုံးပြုထားသည့် တီးတိန်ယံကျေးရွာကို ပြန်လည်သိမ်းပိုက်ရရှိမှုမှတ်တမ်းဓာတ်ပုံ။

## လယ်ဝေးမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွဆေးပြားများဖမ်းဆီးရမိ



ကျော်ဝင်း ခေါ် မနိုး၊ အောင်ကိုကို ခေါ် အောင်ကို၊ မင်းမင်းဟန်၊ အေးကြိုင်၊ သန်းဇော်တို့ကို သိမ်းဆည်းရမိသည့် မော်တော်ယာဉ်၊ စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၂၀

လယ်ဝေးမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွဆေးပြားများဖမ်းဆီးရမိပြီး ဖမ်းဆီးရမိတရားခံ ကျော်ဝင်း ခေါ် မနိုး၊ မင်းမင်းဟန်၊ အောင်ကိုကို ခေါ် အောင်ကို၊ အေးကြိုင်၊ သန်းဇော်တို့ ငါးဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၃ ရက် ညနေ ၃ နာရီခွဲတွင် သတင်းအရ လယ်ဝေးမြို့နယ် ကြာကန်ကျေးရွာအနီးတွင်

စာမျက်နှာ ၂၇ ကော်လံ ၁ ●

## အာဆီယံထုတ်ပြန်ချက် ငါးရပ်နှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်အပေါ် ပြည်သူများ၏ သဘောထားအမြင်

ဆောင်းပါး စာမျက်နှာ - ၈

## ဝေန်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဇူလိုင် ၂၀

ယနေ့နံနက် ၁၀ နာရီခွဲအချိန်တိုင်းထွာချက်အရ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားသည်။